# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၅ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၄၅)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

## အာဆီယံနိုင်ငံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးရလဒ်များကိစ္စ မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နေပြည်တော် ဇွန် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဧပြီ ၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးရလဒ်များကိစ္စ၊ အာဆီယံ အသိုက်အဝန်း ထူထောင်ရေး ကြိုးပမ်းအားထုတ်နေမှုကိစ္စ၊ အာဆီယံကနဦး ဆန်းစစ်လေ့လာရေး အကြံပြုချက်များ အကောင်အထည်ဖော်ရေးကိစ္စ၊ COVID-19 ရောဂါကာကွယ်ဆေး ရရှိရေးအတွက် အာဆီယံအဖွဲ့မှဆောင်ရွက်နေမှု၊ မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များ၊ မတရားအသင်း ကြေညာထားသည့် CRPH၊ NUG တို့နှင့် စပ်လျဉ်း၍

စာမျက်နှာ ၃ ကော်လံ ၁ ✻

**အချပ်ပို ၈ မျက်နှာ ပါရှိ**

၅-၆-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းထားမှုကို ပြန်လည်ဖြေကြားခြင်း**



(စာ-၁၀)

**ပညာသာမက ကိုယ်ကျင့်သီလ (စာရိတ္တ)ကောင်းခြင်းသည်အဓိက**

(စာ-၂၂)

## ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့

ဂေဟစနစ်သည် သက်ရှိသတ္တဝါများနှင့် သက်မဲ့ရုပ်ဝတ္ထုပစ္စည်းများ အချင်းချင်း သဟဇာတဖြစ်လျက် အပြန်အလှန်မှီတည်နေသော သဘာဝစနစ်တစ်ခုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြောက်ဘက်ဆုံးပိုင်းမှ တောင်ဘက်စွန်းပိုင်းအထိ မတူကွဲပြားခြားနားသော ဂေဟစနစ်များသည် အလွန်တန်ဖိုးကြီးမားသော သဘာဝအရင်းအနှီးများပင် ဖြစ်ပါသည်။ ကောင်းမွန်စွာရှင်သန်နေသော ဂေဟစနစ်များမှ လူသားများအတွက်အရေးပါသော သဘာဝအရင်းအမြစ်များကို အမြဲမပြတ် ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ရာသီဥတု၊ ရေနှင့်လေ အရည်အသွေးတို့ကို ထိန်းညှိပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကို လျှော့ချပေးခြင်း စသည်တို့ကိုလည်း အထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာပေါ်ရှိသက်ရှိများ အသက်ရှင်ရပ်တည်ရေးအတွက် ဂေဟစနစ်များမှာ မရှိမဖြစ်လိုအပ်နေသော ကွန်ရက်တစ်ခုဟုပင် ဆိုနိုင်ပါသည်။

တိုးတက်လာသောခေတ်နှင့်အညီ လူသားများက မိမိတို့အား အကျိုးပြုနေသော ဂေဟစနစ်များကို လောဘရမ္မက်ကြောင့် ပုံစံအမျိုးမျိုးဖြင့် ဖျက်ဆီးလာကြပါသည်။ သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့ပြဧရိယာများချဲ့ထွင်ခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေဧရိယာများချဲ့ထွင်ခြင်း၊ ရေသယံဇာတနှင့် မြေသယံဇာတများ ထုတ်ယူသုံးစွဲမှုပိုမိုများပြားလာခြင်း၊ တိုးတက်လာသော မြို့ပြနှင့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများမှ ကာဗွန်ထုတ်လွှတ်မှုများပြားလာခြင်း စသည်တို့သည် ဂေဟစနစ်ကို ပျက်စီးစေသော အကြောင်းရင်းများပင် ဖြစ်ပါသည်။

သဘာဝဂေဟစနစ်များ ပျက်စီးယိုယွင်းလာမှုကြောင့် ယနေ့ကာလတွင် ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်း ပျောက်ဆုံးခြင်း၊ ပိုးမွှားရောဂါကျရောက်မှုများလာခြင်း စသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ယနေ့ လူငယ်များနှင့်အနာဂတ်မျိုးဆက်များ၏ ဆက်လက်အသက်ရှင်ရပ်တည်ရေးမှာ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် လက်ရှိ ယိုယွင်းကျဆင်း နေသည့် သဘာဝဂေဟစနစ်များကို အလျင်အမြန် ပြန်လည်ပြုပြင်နိုင်စွမ်းအပေါ်တွင် တည်မှီနေပါသည်။

ရာသီဥတုပြောင်းလဲမှုဒဏ် တွန်းလှန်တိုက်ဖျက်နိုင်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရေအရင်းအမြစ် ရေရှည် တည်တံ့စေရေးအတွက် ပြုန်းတီးနေသည့် ဂေဟစနစ်များကို ပြန်လည် ပြုပြင်ထိန်းသိမ်းနိုင်ရေးကိုဦးတည်၍ ကမ္ဘာ့ကုလသမဂ္ဂမှ ၂၀၂၁ ခုနှစ်တွင် “၂၀၂၁-၂၀၃၀ အထိ ဂေဟစနစ်ပြန်လည်ကောင်းမွန်ရှင်သန်ရေး” ကုလသမဂ္ဂဆယ်စုနှစ် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

ဂေဟစနစ် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရေအရင်းအမြစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပျောက်ကွယ်နေမှုကို ကာကွယ်ထိန်းသိမ်းရေး စသည်တို့အတွက် အထောက်အကူဖြစ်စေမည့်အပြင် အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဇွန်လ (၅) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် “ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့ (Ecosystem Restoration)” ဟူသော တိုက်တွန်းချက်နှင့်အညီ ကျွန်ုပ်တို့အားလုံး သဘာဝဂေဟစနစ်နှင့် သဟဇာတဖြစ်စွာ နေထိုင်ရေးနှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးမှာ အလွန်အရေးကြီးနေပေပြီဖြစ်သည့်အလျောက် မိမိတို့အားလုံး အတူလက်တွဲ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြန်လည်ပြုပြင်ထိန်းသိမ်းသွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

# (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၄**



(၇၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ၏ ယဉ်ကျေးမှုရတနာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

### ညွှန်ကြားချက်များ လိုက်နာ

အစည်းအဝေးတွင် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုနှစ်ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားကို ယမန်နှစ်ကကဲ့သို့ Coronavirus Disease 2019 (COVID-19) ကူးစက်ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်နိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ယခုနှစ် အာဇာနည်နေ့ မတိုင်မီ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများမှတစ်ဆင့် အာဇာနည်နေ့ဆိုင်ရာ အကြောင်းအရာများကို ကြိုတင်ထုတ်လွှင့်ခြင်း၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချအလေးပြုခြင်း၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တွင် နိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူအလေးပြုခြင်းနှင့် နေပြည်တော်ကောင်စီရုံး၊ ဇမ္ဗူသီရိခန်းမနှင့် ရန်ကုန်မြို့ မြို့တော်ခန်းမတွင် အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ယခုကျင်းပမည့် အခမ်းအနားများ အောင်မြင်အောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြရန် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍(၇၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းတာဝန်အလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လုံခြုံရေးအထူးဂရုပြုရန်နှင့် COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှု မရှိစေရေးအတွက် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်သူများအားလုံး COVID-19 Test စစ်ဆေးမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြား၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ်ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

### ခွဲစိတ်ကုသခြင်း ဆောင်ရွက်

ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

### ကျေးဇူးတင်ဝမ်းမြောက်

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၁ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (စတုတ္ထနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာန တို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း **၁၄၅၂၄** ပါး အနက် **၈၅၂၂** ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၆၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**

# နှစ်စဉ် သဘာဝဘေး အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိ

မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်လေ့ရှိပြီး နှစ်စဉ်သဘာဝဘေး အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု တန်ဖိုး ဘီလီယံနှင့်ချီရှိကြောင်း၊ လက်ရှိ ရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့် မိုးသက်လေပြင်းများ ကျရောက်မည့် အနေအထားများရှိနေကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ဌာနအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ များစွာကျခံသုံးစွဲနေရကြောင်း၊ ထို့အတူ လူ၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*✻ ရှေ့ဖုံးမှ*

အသင်းအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များမှ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် စစ်ဆေးတွေ့ရှိမှုအခြေအနေ၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသွားချိန်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်သွားမည့်အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ အာဆီယံဒုတိယအတွင်းရေးမှူးချုပ် Mr. Garry Ramtee Bin Haji Ibrahim နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒဆိုင်ရာအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၁) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုမူဝါဒများ အဓိကထားဆွေးနွေးနိုင်ရန် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းတို့မှတစ်ဆင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**မူဝါဒအစီအမံများ ချမှတ်**

အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် ဌာနများ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများစသည်တို့ကို အတည်ပြုခဲ့သည်။ ထို့ပြင် ကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုနှင့် ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြပြီး အထောက်အကူပြုနိုင်မည့် မူဝါဒအစီအမံများကို ချမှတ်ခဲ့သည်။

**သတင်းစဉ်**

# ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ အရာခံနှင့် အကြပ်စစ်သည်များ၊ မိသားစုဝင်များအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်



**ဟိုင်းကြီးကျွန်း ဇွန် ၄**

ပမ္မဝတီရေတပ်စခန်းဌာနချုပ်နှင့် လက်အောက်ခံ တပ်/စခန်း/ ရေယာဉ်များမှ အရာရှိ၊ အရာခံနှင့် အကြပ်စစ်သည်များ၊ မိသားစုဝင်များအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေလက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ယနေ့ နံနက် ၁၁ နာရီက ပမ္မဝတီရေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်မှုရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသား စိစစ်ရေးကတ်ပြား စုစုပေါင်း ၉၆ ကတ်အားလွှဲပြောင်းပေးအပ်ခဲ့ပြီး ပမ္မဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး ဗိုလ်မှူးကြီး တက်လွင်ထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၊ အဖွဲ့ခေါင်းဆောင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးသည် နိုင်ငံအတွက် အလွန် အရေးကြီးသော လက်ငင်းလိုအပ်ချက်ဖြစ်ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရအဆက်ဆက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့ကြောင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် စတင်အတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း၊ မူလဥပဒေတွင် အခန်း(၈) ခန်းနှင့် ပုဒ်မ ၂၉ ခုပါဝင်ပြီး၊ အခန်း(၂)၊ ပုဒ်မ ၃တွင် ဥပဒေ၏ အနှစ်သာရရည်ရွယ်ချက် (၅) ရပ်ကို ဖော်ပြပြဋ္ဌာန်းထားကြောင်း၊ ဥပဒေပါ ပုဒ်မခွဲ (က)တွင် အရင်းအနှီးရရှိရေးအတွက်တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေများနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊ ပုဒ်မခွဲ(ခ) တွင် ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ပုဒ်မခွဲ (ဂ)တွင် လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊ ပုဒ်မခွဲ(ဃ) တွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်နှင့် ပုဒ်မခွဲ (င) တွင် သဘာဝဘေး အန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်တို့ ဖော်ပြပါရှိပါကြောင်း။

ထိုကဲ့သို့ ခိုင်ခံ့ကောင်းမွန်သည့် ရည်ရွယ်ချက်(၅)ရပ်အပေါ် ဥပဒေနှင့် ညီညွတ်စွာ ခိုင်မာသည့် နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ခဲ့သည့်အပြင်တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံရန်နှင့် တောင်သူလယ်သမားအဖွဲ့အစည်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ချက် (၂) ရပ်ကို ထပ်မံဖြည့်စွက်ရန် ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ အဆိုပါ ရည်ရွယ်ချက်(၂) ရပ်မှာ ပုဒ်မခွဲ(စ) လယ်ယာမြေ သိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်နှင့် ပုဒ်မခွဲ (ဆ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံစားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံသူနိုင်ငံသားများ အာဟာရပြည့်ဝရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထုတ်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့သည် အဖွဲ့၏ အဓိကရည်မှန်းများ ဖြစ်သည်နှင့်အညီ ဤဥပဒေ၏ အနှစ်သာရရည်ရွယ်ချက်များနှင့် အဓိက ဦးတည်ချက်ဖြစ်သည့် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း။

**❑ ပျိုးထောင်ချိန်တွင် လိုက်နာရမည့် အချက် (၄)ချက်၊ စိုက်ပျိုးချိန်တွင် လိုက်နာရမည့် အချက်(၂)ချက်၊ ကောက်ကွက်ပြည့်မီရေးအတွက် လိုက်နာရမည့်အချက် (၃)ချက်၊ ရေသွင်းရေထုတ် သွင်းအားစုပေါင်းသတ်ရာတွင် လိုက်နာရမည့် အချက် တစ်ချက်စီနှင့် ရိတ်သိမ်းချိန်တွင် လိုက်နာရမည့်အချက် (၂) ချက်တို့ကို တောင်သူတစ်ဦးချင်းစီအထိ ထိရောက်စွာ သိရှိနားလည်ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ယူထားကြသည့် စိုက်ပျိုးရေးတာဝန်ခံများအနေဖြင့် ကိုယ်တိုင်သိရှိကျွမ်းကျင်ပြီး တောင်သူများကို အသိပညာများ ဖြန့်ဝေပေးကြရမည်ဖြစ်**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည့်မီစွာထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တစ်ခုတည်းကသာမက ဦးဆောင်အဖွဲ့က ယခင်အမိန့်ထုတ်ပြန်ဖွဲ့စည်းပေးထားသည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် အစိုးရမဟုတ်သောအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို ပြန်လည်ဖွဲ့စည်းပြီး ယင်းလုပ်ငန်း ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ် ပါဝင်စေကာ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များသည် တောင်သူလယ်သမားအခွင့်ရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပြဋ္ဌာန်းချက်များတွင် ပါဝင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်ဆိုင်သည့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ သွင်းအားစုများဖြစ်သည့် မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးနှင့်လယ်ယာသုံးစက်ကိရိယာများ အရည်အသွေးမှန်ကန်ရေးနှင့် သုံးစွဲမှုစနစ်တကျ ရှိစေရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဒေသတွင်း သီးနှံထုတ်လုပ်မှု စွမ်းအားမြင့်မားစေရေးလုပ်ငန်းများ၊ ထုတ်လုပ်သည့်စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ ကြီးကြပ်ပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ တောင်သူများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအနှီးရရှိရေးနှင့် ထုတ်လုပ်သည့် သီးနှံများ ဈေးကွက်ခိုင်မာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သွင်းအားစုကုမ္ပဏီများ၊ ထုတ်လုပ်သူ တောင်သူအစုများ ပါဝင်သည့် အကျိုးတူလယ်ယာစနစ်ပေါ်ထွန်းလာရေးပံ့ပိုးကူညီဆောင်ရွက်သွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ ပြောင်းလဲလာသည့် ရာသီဥတု ဖြစ်စဉ်များနှင့်အတူ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းများကြောင့် ပျက်စီးထိခိုက်မှုများ လျော့နည်းစေရန် ကြိုတင်အစီအမံများ ချမှတ်၍ ဆည်မြောင်းတာတမံများနှင့် ရေသွင်းရေနုတ်မြောင်းများ ပြုပြင်ခြင်းစသည့် လုပ်ငန်းများအပြင် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် တောင်သူများ စာရင်းဇယားမှန်ကန်ရေးကြီးကြပ်ဆောင်ရွက်သွားရမည့်အပြင် သီးနှံထောက်ပံ့ကြေးပေးအပ်ရေး လုပ်ငန်းများ မှန်ကန်မြန်ဆန်စေရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့များအနေဖြင့် အထူးအလေးပေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

တောင်သူ တစ်ဦးချင်းစီ၏ အကျိုးစီးပွား တိုးတက်ရေးအတွက် နှစ်စဉ်ပုံမှန်စိုက်ပျိုးသည့် စပါးတစ်ဧက အထွက်တိုးရေးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရကြောင်း၊ တစ်ဧကအထွက်တိုးရေးနှင့် စိုက်ဧကတိုးချဲ့ရေးဟူ၍ နှစ်မျိုးရှိရာ မိမိတို့ နိုင်ငံအနေဖြင့် တစ်ဧကအထွက်တိုးရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဧက အထွက်တိုးရန် အထွက်ကောင်းသည့်မျိုးများ စိုက်ပျိုးရေး၊ သွင်းအားစုများ မှန်ကန်ရေး၊ ရေသွင်းရေထုတ်များ မှန်ကန်ရေးနှင့် ရေရရှိရေးနည်းလမ်း(၆)သွယ်တို့ ပြည့်စုံမှသာ တစ်ဧကအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် သိပ္ပံနည်းကျ စိုက်ပျိုးရေး (၁၄) ရပ်ကိုလည်း တောင်သူများထံ အသိပညာပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပျိုးထောင်ချိန်တွင် လိုက်နာရမည့် အချက် (၄)ချက်၊ စိုက်ပျိုးချိန်တွင် လိုက်နာရမည့် အချက်(၂)ချက်၊ ကောက်ကွက်ပြည့်မီရေးအတွက် လိုက်နာရမည့်အချက် (၃)ချက်၊ ရေသွင်းရေထုတ် သွင်းအားစုပေါင်းသတ်ရာတွင်လိုက်နာရမည့် အချက် တစ်ချက်စီနှင့် ရိတ်သိမ်းချိန်တွင် လိုက်နာရမည့်အချက် (၂) ချက်တို့ကို တောင်သူတစ်ဦးချင်းစီအထိ ထိရောက်စွာ သိရှိနားလည် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ယူထားကြသည့် စိုက်ပျိုးရေးတာဝန်ခံများအနေဖြင့် ကိုယ်တိုင်သိရှိကျွမ်းကျင်ပြီး တောင်သူများကို အသိပညာများ ဖြန့်ဝေပေးကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအလိုက် စံပြစိုက်ခင်းများထူထောင်ပြီး စာတွေ့လက်တွေ့သရုပ်ပြဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ သို့မှသာ တောင်သူများ၏တစ်ဧကအထွက်နှုန်းတိုးတက်လာပြီး ၎င်းတို့၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရာရောက်ကြောင်း၊ ထွက်ကုန်ပစ္စည်းများ၏ နောက်ဆက်တွဲဖြစ်သည့် ဝင်ငွေတိုးတက်ရေးသည့် တိုင်းပြည်၏ စီးပွားရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များသည် အပြန်အလှန်အကျိုးပြုနေသည့်အတွက် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ပေးစေ လိုကြောင်း၊ စိုက်ပျိုးထွန်ယက်မှု၊ ပေါင်းခြွေ ရိတ်သိမ်းမှု၊ သိုလှောင်မှု စသည့် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ၊ သွင်းအားစုများ၊ အသုံးချမည့် တိရစ္ဆာန်များ၊ ယာဉ်ယန္တရားများ၊ ရေသွင်းရေထုတ်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ စသည့် အထောက်အကူ ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တောင်သူများကို တိုက်ရိုက်ချိတ်ဆက်ပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် တောင်သူလယ်သမားများ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပီပြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပွင့်လင်းစွာဆွေးနွေး အဖြေရှာကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးအောင်သန်းဦး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ပွင့်ဆန်း နှင့် ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းဆွေးနွေးအကြံပြု တင်ပြကြသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညွန့်အောင်တို့က အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်များရယူကြသည်။ *စာမျက်နှာ ၅ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦးနှင့် ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ပေးသကဲ့သို့ အခြားစိုက်ပျိုးထွက်ကုန် ပဲ၊ ကြက်သွန် စသည့် ရာသီသီးနှံများကိုလည်း အခြေခံရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ဆောင်ရွက်သင့်သည့်အခြေအနေနှင့် စပ်လျဉ်း၍ အထွေထွေ ဆွေးနွေးတင်ပြကြသည်။

**ပူးပေါင်းဆောင်ရွက်ရန်လို**

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၊ အဖွဲ့ခေါင်းဆောင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးတွင် တင်ပြခဲ့သည့် အကြံပြုချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက စိစစ်ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်၍ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ရရှိထားသည့် နှစ်ရှည်သီးနှံပင်များကိုလည်း ဖြစ်ထွန်းအောင်မြင်အောင်နှင့် ဈေးကွက်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းသည် စီးပွားရေးအကျိုးဖြစ်ထွန်းသည့်အပြင် သစ်တောပြုန်းတီးမှုကိုပါ ထိန်းသိမ်းနိုင်ပြီး ရာသီဥတုကိုပါ အထောက်အကူဖြစ်စေကြောင်း၊ ထို့ကြောင့် အခြေခံသီးနှံစိုက်ပျိုးမှုသာမက လူနေမှုခေါင်းစဉ်အောက်တွင် ရှိသော နှစ်ရှည်သီးနှံ စိုက်ပျိုးမှုများကို အားပေးဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ အထွက်နှုန်းကောင်းမွန်သည့် မျိုးရင်းများရရှိရေး၊ ဈေးကွက် ကောင်းမွန်ရေးတို့ကို ထည့်သွင်း စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပူးပေါင်းဆောင်ရွက်၍ နည်းပညာများမျှဝေကာ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ထုတ်ကုန်မြင့်မားရေးတို့ကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာရဲတင့်ထွန်းနှင့် ဦးသက်နိုင်ဦးတို့က လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဖြစ်သူ H.E. Dato Lim Jock Hoi တို့ကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှုအခြေအနေ၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် ပထမလုပ်ငန်းစဉ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းများ စစ်ဆေးခြင်းနှင့် မဲလက်မှတ်များအား မြေပြင်တွင် စစ်ဆေးဆောင်ရွက်နေမှုအခြေအနေ တွေ့ရှိချက်များကို နေ့စဉ်ထုတ်ပြန်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျင်းပမည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပပါက အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ အာဆီယံဘုံသဘောတူညီချက် (၅) ရပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အပေါ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံဆိုင်ရာအာဆီယံသံတမန်ခန့်အပ်၍ မြန်မာ့နိုင်ငံရေးအပါအဝင် ကိုဗစ် -၁၉ ကြောင့် ကျဆင်းလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၄**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့သည် အထူးလေယာဉ်ဖြင့် ဇွန် ၃ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ်၊ H.E. Dato Lim Jock Hoi တို့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံဆက်ဆံရေး၊ အာဆီယံ အသိုက်အဝန်း ထူထောင်ရေး ကြိုးပမ်းအားထုတ်မှု၊ အာဆီယံ နိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးရလဒ်များ အကောင်အထည်ဖော်မှု၊ မြန်မာ-အာဆီယံ ပူးပေါင်း ဆောင်ရွက်မှုများနှင့် အာဆီယံ ကနဦး ဆန်းစစ်လေ့လာရေး အကြံပြုချက်များ အကောင်အထည်ဖော်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာ၏ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Phoenix ရုပ်သံမီဒီယာမှ တွေ့ဆုံမေးမြန်းခြင်း

*ယမန်နေ့မှ အဆက်*

**မေး ။ ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာပြည်တွင်း သာမက ပြည်ပမှာလည်း ထောက်ခံသူတွေရှိပါတယ်။ နောက်သူက နိုဗယ်ဆုရှင်တစ်ယောက်လည်း ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်၍သော်လည်းကောင်း၊ သူ့ရဲ့ နိုင်ငံခြားဆက်ဆံရေး ဆောင်ရွက်ခဲ့တဲ့ အနေအထားအပေါ်မှာ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုများမှတ်ချက်ပြုလိုပါသလဲ။**

ဖြေ ။ ။ သူလည်း သူ့ရဲ့အသက်အရွယ်၊ သူ့ရဲ့အတွေ့အကြုံ တတ်စွမ်းသမျှ လုပ်တယ်လို့ပဲ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်တို့တာဝန်ယူပြီး လေးလလောက်ရှိပါပြီ။ ကျွန်တော်တို့ ပြီးခဲ့တဲ့အစိုးရ လုပ်ဆောင်ချက်တွေကို အကုန်လုံးဆန်းစစ်ကြည့်လိုက်ရင်တော့ ခုနက ကျွန်တော်ပြောတဲ့အတိုင်းပဲ သူ့ရဲ့အတွေ့အကြုံ၊ သူ့ရဲ့အသက်အရွယ်အရ သူတတ်စွမ်းသမျှ၊ တတ်နိုင်သမျှ သူလုပ်ခဲ့တယ်ဆိုတာကို ကျွန်တော်တွေ့ပါတယ်။

**မေး ။ ။ သူက ငြိမ်းချမ်းရေးကို တကယ်လုပ်နိုင်ခဲ့သလား။ မလုပ်နိုင်ခဲ့ဘူးလား။**

ဖြေ ။ ။ ခုနက ကျွန်တော်ပြောသလိုပဲ။ သူ့ရဲ့အတွေ့အကြုံ၊ သူတတ်စွမ်းသမျှ တတ်နိုင်သမျှ လုပ်ခဲ့တာကို ကျွန်တော်တွေ့ပါတယ်။

**မေး ။ ။ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ပြောချင်တာက သူတတ်နိုင်သမျှ လုပ်ခဲ့တယ်လို့ပဲ ဆိုလိုတာပေါ့။**

ဖြေ ။ ။ ဟုတ်ပါတယ်။

**မေး ။ ။ အစိုးရအနေနဲ့ အာဆီယံအထူးအစည်းအဝေးကို တက်ရောက်ခဲ့တယ်။ အာဆီယံရဲ့ ဘုံသဘောတူညီချက် အချက်ငါးချက်ကိုလည်း ချမှတ်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဓိကကတော့ ပြဿနာတွေအဆုံးသတ်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကြားမှာ ဆွေးနွေးမှုတွေ ပေါ်ထွက်ဖို့၊ အာဆီယံရဲ့ အထူးကိုယ်စားလှယ် စေလွှတ်ဖို့နဲ့ သူနဲ့ဆွေးနွေးဖို့၊ အကူအညီပေးဖို့ဆိုတဲ့ ဒီအချက်တွေပါဝင်တယ်ဆိုတဲ့အကြောင်း သူတို့အနေနဲ့ လေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီအချက်ငါးချက်ကို လက်တွေ့တိတိကျကျ အကောင်အထည်ဖော်ဖို့အတွက် ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဒီဟာကို ခက်ခဲတယ်လို့ ယူဆနိုင်ပါသလား။**

ဖြေ ။ ။ တကယ်တော့ ခက်ခက်ခဲခဲလုပ်ရတာတော့ မရှိပါဘူး။ သို့သော် အခြေအနေ အချိန်အခါပေါ်မှာတော့ ကြည့်ပြီး လုပ်ရမှာရှိတယ်။ ချက်ချင်းကြီး လုပ်ရမယ့်ကိစ္စ မဟုတ်ဘူး။ အချိန်ယူပြီးတော့မှ တိုင်းပြည်အခြေအနေ၊ အာဆီယံရဲ့ အခြေအနေ၊ နိုင်ငံတကာရဲ့ အခြေအနေကို မူတည်ပြီး ပြောဆိုလုပ်ကိုင်တဲ့အခါ ဘာမှခက်ခဲတာမရှိပါဘူး။ ဒါကြောင့် ကျွန်တော် ပြောခဲ့တယ်။ သူတို့ပြောတဲ့ အကြံပြုချက်တွေက ကောင်းမွန်တဲ့အကြံပြုချက်များဖြစ်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲ့ လတ်တလောဖြစ်ပျက်နေတဲ့ အခြေအနေအပေါ်မှာ အလေးထား စဉ်းစားဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့တာ ရှိပါတယ်။ နိုင်ငံအတွင်းမှာ တည်ငြိမ်အေးချမ်းမှု ရှိဖို့လိုတယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြင်ပကနေ လာရောက်ပြီး ပြောဆိုလုပ်ကိုင်လာရင် ကောင်းတာဖြစ်နိုင်သလို မကောင်းတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့ကလည်း အခြေအနေအချိန်အခါပေါ်မှာ မူတည်ပြီး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မူတည်ပြီး ဆောင်ရွက်သွားမယ်လို့ ပြောခဲ့တာရှိပါတယ်။ အာဆီယံ Charters, အာဆီယံ Ways, အာဆီယံ Spirits ဒီသုံးခု ရှိပါတယ်။ ဒီအပေါ်မှာ အခြေခံပြီး လုပ်ဖို့လည်း လိုပါတယ်။ ဒီလိုမဟုတ်ဘဲ တခြားလမ်းကြောင်း ရွေးပြီးလုပ်ရင်တော့ အခက်အခဲရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က ပြန်ကြည့်ရင် ခက်ခဲတာမရှိပါဘူး။ နှစ်ဖက်လုံးကနေပြီး ဒီအပေါ်မှာ နားလည်မှုရှိရှိနဲ့ လုပ်မယ်ဆိုရင် လုပ်လို့ရတဲ့အပိုင်းတွေ ရှိပါတယ်။

**မေး ။ ။ ဆိုလိုချင်တာက ဒီငါးချက်ကိုလုပ်ဖို့အတွက် မြန်မာပြည်ရဲ့ နိုင်ငံရေးအခြေအနေတည်ငြိမ်မှုက အရေးအကြီးဆုံးလို့ ပြောချင်တာပါလား။**

ဖြေ ။ ။ မှန်ပါတယ်။

**မေး ။ ။ အခုလက်ရှိ မြန်မာနိုင်ငံ ဖြစ်ပေါ်နေတဲ့ အခြေအနေကို ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ထိန်းချုပ်နိုင်မှုအောက်မှာ ရှိတယ်လို့ ဆိုလိုချင်တာပါလား။**

ဖြေ ။ ။ ၁၀၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ပြီလို့ မပြောနိုင်ဘူး။ တချို့နေရာတွေမှာ အဖျက်လုပ်ငန်းတွေ ရှိနေဆဲဖြစ်ပါတယ်။

**မေး ။ ။ အခုအနေအထားပြောရရင် တည်ငြိမ်မှုတစ်ရာရာခိုင်နှုန်း မရှိသေးဘူးဆိုတဲ့အတွက် ဒီအချက်ငါးချက်ကို စပြီး အကောင်အထည်ဖော်ဖို့အတွက် အသင့်မဖြစ်သေးဘူးလို့ ဆိုနိုင်ပါသလား။**

ဖြေ ။ ။ မှန်ပါတယ်။

**မေး ။ ။ အဲဒီတော့အခြားနိုင်ငံတွေရဲ့ ယူဆချက်တွေကို ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုများ ထင်မြင်ချက်တွေ ရှိပါသလဲ။**

ဖြေ ။ ။ သူတို့လည်း သူတို့ဘက်ကအမြင်ပေါ့။ သူတို့နိုင်ငံဘက်က အမြင်၊ သူတို့ ကျင့်သုံးတဲ့ နိုင်ငံရေးလမ်းကြောင်းပေါ်မှာ အမြင်အမျိုးမျိုး ရှိကြပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူကြပါဘူး။ အဓိကကတော့ သူတို့လိုချင်တာက ဒီမိုကရေစီ နည်းလမ်းတကျ အစိုးရတစ်ရပ်ကို ဖြစ်စေချင်တဲ့သဘောပါ။ ပထမဦးဆုံး ခင်ဗျား ကျွန်တော့်ကို စမေးတဲ့ အာဏာသိမ်းတဲ့ ဖြစ်စဉ်ကိုမေးတဲ့အချိန်မှာ သူတို့အခြေခံဥပဒေကို နားမလည်ဘူးလို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒီလိုအခြေအနေပေါ်မှာ မူတည်ပြီး နိုင်ငံကြီးတွေရဲ့ အမြင်ကလည်း ဒီလိုဖြစ်နေတယ်လို့ ကျွန်တော်ပြောလိုပါတယ်။

**မေး ။ ။ အကယ်၍အာဆီယံပဲပြောရင် အာဆီယံက မြန်မာပြည်ကို ဖြစ်စေချင်တဲ့ဆန္ဒကရော ခုနကသဘောထဲမှာ ပါဝင်ပါသလား။**

ဖြေ ။ ။ ပါပါတယ်။ အာဆီယံနိုင်ငံတွေက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို လိုချင်တယ်။ ပြည်သူပြည်သားတွေ စည်းစည်းလုံးလုံးရှိတာကို လိုချင်တယ်။ သူတို့ ခေါင်းဆောင်တွေပြောတဲ့ စကားထဲမှာ ဒီလိုပဲ မြင်ပါတယ်။

**မေး ။ ။ အာဆီယံရဲ့ ငြိမ်းချမ်းမှု အဆိုပြုချက်များကို သဘောတူပါသလား။**

ဖြေ ။ ။ မူအားဖြင့် သဘောတူပါတယ်။ ကျွန်တော်က သဘောမတူစရာ အကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံရဲ့တည်ငြိမ်အေးချမ်းမှုကို မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်ဖို့ ကျွန်တော်ပြောခဲ့တာပါ။

**မေး ။ ။ နိုင်ငံတော်ကောင်စီဝင်နဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိကလည်း မြန်မာပြည်ကိုထောက်ခံမှုသုံးခုနဲ့ ရှောင်ရှားမှုအချက်သုံးချက်ကို အဆိုပြု အကြံပြုခဲ့တာ ရှိပါတယ်။ အဆွေတော်အနေနဲ့ ဘယ်လိုများ အမြင်ရှိပါသလဲ။**

ဖြေ ။ ။ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိပြောခဲ့တာကလည်း အပြုသဘောဆောင်တဲ့ဟာတွေ ဖြစ်ပါတယ်။ တကယ်လည်း ကောင်းမွန်တဲ့အချက်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒါတွေကို လက်ခံပါတယ်။ သဘာဝလည်းကျပါတယ်။ လက်တွေ့လည်း ကျပါတယ်။

**မေး ။ ။ တရုတ်ကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကိုလည်း သူတို့အနေနဲ့ တွေ့ရှိရပါတယ်။ အဆွေတော်အနေနဲ့ ဒီကုမ္ပဏီအပေါ်မှာ လုံခြုံမှုကိစ္စကို ဘယ်လိုများ စီမံဆောင်ရွက်ပေးမလဲ၊ ဘယ်လိုများ အလေးထားလဲ၊ ဘယ်လိုများ အမြင်ရှိပါသလဲ၊ အဲဒါတွေကို ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။**

ဖြေ ။ ။ တရုတ်နိုင်ငံက ကုမ္ပဏီရင်းနှီးမြှုပ်နှံမှု အားလုံးပေါင်း လုပ်ငန်းပေါင်းငါးရာကျော် လောက်ရှိပါတယ်။ အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ၂၁ ဘီလီယံကျော်လောက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဖြစ်စဉ်ကာလမှာ တရုတ်လုပ်ငန်း စက်ရုံ၊ အလုပ်ရုံ ၁၃ ခု၊ ၁၄ ခု လောက်ပါတယ်။ အားလုံးပေါင်း မီးရှို့ခံရတာ ၂၁ ခုလောက် ရှိပါတယ်။ တရုတ်နိုင်ငံသားတွေနဲ့ လုပ်နေတာ ၁၃ ခု၊ ၁၄ ခုလောက် ရှိပါတယ်။ တရုတ်နိုင်ငံတင်မဟုတ်ဘူး။ တခြားနိုင်ငံနဲ့လည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးရှိပါတယ်။ တချို့လည်း ဖျက်ဆီးခံရတဲ့ အထဲမှာ ပါတာတွေလည်းရှိတယ်။ ကျွန်တော်တို့ကတော့

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ပြင်ပရင်းနှီးမြှုပ်နှံမှုတွေ အကုန်လုံးကို ကာကွယ်ပေးထားပါတယ်။ လက်ရှိကျွန်တော်ကိုယ်တိုင်လည်း သွားရောက်ကြည့်ရှုပြီးတော့မှ လိုအပ်တာတွေကို အမြန်ဆုံးပြန်ပြီး လုပ်ငန်းလည်ပတ်နိုင်ဖို့ ကူညီဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်ပေးပါတယ်။ လိုအပ်တဲ့လုံခြုံမှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။ ။ တချို့မြန်မာလူမျိုးတွေအနေနဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုမှာ အမြင်နည်းနည်းစောင်းနေတာ တွေ့ရတယ်။ အဲဒီအပေါ်မှာ ဘယ်လိုများ မှတ်ချက်ပြုလိုပါသလဲ။**

ဖြေ ။ ။ အဲဒါကတော့ နိုင်ငံရေးပါပါတယ်။ လှုံ့ဆော်မှုကြောင့်ဖြစ်တယ်။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံသားတင် မကဘူး။ တခြားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွေလည်း အများကြီးရှိပါတယ်။ အခုမှ ရှိတာမဟုတ်ဘူး။ ဟိုးအရင်လွတ်လပ်ရေး ရကတည်းက တရုတ်နိုင်ငံသားတွေရဲ့ စီးပွားရေးလုပ်ငန်းတွေရှိတယ်။ အိန္ဒိယနိုင်ငံသားတွေရဲ့ စီးပွားလုပ်ငန်းတွေ မျိုးစုံရှိကြတယ်။ အရင်တုန်းက အိန္ဒိယရင်းနှီးမြှုပ်နှံမှုတွေ လုပ်ထားတဲ့ စီးပွားရေးလုပ်ငန်းများမှာ အဓိကရုဏ်းတွေဖြစ်ခဲ့တဲ့သာဓကတွေ ရှိတယ်။ ဟိုအရင်တုန်းကလည်း ရှိခဲ့ဖူးတယ်။ ဒီဘက်မှာလည်း ရှိပါတယ်။ ဒါပေမယ့် နိုင်ငံရေးလို့ပဲ ကျွန်တော်က မြင်တယ်။ နိုင်ငံသားတွေက တရုတ်မုန်းတီးရေးလုပ်တာ မဟုတ်ဘူး။ နိုင်ငံရေးအရ မုန်းတီးအောင်လုပ်လာတဲ့ ကိစ္စရပ်တွေသာ ဖြစ်တယ်။ အခံမှာတော့ ဘာမှမရှိဘူး။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက အခုမှရင်းနှီးမြှုပ်နှံခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသား/တရုတ်တွေရှိတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားတဲ့ တရုတ်တွေရှိတယ်။ မြန်မာနိုင်ငံသား/ တရုတ်ရှိတယ်။ သူတို့ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းတွေက ဟိုးအရင်ကတည်းက ရှိခဲ့တယ်။ အခုလည်းအများကြီးရှိတယ်။ သူတို့ဘာမှမဖြစ်ပါဘူး။ လက်ရှိမှာ စီးပွားလုပ်ကိုင်နေကြတယ်။ နိုင်ငံရေးအရ လုပ်တာဖြစ်ပါတယ်။

**မေး ။ ။ ဗိုလ်ချုပ်မှူးကြီး ပြောတာကို နားလည်ပါတယ်။ နိုင်ငံရေးအရ လှုံ့ဆော်တဲ့ဟာကို နည်းနည်းပေါ်လွင်စေတဲ့ အချက်ကို ပြောပြပေးလို့ရနိုင်မလား။**

ဖြေ ။ ။ လှုံ့ဆော်တယ်ဆိုတာဟာ ဥပမာအားဖြင့် ဒီလူတွေရဲ့ လုပ်ငန်းတွေကို ပျက်စီးအောင် လိုက်လုပ်တယ်။ တခြားလုပ်ငန်းတွေကို မလုပ်ဘူး။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ၅၀၀ ကျော်လောက်ရှိတာကို ၅၀၀ ကျော်လုံးဖျက်ဆီးတာမဟုတ်ဘဲ ဆယ်ဂဏန်းလောက်သာ ဖျက်ဆီးတာဖြစ်တယ်။ ဒါကိုကြည့်လိုက်ရင် နိုင်ငံရေးအရ လုပ်တယ်လို့ ပြောလို့ရတယ်။ စီးပွားရေးအရ လုပ်ချင်လို့ရှိရင် အကုန်လုံးကို ရအောင်တိုက်မှာပေါ့။

**မေး ။ ။ အဲဒီတော့ နိုင်ငံရေးအရ လှုံ့ဆော်တဲ့ တရုတ်စက်ရုံတွေ အပေါ်မှာ လုပ်သွားတဲ့ လုပ်ရပ်တွေက မြန်မာပြည်ထဲက လူတွေပဲလား။ အခြားသော ပြင်ပကဆက်သွယ်ပြီး လုပ်နေတဲ့ အဖွဲ့အစည်းတွေ ရှိနိုင်လား။**

ဖြေ ။ ။ ခိုင်မာတဲ့ သက်သေတော့ မပြနိုင်သေးပါဘူး။

**မေး ။ ။ နောင်အချိန်ကျရင်တော့ အပြင်ကနေ လှုံ့ဆော်မှုကြောင့် ဖြစ်တဲ့အချက်အလက်တွေကို ထုတ်ပြန်နိုင်တဲ့အချိန်ကျရင် ထုတ်ပြန်ပေးနိုင်မလား။**

ဖြေ ။ ။ အသိပေးသင့်တဲ့ကိစ္စဆိုရင် ကျွန်တော်တို့ အသိပေးမှာပါ။ တကယ်တော့ အခုလုပ်တဲ့ကိစ္စကို ကြည့်လိုက်ရင် တိုင်းပြည်စီးပွားပျက်အောင် လုပ်တာပါ။ တရုတ်နိုင်ငံသားစက်ရုံကို ဖျက်တာက တရုတ်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု နောက်ဆုတ်သွားလိမ့်မယ်။ ဒါကြောင့် နိုင်ငံရေးအရလုပ်တာဖြစ်တယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ တချို့စက်ရုံတွေက တခြားနိုင်ငံကိုရွှေ့ဖို့ ကြံစည်နေတယ်ဆိုတဲ့ သတင်းတွေကို အွန်လိုင်းက ဖြန့်နေကြတာရှိတယ်။ ဒါတွေက နိုင်ငံရေးပါ။

**မေး ။ ။ အခု ထပ်မေးလိုတာကတော့ ရခိုင်ပြည်နယ်က ရိုဟင်ဂျာလို့ ပြောနေတဲ့ ဒုက္ခသည်ကိစ္စပဲ ဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ မူဆလင်ဘာသာဝင်တွေ နိုင်ငံသား မရသေးတဲ့သူတွေလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သူတို့ကို ဘယ်လိုများ သုံးနှုန်းခေါ်ဆိုပါသလဲ။ သူတို့ကိုယ် သူတို့ကတော့ ရိုဟင်ဂျာလို့ ပြောနေတာရှိပါတယ်။ အဲဒီအပေါ်မှာ ဗိုလ်ချုပ်မှူးကြီးရဲ့ အမြင်လေးကို ပြောပြပေးဖို့ ဖိတ်ခေါ်ပါတယ်။**

ဖြေ ။ ။ ပြောရရင်ရိုဟင်ဂျာဆိုတာ မရှိဘူး။ စိတ်ကူးယဉ်ပြီးပြောတဲ့ နာမည်တစ်ခုပဲ။ တကယ်တော့ အရှေ့ဘင်္ဂလားနယ်ရဲ့ စစ်တကောင်းဒေသက လာတဲ့သူတွေကို သူတို့ကိုယ်သူတို့ ရိုဟင်ဂျာလို့ ပြောနေကြတာဖြစ်တယ်။ ဘယ်ခေတ်အဆက်ဆက်မှ ရိုဟင်ဂျာလို့ မခေါ်ခဲ့ဘူး။ ကျွန်တော်တို့က အင်္ဂလိပ်ရဲ့ကိုလိုနီ လက်အောက်ရောက်ခဲ့ပါတယ်။ အင်္ဂလိပ်အုပ်ချုပ်မှုအောက်မှာ နေခဲ့ရတယ်။ အဲဒီတော့ အင်္ဂလိပ်တွေခေတ်က သန်းခေါင်စာရင်း ကောက်တယ်။ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ် ကောက်ခဲ့တဲ့ သန်းခေါင်စာရင်းတွေမှာ ဘင်္ဂါလီဆိုတဲ့ စကား၊ စစ်တကောင်းသားဆိုတဲ့စကားတွေပဲ တွေ့တယ်။ ရိုဟင်ဂျာလို့ မတွေ့ဘူး။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ကောက်ခဲ့တဲ့စာရင်းမှ ဘင်္ဂါလီဆိုတဲ့ စကားရယ်၊ ပါကစ္စတန်ဆိုတဲ့ စကားရယ်၊ နောက်တစ်ခါ စစ်တကောင်းသားဆိုတဲ့စကားပဲ ကျွန်တော်တို့တွေ့တယ်။ ရိုဟင်ဂျာဆိုတာ မရှိဘူး။ ရိုဟင်ဂျာဆိုတာကို ကျွန်တော်တို့ လက်လည်းလက်မခံဘူး။ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားတရားဝင်လက်ခံထားတာ ၁၃၅ မျိုး ရှိပါတယ်။ သို့သော်လည်း ဒါကတော့ နည်းနည်းအပြောင်းအလဲ ရှိနိုင်ပါတယ်။ ၁၃၅ မျိုးထဲမှာ ရိုဟင်ဂျာ မပါပါဘူး။ ဘင်္ဂါလီလည်း မပါပါဘူး။ တရားဝင်တိုင်းရင်းသားလည်း မဟုတ်ပါဘူး။ သူတို့ဘာသာ သူတို့စိတ်ကူးနဲ့ ခေါ်ထားတဲ့ နာမည်တစ်ခုဖြစ်တယ်။ ကျွန်တော်တို့ ဒါကို အသိအမှတ်မပြုပါဘူး။

**မေး ။ ။ မြန်မာအစိုးရတွေအနေနဲ့ ရိုဟင်ဂျာဆိုတာ တရားဝင်မရှိဘူး။ လက်ခံထားခြင်းလည်း မရှိဘူးလို့ သူတို့နားလည်လိုက်ပါတယ်။ အနောက်နိုင်ငံတွေအနေနဲ့ ဘင်္ဂါလီရှင်သန်နေထိုင်မှုအပေါ် စိတ်ဝင်စားမှု မြင့်မားတယ်။ သူတို့က ရိုဟင်ဂျာလို့ ပြောကြတယ်။ ဒေသခံနဲ့ သူတို့ ကြားမှာ ဖြစ်တဲ့ပြဿနာ အရင်းအခံကိုရော အဆွေတော်အနေနဲ့ ဘယ်လိုများ ထင်မြင်ယူဆချက်ရှိပါသလဲ။**

ဖြေ ။ ။ သူတို့ကတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာနေတဲ့သူတွေက သူတို့ဘာသာ သူတို့နေတယ်။ နှစ်ပေါင်းများစွာလည်းရှိနေပြီး ဘာမှပြဿနာမရှိဘူး။ အဲဒီဒေသမှာရှိတဲ့ ရခိုင်တွေလည်း ဘင်္ဂါလီတွေနဲ့ အတူတူနေကြတယ်။ ဘာမှပြဿနာမရှိဘူး။ ဘင်္ဂါလီမှာလည်း နှစ်ပိုင်းရှိတယ်။ ဘင်္ဂါလီ/ဟိန္ဒူ၊ ဘင်္ဂါလီ/အစ္စလာမ်ဆိုပြီး နှစ်ပိုင်းရှိတယ်။ ကျွန်တော်တို့ မေးခဲ့ပြီး ဒီအရာတွေရှိတာကို တွေ့ခဲ့ပြီးပြီ။ ဒီလူတွေနဲ့နေကြတဲ့ ဒေသခံတိုင်းရင်းသားတွေနဲ့ အတူတူနေကြတာ ဘာမှပြဿနာမရှိပါဘူး။ ဒီအတိုင်းပဲ နေကြပါတယ်။ လှုံ့ဆော်လို့ ဖြစ်လာတဲ့ ပြဿနာတွေကြောင့်သာ ဒေသမှာ ပဋိပက္ခတွေ ဖြစ်လာတာ။ နောက်တစ်ခုက နဂိုမူလ ကတည်းက ရောက်နေတဲ့သူတွေရှိတယ်။ သူတို့က စူးအက်တူးမြောင်းလုပ်တဲ့ အချိန်မှာ ဆန်စပါးဈေးတွေ ကောင်းလာတဲ့အခါ အရှေ့ဘင်္ဂလားမှာရှိတဲ့ဘင်္ဂါလီတွေကို မြန်မာနိုင်ငံကို ခေါ်ပြီးတော့ အင်္ဂလိပ်တွေက လယ်စိုက်ခိုင်းတယ်။ အဲဒီအချိန်ကတည်းက မပြန်တော့ဘဲ သူတို့တွေက ကျန်ခဲ့တဲ့အတွက် အခုလို အခြေအနေဖြစ်လာတယ်။ တဖြည်းဖြည်းနဲ့ များလာတဲ့ လူတွေ ဖြစ်တယ်။ ဒီလူတွေရှိနေတဲ့ အခြေအနေမှာလည်း အရင်ကတော့ ပဋိပက္ခတော့ ဖြစ်ခဲ့ဖူးတယ်။ သို့သော်လည်း နောက်ပိုင်းမှာ ပဋိပက္ခတွေမရှိဘဲ အေးအေးချမ်းချမ်းပဲနေကြတယ်။ အထိုက်အလျောက် ပဋိပက္ခတွေရှိတယ်။ သို့သော်လည်း တကယ်ကို ပြင်းပြင်းထန်ထန်နဲ့ဖြစ်တဲ့ပြဿနာ မရှိဘူး။ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုပဲ ရှိတယ်။ ၁၉၄၂ ခုနှစ်က အလယ်သံကျော်အရေးအခင်းဆိုတာ ဖြစ်ခဲ့တယ်။ ၁၉၄၂ ခုနှစ် အဖြစ်အပျက်က တော်တော်လေးဆိုးပါတယ်။ ဒီနောက်ပိုင်းမှာ အဲဒီလောက်ဆိုးတဲ့ ဖြစ်စဉ်မျိုး မရှိခဲ့ပါဘူး။

**မေး ။ ။ အခုက အနောက်နိုင်ငံတွေက ဒီလူတွေကို နိုင်ငံသားအဖြစ် စဉ်းစားပေးဖို့၊ နေရာချထားပေးဖို့ကို တစိုက်မတ်မတ် တောင်းဆိုနေတာ ရှိတယ်။ အကယ်၍ ဒီလူတွေကို လက်ခံမယ်ဆိုရင် လက်ခံဖို့ အစီအစဉ်ရော ရှိပါသလား။ အကယ်၍ လက်ခံမယ်ဆိုရင် ဘယ်လို အချက်အလက်တွေအပေါ် အခြေခံပြီး လက်ခံမှုပြုသွားမလဲ။**

ဖြေ ။ ။ ဒီလူတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ သူတို့တင်မဟုတ်ဘဲ အိမ်နီးနားချင်း ၅ နိုင်ငံ ရှိတယ်။ အင်္ဂလိပ်ရဲ့ ကိုလိုနီဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်နေတဲ့ နိုင်ငံခြားသားတွေ အများကြီးရှိတယ်။ အဲဒီအတွက် ရည်ရွယ်ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ရေးခဲ့တာရှိတယ်။ မြန်မာနိုင်ငံသားဥပဒေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားတဲ့ ဘင်္ဂါလီတွေနဲ့ ပတ်သက်ပြီး အကျုံးဝင်တဲ့သူတွေကို သူ့စည်းကမ်းနဲ့အညီ ပြန်လက်ခံဖို့ လုပ်ထားတာရှိတယ်။ ကျွန်တော်တို့ သဘောတူပါတယ်။ လက်မခံစရာအကြောင်း မရှိပါဘူး။ မြန်မာနိုင်ငံမှာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်နဲ့အတူနေခဲ့ပြီး ကိုက်ညီရင် ပြန်လက်ခံဖို့ လုပ်နေတာ ရှိတယ်။ ဒါလည်း သဘောတူလို့ ဆွေးနွေးနေတာရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးနေတာတွေ ရှိတယ်။ ကျွန်တော်တို့အနေနဲ့ လက်မခံစရာ အကြောင်းမရှိဘူးလို့ ကျွန်တော်ပြောလိုပါတယ်။

**မေး ။ ။ အကယ်၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ချမှတ်ထားတာ ရှင်းလင်းပါတယ်။ တချို့သော အကျုံးမဝင်တဲ့သူတွေရော ဘယ်လိုများ စဉ်းစားနိုင်ပါသလဲ။**

ဖြေ ။ ။ ကမ္ဘာမှာရှိတဲ့ ဘယ်နိုင်ငံမှ သူတို့လူဝင်မှုကြီးကြပ်ရေး ဥပဒေကို ကျော်လွန်ပြီးတော့ မလုပ်ကြဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး ။ ။ ဥပဒေအတိုင်းပဲ လုပ်မယ်။ နိုင်ငံတကာ တောင်းဆိုမှုရှိလာရင်လည်း ဒီဟာတွေကို ရှင်းပြပေးသွားမယ်လို့ နားလည်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စပြီးဖွဲ့စည်းတဲ့အချိန်ကတည်းက ဥက္ကဋ္ဌအနေနဲ့ ပြင်ပမီဒီယာကို လက်ခံပြီး ဖြေကြားပေးတာ ဒါပထမဦးဆုံးအကြိမ်လို့ သိထားပါတယ်။ အဲဒါမှန်တယ်ဆိုရင် ဘာကြောင့် တရုတ်မီဒီယာကို ပထမဦးဆုံးအကြိမ် လက်ခံပေးတဲ့ အကြောင်းကို ဖြည့်စွက်ပြီး ဆွေးနွေးပေးပါ။**

ဖြေ ။ ။ အမေးရှိရင် အဖြေရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ့်ရဲ့ ပြောဆိုချက်တွေကို မှန်မှန်ကန်ကန်နဲ့ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ဖြေကြားပေးတာပါ။ နောက်တစ်ခုလည်း ပြောလိုတာရှိပါတယ်။ ခင်ဗျားတို့နဲ့ ဖြေတာက ပထမဦးဆုံး အကြိမ်တော့ မဟုတ်ပါဘူး။ တခြားမီဒီယာနဲ့ ဖြေခဲ့တာတွေရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် မပါလာသေးတာပဲ ဖြစ်မှာပါ။

**မေး ။ ။ ဆက်မေးချင်တာက တရုတ်-မြန်မာဆက်ဆံရေးအပေါ်ကို ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုမျိုး ထင်မြင်ချက်ရှိပါသလဲ။ ရှေ့လျှောက်ပြီးတော့ တရုတ်- မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအပေါ်ကို ဘယ်လိုမျိုးမြှင့်တင်ဆောင်ရွက်ဖို့ ဆန္ဒရှိပါသလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ နယ်နိမိတ်ချင်းထိစပ်နေတယ်။ ကီလိုမီတာပေါင်း ၂၂၀၀ ကျော်လောက် ထိစပ်နေတဲ့ နိုင်ငံဖြစ်တယ်။ နောက်တစ်ခါ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုရှိပြီး နယ်စပ်မှာနေတဲ့ တိုင်းရင်းသားတွေကလည်း တူညီမှုရှိကြတယ်။ ခင်ဗျားတို့ဆီမှာ ဂျိန်းဖောရှိမယ်၊ ကျွန်တော်တို့ဆီမှာ ကချင်ရှိမယ်။ ခင်ဗျားတို့ ဆီမှာ 'ဝ' ရှိမယ်။ ကျွန်တော်တို့ဆီမှာ 'ဝ' ရှိတယ်။ ခင်ဗျားတို့ဆီမှာ ရှမ်းရှိတယ်။ ကျွန်တော်တို့ဆီမှာ ရှမ်းရှိတယ်။ ခင်ဗျားတို့ဆီမှာ လားဟူရှိတယ်။ ကျွန်တော်တို့ဆီမှာ လားဟူရှိတယ်။ တော်တော်လေးနီးစပ်မှု လူနေမှုတူညီကြတယ်။ သမိုင်းကြောင်းပြန်ကြည့်ရင်လည်း ၁၉၄၅-၁၉၅၀ တရုတ်နိုင်ငံရဲ့ နိုင်ငံရေး ပြောင်းလဲမှု ဖြစ်စဉ်တွေမှာ မြန်မာနယ်စပ်နဲ့ မြန်မာနိုင်ငံမှာလည်း ရိုက်ခတ်မှုတွေ ရှိခဲ့တယ်။ ထို့အတူပဲ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု ဖြစ်စဉ်တွေမှာလည်း မြန်မာနိုင်ငံ၊ တရုတ်နယ်စပ်နဲ့ တရုတ်နိုင်ငံမှာလည်း ရိုက်ခတ်မှုတွေ ရှိခဲ့တယ်။ ဒါဟာထူးခြားတဲ့ဟာ ဖြစ်တယ်။ ကျွန်တော်တို့က နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေးကို ယုံကြည်မှုနဲ့ ချစ်ချစ်ခင်ခင်နေတာက အကောင်းဆုံးလို့ ကျွန်တော်က ခံယူထားတယ်။ အိမ်နီးနားချင်းထက် စိတ်ချရတဲ့မိတ်ဆွေနိုင်ငံဆိုတာ မရှိဘူး။ အိမ်နီးချင်းဆိုတာ အရင်းနှီးဆုံးနိုင်ငံဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲ ဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးနားချင်း ငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်။ တရုတ်နဲ့ မြန်မာကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူငါးချက်ကို ကမ္ဘာမှာ စပြီးလက်မှတ်ထိုးခဲ့တဲ့ နိုင်ငံတွေဖြစ်တယ်။ ဒါကတော့ ထူးခြားတဲ့ဟာပါ။

**မေး ။ ။ ခုတရုတ်ဘက်ကနေ လုပ်ကိုင်နေတဲ့ စီးပွားရေးရပ်ဝန်းနဲ့ လမ်းကြောင်းအပေါ်မှာရော မြန်မာဘက်ကနေ ပူးပေါင်းဆောင်ရွက်ဖို့ အားဖြည့်ဖို့အတွက် စဉ်းစားထားမှုလေးရှိရင် အတိုချုပ်မှတ်ချက်ပြုပေးပါ။**

ဖြေ ။ ။ တရုတ်က အခုလုပ်နေတဲ့ စီးပွားရေးစင်္ကြံလမ်းကြောင်းက အခုမှမြန်မာနိုင်ငံနဲ့ လုပ်တာမဟုတ်ဘူး။ ဟိုးရှေးကာလကတည်းက ပူးပေါင်းပြီးလုပ်လာခဲ့တယ်။ အဲဒီကတည်းက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ကဏ္ဍပေါင်းစုံ ရှိတယ်။ ခုကတော့ ပိုပြီးတော့မှ တစ်ကမ္ဘာလုံးနဲ့ ဆက်သွယ်ပြီးလုပ်လာတဲ့ကိစ္စတွေက ပိုပြီးတော့ လေးနက်လာတဲ့ သဘောရှိတယ်။ မြန်မာနိုင်ငံကတော့ အခုမှလုပ်တာ မဟုတ်ဘူး။ လုပ်လာတာ ကြာလှပြီ။ ပူးပေါင်းဆောင်ရွက်မှုကတော့ ဒီထက်ပိုပြီးကောင်းအောင် လုပ်ဖို့ပဲရှိတယ်။ မြန်မာပြည်သူတွေရဲ့ အကျိုးရှိမယ်။ မြန်မာနိုင်ငံအတွက် အကျိုးရှိမယ်ဆိုရင် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှု လုပ်မှာပဲဖြစ်တယ်လို့ ပြောချင်တယ်။

**မေး ။ ။ မေးခွန်း နှစ်ခုပေါင်းရမယ်ဆိုရင်တော့ မြန်မာနိုင်ငံနဲ့ တရုတ်အကြား နယ်စပ်တည်ငြိမ်ရေးကို အဆွေတော်အနေနဲ့ ဘယ်လိုဆက်လက်ပြီး ထိန်းသိမ်းမလဲ။ မြှင့်တင်မလဲဆိုတာ ထင်မြင်ချက်ရှိမလဲ။ နောက်တစ်ခုက နယ်စပ်ဒေသမှာ ကိုဗစ်ပြန့်ပွား**

*စာမျက်နှာ ၈ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ




နေပြည်တော်  ဇွန် ၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ (၂၀၂၁ ခုနှစ်၊ ဧပြီလ) စာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**

အဆိုပါ စာအုပ်တွင် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်း စုစုပေါင်း ၁၄ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ဧပြီလ ၂၆ ရက်နေ့က ပြုလုပ်သည့် တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများတိုးချဲ့ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် "နိုင်ငံတော်တာဝန်များအား စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်၍ ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်ရန် လိုအပ်သဖြင့် ဥပဒေပညာရပ်များအား ကျယ်ပြန့်စွာ သင်ကြားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သဖြင့် စီးပွားရေးကဏ္ဍတွင် စီးပွားရေးအသိအမြင်ရှိသည့် ပညာတတ်များ ပေါ်များရန် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် အဆိုပါစီးပွားရေးပညာရပ်နှင့် ဥပဒေပညာရပ်များအား တက္ကသိုလ်များအားလုံးတွင် သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း" ပြောကြားသည့် အမှာစကားများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများနှင့် အမှာစကားများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေး



**ပဲခူး ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးမျိုးဆွေဝင်း ဦးဆောင်၍ ဇွန် ၂ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပန်းခင်းစီမံချက်ဖြင့် ရသင့်ရထိုက်သည့် နိုင်ငံသားနှင့် တိုင်းရင်းသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေး ဆောင်ရွက်ရာတွင် သွေးစစ်ဆေးခနှင့် ဓာတ်ပုံရိုက်ခများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပေးသွားမည်ဖြစ်၍ စာရင်းဇယားအချက်အလက်များ စာရင်းစစ်ခံယူနိုင်ရေး စနစ်တကျ ပြုစုထားရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေ ရာနှုန်းပြည့် ကောက်ခံရရှိနိုင်ရေး သက်ဆိုင်ရာ အထောက်အကူပြု အဖွဲ့များက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျေးရွာထင်းစိုက်ခင်း တစ်ရွာလျှင် အနည်းဆုံး နှစ်ဧကနှင့်အထက် စိုက်ပျိုးနိုင်ရေး သစ်တောဦးစီးဌာနမှ အောက်ခြေအထိ ကွင်းဆင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း သက်သာသည့် နှုန်းထားဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေး ဆိုလာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းပတ်ဝန်းကျင် တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြို့နယ်တစ်မြို့နယ်လျှင် Facility Quarantine Center နှစ်ခုပြင်ဆင်ထားရန်နှင့် အသုံးပြုရမည့် ကျန်းမာရေး ကာကွယ်ရေး သုံးပစ္စည်းများ လုံလောက်စွာ ထားနိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနများမှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၁)မှ CDM ပါဝင်သည့် ဝန်ထမ်းများ လုပ်ငန်းတာဝန်ပြန်လည်ထမ်းဆောင်လိုပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ် အချက်အလက်များကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

*စာမျက်နှာ ၇ မှ*

**မှုတွေအပေါ်မှာရော ဘယ်လိုမျိုးပူးပေါင်းဆောင်ရွက်မလဲ။**

ဖြေ ။ ။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကတော့ နယ်စပ်ဒေသမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ မြန်မာနိုင်ငံက ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေး လမ်းကြောင်းအပေါ်မှာ အပြည့်အဝ ဆောင်ရွက်သွားမယ်ဆိုရင်တော့ လုံးဝကို တည်ငြိမ်အေးချမ်းတဲ့ အခြေအနေရောက်သွားမယ်။ တရုတ်နယ်စပ်ပဲ မဟုတ်ပါဘူး။ ထိုင်းနိုင်ငံနယ်စပ်တွေမှာလည်း ရှိပါတယ်။ လာအိုနိုင်ငံနယ်စပ်တွေမှာလည်း ရှိပါတယ်။ အိန္ဒိယနယ်စပ်မှာလည်း ရှိပါတယ်။ အခု ဘင်္ဂလားနယ်စပ်မှာလည်းရှိပါတယ်။ နယ်စပ်တွေ တည်ငြိမ်ဖို့ကတော့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ မရှိအောင် သူတို့မြန်မာနိုင်ငံရဲ့ လျှောက်လှမ်းနေတဲ့ နိုင်ငံရေး လမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဖြစ်လာတယ်ဆိုရင်တော့ ကျွန်တော်တို့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကတော့ ခိုင်ခိုင်မာမာရှိတယ်လို့ ပြောချင်ပါတယ်။ အဲဒီတော့ ဒီမှာလည်း နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားရေး တိုးတက်အောင် ဆောင်ရွက်ပေးရမယ်။ ဒါလည်း မဖြစ်မနေလုပ်ပေးရမယ်။ တရုတ်ဘက်က နိုင်ငံရေးအခြေအနေနဲ့ ကျွန်တော်တို့ဘက်က နိုင်ငံရေးအခြေအနေနဲ့ ကွာဟနေလို့ မရဘူး။ အဲဒီလိုကွာဟနေတယ်ဆိုရင်တော့ ပြဿနာရှိမယ်ပေါ့။ ကွာဟမှုမရှိအောင်တော့ ကျွန်တော်တို့ဘက်က ကြိုးစားရမယ်။ တစ်ဖက်ကလည်း တည်ငြိမ်အောင်ကြိုးစားရမယ်။ ဒီဘက်ကလည်း တိုးတက်အောင် ကြိုးစားရမယ်။ ဒီနှစ်ခု ရှိမှသာ နှစ်နိုင်ငံဆက်ဆံရေး အခိုင်အမာရှိလိမ့်မယ်လို့ ကျွန်တော်တော့ မြင်တယ်။ နောက်တစ်ခုက ခင်ဗျားမေးတဲ့အထဲမှာ ကိုဗစ်-၁၉ ပါတယ်နော်။ ကိုဗစ်-၁၉ ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီမှာ ထိန်းနိုင်ပြီ။ ကျွန်တော်တို့ တော်တော်လေးထိန်းနိုင်တဲ့ အနေအထားရှိပါတယ်။ Second Wave ကတော့ ကျွန်တော်တို့ အများကြီး ဖြစ်ခဲ့ပါတယ်။ Third Wave မှာ ဖြစ်စဉ်က တော်တော်လေးနည်းပါတယ်။ သို့သော်လည်း လုံးဝပျောက်ပြီတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ကြိုးစားပြီး ထိန်းရလိမ့်မယ်။ နယ်စပ်ဒေသမှာ ကိုဗစ်မဖြစ်ပွားရေးနဲ့ပတ်သက်ရင် သူ့စည်းကမ်းချက်တွေကို တိတိကျကျလိုက်နာဖို့ တော့လိုတယ်။ အားနာလို့တော့မရဘူး။ ခင်ဗျားတို့ဘက်က စည်းကမ်း ထိန်းသိမ်းရေး အပိုင်းကလည်း သူ့စည်းကမ်းနဲ့ ထိန်းဖို့လိုတယ်။ ကျွန်တော်တို့ဘက်ကလည်း ထိန်းဖို့လိုပါတယ်။ သူ့ရဲ့သတ်မှတ်တဲ့ စည်းကမ်းချက်တွေရှိတယ်။ နောက်တစ်ခုက လူတွေက ဒါနဲ့ပတ်သက်ပြီး အသိရှိဖို့ လိုတယ်။ ကိုယ့်အသိနဲ့ကိုယ် မလိုက်နာဘူးဆိုရင် တားလို့ဆီးလို့မရတဲ့ ရောဂါဖြစ်တဲ့အတွက် ပြဿနာတော့ရှိလာဖို့မြင်တယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကလည်း တော်တော် အရေးကြီးတယ်လို့မြင်တယ်။

**မေး ။ ။ နောက်ဆုံးအနေနဲ့ ပြောလိုတာကတော့ စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အတွက် လွန်စွာပဲတန်ဖိုးထားပါတယ်။ အလေးအမြတ်ထားပါတယ်။ နောက်တစ်ခုကတော့ ခုနက ပြောသလိုပဲ နှစ်နိုင်ငံတည်ရှိနေတဲ့ သမိုင်းကြောင်း တည်ရှိနေတဲ့ Background တွေအရ နှစ်ဖက်က ဦးစားပေးပြီးတော့ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ ယုံကြည်ပါတယ်ဆိုတာ Phoenix က နိဂုံးချုပ်ပြောလိုပါတယ်။**

ဖြေ ။ ။ ကောင်းပါပြီ။ ပြည့်စုံပါတယ်။ ကျွန်တော့်အနေနဲ့လည်း မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ ကျွန်တော်ဦးဆောင်တဲ့အဖွဲ့ရဲ့ ထားရှိတဲ့ အနေအထား၊ ထားရှိတဲ့ သဘောထားတွေကို ကျွန်တော် ပြောခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော် ပြောတဲ့ဆိုတဲ့ အချက်တွေပေါ်မူတည်ပြီး နိုင်ငံတကာကိုလည်း အားလုံးသိရှိအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ ။

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ် (၃၀) ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အပြန်အလှန် ဆွေးနွေး**

တွေ့ဆုံစဉ် ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ မူလအဓိကရည်ရွယ်ချက်ဖြစ်သည့် ဇုန်ဧရိယာဧက ၂၅၀ တွင် Industrial Park တည်ထောင်နိုင်ရေးအတွက် လိုအပ်သည့် Skill Development Training များ ဖွင့်လှစ်သင်ကြားရာတွင် စက်မှုဝန်ကြီးဌာနမှ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ရေးကိစ္စ၊ Special Economic Zone (SEZ) ၌ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် Labour Intensive Factory များအပြင် နိုင်ငံ၏ ဆောက်လုပ်ရေး လိုအပ်ချက်အတွက် အထောက်အကူဖြစ်စေမည့် သံနှင့် သံမဏိစက်ရုံ၊ Petrol Chemical Plant များ ထည့်သွင်းတည်ဆောက်နိုင်ရေးကိစ္စ၊ သံနှင့် သံမဏိစက်ရုံ အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ နည်းပညာနှင့် အချက်အလက်ဆိုင်ရာ ကူညီပံ့ပိုးပေးနိုင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး အပြန်အလှန် တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



---

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

**နေပြည်တော် ဇွန် ၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ မူဝါဒများနှင့်အညီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ကော်မတီ၏ ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဦးစားပေးဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



**ပူးပေါင်းဆောင်ရွက်ပေး**

အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးချိန်တွင် ဘေးသင့်ပြည်သူများ ဘေးကင်းလုံခြုံသည့် နေရာတွင် ယာယီနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများ/ ဒေသအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ဘေးသင့်ပြည်သူများ ဘေးကင်းလွတ်ရာနေရာများတွင် ရွှေ့ပြောင်းနေထိုင်နိုင်ရန် ယာယီအဆောက်အအုံများ တည်ဆောက်ပေးခြင်းကို တတ်နိုင်သမျှ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ပြန်လည် တည်ဆောက်ပေးရမည့် လုပ်ငန်းများ၏ အဆောက်အအုံဒီဇိုင်းများကို သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ဒေသအလိုက် ဘေးအန္တရာယ်အမျိုးအစားအပေါ် မူတည်၍ ဒီဇိုင်းများ ပြန်လည် စိစစ်တွက်ချက်ပြီး သဘာဝဘေးဒဏ် ခံနိုင်သော အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေးအတွက် ညွှန်ကြားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ပြန်လည်တည်ဆောက်ပေး**

ဘေးအန္တရာယ် ကြောင့် ပျက်စီးဆုံးရှုံးသည့် လမ်း၊ တံတား၊ အခြေခံ အဆောက်အအုံများ၊ မြို့ပြနှင့် အများပိုင်အဆောက်အအုံများကို သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိစွာ ပြန်လည်တည်ဆောက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်နှင့်ပတ်သက်ပြီး ဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအမံလုပ်ငန်းများကို ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ နှင့် ယခင်နှစ်များတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှု၊ ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်က မြို့ပြနှင့် ကျေးလက်ဒေသများတွင် သဘာဝဘေးဒဏ် ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်ပေးရေး၊ ပျက်စီးသွားသော မြို့ရွာများအား မြို့/ရွာ အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

**ဖြည့်ဆည်းမှာကြား**

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယနေ့ အစည်းအဝေးမှ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မည့်အစီအစဉ် (၁၆) ရပ်ကို ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့ကို ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင် အာဆီယံက မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေး၊ အာဆီယံနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွက် လက်ရှိဆောင်ရွက်နေသော ဦးစားပေးစီမံကိန်း (၇) ရပ်ကို ဆက်လက်အကောင်အထည်ဖော်ရေးနှင့် ကျန်ရှိနေသေးသော စီမံကိန်းများအတွက် အာဆီယံက နိုင်ငံတကာအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် စတုတ္ထအကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ ညှိနှိုင်းအစည်းအဝေးကို ဇွန်လကုန်တွင် ကျင်းပနိုင်ရေးနှင့် အာဆီယံက တစ်ဆင့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီး ဦးရဲတင့် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ စဉ့်ကူးနှင့် ကျောက်မြောင်းမြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် ဝန်ထမ်းများနှင့် လည်းကောင်း၊ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

ဇွန် ၁ ရက်တွင် ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံတို့အား တွေ့ဆုံ၍ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်လည်းကောင်း၊ ကောလင်းခရိုင်ရုံးတွင် ကောလင်းခရိုင်နှင့် ပင်လယ်ဘူးမြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံတို့အားလည်းကောင်း တွေ့ဆုံပြီး ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် ထပ်ဆင့်လွှင့်စက်ရုံမှူးတို့အား တွေ့ဆုံပြီး ဝန်းသိုမြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိုင်ငံ့ဝန်ထမ်းပီပီ သစ္စာရှိရှိ စိတ်ကောင်းစေတနာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရေး မှာကြားခဲ့သည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းထားမှုကို ပြန်လည်ဖြေကြားခြင်း

**မေး(၁)** ။ မေလ ၃၁ ရက်နေ့က ကယားပြည်နယ်ဒီမော့ဆိုမြို့ ကုန်းသာကျေးရွာတိုက်ပွဲမှာ တပ်က ၈၀ ကျော် သေဆုံးခဲ့ကြောင်း KNDF က သတင်းထုတ်ပြန်ထားတာကို လူမှုကွန်ရက်မီဒီယာတွေမှာ တွေ့နေရပါတယ်။ ဒီသတင်း မှန်/ မမှန် သိချင်ပါတယ်။

ဖြေ(၁) ။ မေလ ၃၁ ရက်နေ့က ဒီမော့ဆိုမြို့ ကုန်းသာကျေးရွာမှာ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူတွေက တပ်မတော်စစ်ကြောင်းတစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့တာတော့ ရှိပါတယ်။ ဒါပေမယ့် တပ်မတော်သား ၈၀ ဦး ကျဆုံးခဲ့တယ်ဆိုတာတော့ လုံးဝမဟုတ်ပါဘူး။ သတင်းအမှားပါ၊ KNDF အကြမ်းဖက်သူတွေ အနေနဲ့ မကြာခဏ သတင်းမှားတွေကို ကြေညာချက်ထုတ်လေ့ရှိပါတယ်။









**မေး(၂)** ။ **မေလ ၃၁ ရက်နေ့က ချင်းပြည်နယ် မင်းတပ်နဲ့ ကန်ပက်လက်ကြားမှာ တပ်နဲ့ CDF တိုက်ပွဲဖြစ်ပွားပြီး တပ်ဘက်က ၈ ယောက်ကျဆုံးခဲ့တယ်ဆိုတဲ့ သတင်းကို Khit Thit Media သတင်း Page ကနေ မျှဝေထားပါတယ်။ အဲဒီအခြေအနေလေး သိချင်ပါတယ်။**

ဖြေ(၂) ။ ပြန်ကြားရေးဝန်ကြီးဌာနကနေ ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်နေ့ ရက်စွဲနဲ့ အမိန့်အမှတ်(၁/၂၀၂၁) အမိန့်ထုတ်ပြချက်မှာ Khit Thit Media၊ Mizzima ၊ Myanmar Now ၊ 7Day ၊ DVB သတင်းဌာနတွေရဲ့ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ပိတ်သိမ်းကြောင်း ထုတ်ပြန်ထားပါတယ်။ ကျွန်တော်တို့ ဒီ Khit Thit Media နဲ့ ပတ်သက်ပြီး အမြဲပြောလေ့ရှိပါတယ်။ သူတို့ရဲ့ သတင်းရင်းမြစ်တွေသည် ခိုင်မာမှုမရှိပါဘူး။ ကောလာဟလတွေ၊ လုပ်ကြံဝါဒဖြန့်သတင်းတွေကိုပဲ တစိုက်မတ်မတ် ရေးသားပြီး နိုင်ငံပြိုကွဲဖို့၊ မတည်မငြိမ်ဖြစ်ဖို့ ကြိုးစားနေတဲ့ သတင်း Page ပါ။ ဒီသတင်း Page က ရေးသားချက်တွေကို ယုံကြည်မှုမထားဖို့ တိုက်တွန်းလိုပါတယ်။ မေလ ၂၉ ရက်နေ့ကနေ ၃၁ ရက်အထိ ချင်းပြည်နယ် ကန်ပက်လက်မှာ ဘာတိုက်ပွဲဖြစ်စဉ်မှ မရှိပါဘူး။

**မေး(၃)** ။ **DVB TV News မှာ တင်ထားတဲ့ သတင်းအရ မေလ ၃၁ ရက်နေ့ ညနေပိုင်းမှာ ပေါက်မြို့နယ် ကြည့်ငိုတောင်တိုက်ပွဲအတွင်း တပ်မတော်ဘက်က ၃၀ ယောက် သေဆုံးခဲ့တယ်လို့ သတင်းတင်ထားတာ တွေ့ရပါတယ်။ ဒီအခြေအနေကိုလည်း သိပါရစေ။**

ဖြေ(၃) ။ DVB TV News က တင်ထားတဲ့ ပေါက်မြို့နယ် ကြည့်ငိုတောင် တိုက်ပွဲသတင်းကို ဖတ်ရပါတယ်။ သူ့သတင်းထဲမှာ တပ်မတော်ဘက်က လူ ၃၀ ဦးက မိုင်းနင်းမိပြီး သေဆုံးတယ်ဆိုပြီး ရေးထားတော့ သူတို့တင်တဲ့သတင်းက ဖြစ်နိုင်သလား/ မဖြစ်နိုင်ဘူးလားဆိုတာကို အယ်ဒီတာတွေ၊ သတင်းရေးသားသူတွေက စိစစ်နိုင်မှု မရှိဘူးဆိုတာ ပေါ်လွင်နေပါတယ်။ သတင်းအရင်းအမြစ် မသေချာတဲ့ အပေါ်မှာ မူတည်ပြီး ရေးထားတာကိုလည်း တွေ့ရပါတယ်။ မကွေးတိုင်း ကြည့်ငိုတောင်ဘက်မှာ ဘာတိုက်ပွဲဖြစ်စဉ်မှမရှိပါဘူး။

**မေး(၄)** ။ **မနေ့က Myo Yan Naung Thein ဖေ့စ်ဘုတ်ပေ့စ်ကနေ ကလေးတွေ ကျောင်းတက်မယ့်ကိစ္စ အထူးသတိပေးချက်ဆိုပြီး သူတို့ရဲ့ တော်လှန်ရေးကြီး နိုင်ငံလုံးဆိုင်ရာ ထိုးစစ်ကြီးက ဆင်တော့မှာ။ တစ်နိုင်ငံလုံးကို သိမ်းမယ်။ လေးငါးလနဲ့ အောင်မြင်မှာဆိုပြီး ပြောထားတာကို တွေ့ရပါတယ်။ ထပ်မံပြီး ကလေးတွေကို ကျောင်းသွားရင် ခြေပြတ်လက်ပြတ် ဖြစ်မယ်။ သေဆုံးမှုတွေ ဖြစ်နိုင်မယ်လို့ ခြိမ်းခြောက်ထားတာလည်း တွေ့ရပါတယ်။ BBC Burmese သတင်းဌာနကနေ လွတ်မြောက်နယ်မြေမှာ စစ်သင်တန်းတက်ပြီးနောက် မြို့ထဲပြန်ဝင်လာသူဆိုတဲ့ခေါင်းစဉ်နဲ့ လူငယ် ကိုဖိုးဇော်ကို မေးမြန်းနေတာတွေကို နားထောင်လိုက်ရပါတယ်။ ဒီအင်တာဗျူးထဲမှာ သူတို့က ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရတယ်၊ ပြောက်ကျားစစ်ဆင်ရေးတွေ ဆင်နွှဲမယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဒေါက်တိုင်တွေကို တိုက်ခိုက်မယ်၊ ယိုင်နဲ့သွားအောင် လုပ်မယ်၊ CDM မလုပ်တဲ့ ဌာနတွေကို တိုက်ခိုက်မယ်လို့ ပြောသွားပါတယ်။ ဒီပြောကြားချက်တွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနဲ့ ဘယ်လိုမျိုး ဆက်လက်စီမံဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ(၄) ။ ဒီအင်တာဗျူးတွေ အရ ကျောင်းနေအရွယ်ရှိးသား တဲ့ ကလေးသူငယ်တွေကို ပစ်မှတ်ထားတိုက်ခိုက်ဖို့နဲ့ CDM မလုပ်တဲ့ NON CDM ဝန်ထမ်းတွေကို လုပ်ကြံတိုက်ခိုက်ဖို့ စီစဉ်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီလိုကျောင်းနေအရွယ် ကလေးသူငယ်တွေနဲ့ လက်နက်မဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေကို တိုက်ခိုက်လာခဲ့ရင် အကြမ်းဖက်ဆူပူသောင်းကျန်းသူတွေကို ပြင်းထန်ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့သို့ မေးမြန်းသည့် မေးခွန်းနှင့်အဖြေများ

**မေး(၁) ။ ။ ငွေကြေးကျပ်တည်းမှုကို အခွင့်ကောင်းယူကာ ငွေကြေးချမ်းသာတဲ့ စစ်ဗိုလ်ချုပ်ဟောင်းများအပါအဝင် ၎င်းတို့နှင့်နီးစပ်သည့် စစ်တပ်အသိုင်းအဝိုင်းက ကျပ်ငွေသားလက်ဝယ်လိုချင်သူများကို အမြတ်တင်ရောင်းချနေတယ်ဆိုပြီး Irrrawaddy သတင်းဌာနက ဖော်ပြထားတာတွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အဖြစ်မှန် သိချင်ပါတယ်ခင်ဗျာ။**


ဖြေ(၁) ။ ။ လက်ရှိနိုင်ငံမှာ Banking System ကြောင့် ပြည်သူများ ငွေကြေးကျပ်တည်းမှု ဖြစ်ပေါ်နေတယ်ဆိုပြီး မသမာသူ ဘူဇွာလူတန်းစားက ဘဏ်အကောင့်အချင်းချင်း ငွေကြေးလွှဲပေးပြီး ရာခိုင်နှုန်းဖြတ်၍ ငွေသားပေးချေမှုများ ပေါ်ပေါက်လျက်ရှိတယ်လို့ သတင်းများထွက်ပေါ်လျက်ရှိသည့်အတွက် အဖွဲ့ဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ မေလ ၃၁ ရက်နေ့က တရားမဝင် ငွေလွှဲ/ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခ လျော့နည်းနှုန်းများယူ၍ ငွေသားပေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ချိုချိုလှိုင်(၂၉)နှစ် (ဘ) ဦးသိန်းဝင်းအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး ကျန်ရှိသော တရားမဝင် ငွေလွှဲ/ငွေထုတ် ဆောင်ရွက်သူများအားလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး(၂) ။ ။ ယခင် NLD သက်တမ်းအတွင်း ဖမ်းမိထားတဲ့သစ်တွေကို မြန်မာ့သစ်လုပ်ငန်းက သစ်လေလံပွဲပြုလုပ်ပြီး ရောင်းချမယ်လို့ Irrawaddy က ရေးထားတာ တွေ့ပါတယ်။ ဒီလိုလုပ်ငန်းစဉ်တွေက အရင်က ရောင်းချမှုရှိပါလား၊ ဘယ်လိုရောင်းချမှာလဲ ဖြေကြားပေးပါ။**

ဖြေ(၂) ။ ။ မြန်မာ့သစ်လုပ်ငန်းက တရားဝင်သစ်ထုတ်ခွင့်ပြုထားတဲ့ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်တဲ့အားလျော်စွာ ဌာနမှ ထုတ်လုပ်ရရှိသစ်များနဲ့ ဖမ်းဆီးရမိသစ်များကို ပြည်တွင်းရှိ ပုဂ္ဂလိကပိုင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ (ရုံးချုပ်) အိတ်ဖွင့် တင်ဒါ/ဒေသ အိတ်ဖွင့်လေလံစနစ်များဖြင့် ပွင့်လင်းမြင်သာစွာ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ သစ်နဲ့ပတ်သက်တဲ့ (MSME)လုပ်ငန်းများ ကုန်ကြမ်းအဆင်ပြေချောမွေ့စွာ ရရှိစေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သီးသန့် ဒေသအိတ်ဖွင့်လေလံစနစ်နဲ့ ပွင့်လင်းမြင်သာစွာ ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မယ့် အစီအစဉ်ကို မြန်မာ့သစ်လုပ်ငန်း Web-Site ဖြစ်တဲ့ (www.mte.com.mm) နဲ့ နိုင်ငံပိုင် ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာတို့မှာ (၃)ပတ်ကြိုတင်ကြေညာခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ တင်ဒါဆောင်ရွက်မယ့် အစီအစဉ်နဲ့ ကြော်ငြာအား အကြောင်းကြားခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး(၃) ။ ။ မနေ့က ဇွန် ၂ ရက်နေ့ ည ၉ နာရီကျော်မှာ ကျောက်ဆည်မြို့၊ ထားဝယ်လမ်းရှိ ပြည်ပန်းစစ်ဆေးရေးဂိတ်အား ကျောက်ဆည်ပြောက်ကျားတပ်ဖွဲ့က လက်လုပ်မိုင်းနဲ့ ပစ်ခတ်ခဲ့လို့ စစ်သည် သုံးဦး ကျဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိတယ်လို့ Bago Watch News agency ကနေ သတင်းမျှဝေထားတာ ဖတ်ရပါတယ်။ ဒီသတင်း မှန်/မမှန်လေး သိပါရစေခင်ဗျာ။**

ဖြေ(၃) ။ ။ မနေ့က ကျောက်ဆည်မြို့က စစ်ဆေးရေးဂိတ်ကို လက်လုပ်မိုင်းနဲ့ လာပစ်တာမှန်ပါတယ်။ ဒါပေမယ့် အသံမိုင်းပါ။ ထိခိုက်ဒဏ်ရာရရှိမှုတစ်စုံတစ်ရာ မရှိပါဘူး။ လာပစ်တဲ့ အကြမ်းဖက်သမားတွေကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ စစ်သည်တွေ ကျဆုံးတယ်၊ ဒဏ်ရာရတယ်ဆိုတာကတော့ သတင်းအမှားပါ။











ဂရိနိုင်ငံလက်စ်ဘို့စ်ကျွန်းပေါ်ရှိ ဒုက္ခသည်စခန်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# ဂရိနိုင်ငံရှိ ဒုက္ခသည်များနေထိုင်ရာနေရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စတင်ထိုးပေး

**အေသင် ဇွန် ၄**

ဂရိနိုင်ငံကျွန်းများပေါ်ရှိ ဒုက္ခသည်များ၊ ခိုလှုံသူများနှင့် ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်ရာစခန်းများတွင် ဇွန် ၃ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများ စတင်နေပြီဟု ဂရိနိုင်ငံဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ ဝန်ကြီးဌာနက ပြောသည်။

လက်စ်ဘို့စ်ကျွန်းနှင့် ဆာမို့စ်ကျွန်းပေါ်ရှိဒုက္ခသည်များ ခိုလှုံရာနေရာများတွင် လာမည့်သီတင်းပတ်အတွင်း ကာကွယ်ဆေးထိုးပေးမှုစတင်တော့မည်ဟု သိရသည်။

ဂရိနိုင်ငံအတွင်း ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူပေါင်း ၆၀၀၀၀ နီးပါးကို လက်ခံထားရသည်။ ယခုအချိန်အထိ ဂရိနိုင်ငံရှိ လူပေါင်း ၅ ဒသမ ၇ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံမှ ခရီးသွားများကို အီးယူနိုင်ငံများသို့ လာရောက်ခွင့်ပြုပေး

**တိုကျို ဇွန် ၄**

ဥရောပသမဂ္ဂ(အီးယူ)သည် ဂျပန်နိုင်ငံမှ သာမန်ခရီးသွားများကို အီးယူနိုင်ငံများသို့ လာရောက်ခွင့်ပေးရန် ထောက်ခံချက်ပေးသည့် စာရင်းတွင် ဂျပန်နိုင်ငံကို ထည့်သွင်းလိုက်သည်ဟု သိရသည်။ ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေကို သုံးသပ်ပြီးနောက် ဇွန် ၃ ရက်တွင် အဆိုပါကြေညာချက်ကို အီးယူမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ကြီးသည် ယခုအခါ နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ခရီးသွားများကို ကန့်သတ်ချက်များ တဖြည်းဖြည်းချင်း ဖြေလျှော့ပေးရန် တိုက်တွန်းထားသည်။

အဆိုပါနိုင်ငံများမှာ ဂျပန်၊ ဩစတြေးလျ၊ အစ္စရေး၊ နယူးဇီလန်၊ ရဝမ်ဒါ၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့ပင်ဖြစ်သည်။ လာမည့်ခရီးသွားရာသီအတွင်း ခရီးသွားများကို ဆွဲဆောင်နိုင်ရန် အီးယူမှ မျှော်မှန်းလျက်ရှိသည်ဟု သုတေသီများက ပြောသည်။

အဖွဲ့ကြီးမှ ထောက်ခံချက်ပေးထားသော်လည်း အဖွဲ့ဝင်နိုင်ငံများသည် နယ်စပ်ထိန်းချုပ်ရေးတွင် ဆက်လက်တာဝန်ရှိနေဆဲဖြစ်ကြောင်းနှင့် အစိုးရအသီးသီးသည် ၎င်းတို့နိုင်ငံများ ပြည်ဝင်ခွင့်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်အမျိုးမျိုးရှိကြောင်း အီးယူမှ ပြောသည်။

လာမည့်လမှစတင်ကာ ဥရောပသမဂ္ဂသည် ကာကွယ်ဆေးထိုးပြီးသူများ၊ ရောဂါမရှိကြောင်း ဆေးစစ်ထားသူများနှင့် ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူများကို အဖွဲ့ဝင်နိုင်ငံများအတွင်း အသိအမှတ်ပြု လက်မှတ်စနစ်ဖြင့် စတင်ကျင့်သုံးရန် စီစဉ်ထားသည်။

ဥရောပတစ်လွှား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများကို အရှိန်အဟုန်ဖြင့် ပြုလုပ်နေကြသည်။ ဇွန် ၃ ရက်အထိ အီးယူအဖွဲ့ဝင်နိုင်ငံများအတွင်း အသက် ၁၈ နှင့် အထက် ၄၆ ဒသမ ၃ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




အီတလီနိုင်ငံ ဖူမီချီနိုလေဆိပ်တွင် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

# ဆီးရီးယားနိုင်ငံသို့ ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်ရေး အမေရိကန်သံတမန် လမ်းကြောင်းရှာဖွေ

**ဒမတ်စကတ် ဇွန် ၄**

တူရကီနှင့် ဆီးရီးယားကြား နယ်စပ်ဖြတ်ကျော်ရေး လမ်းကြောင်းကို ဆီးရီးယားသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေး လမ်းကြောင်းဆက်လက်ဖွင့်ထားရန် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီးက ပြောသည်။ အဆိုပါ လမ်းကြောင်းဖွင့်ထားရန် လုံခြုံရေးကောင်စီ၏ ခွင့်ပြုပေးချက်မှာ ဇူလိုင်လတွင်သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။

သံအမတ်ကြီး လင်ဒါသောမတ်စ် ဂရင်းဖီးဒ်သည် ဇွန် ၃ ရက်က တူရကီနိုင်ငံအရှေ့တောင်ပိုင်းသို့ ရောက်လာပြီး ပဋိပက္ခဖြစ်ပွားနေသည့် ဆီးရီးယားနယ်မြေအတွင်း အကူအညီထောက်ပံ့ရေး ပစ္စည်းများ ပေးပို့နိုင်ရေးအတွက် စုံစမ်းမှုများ ပြုလုပ်ခဲ့သည်။

အစိုးရဆန့်ကျင် တိုက်ခိုက်ရေးအုပ်စုများ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ သုံးသန်းနီးပါးမှာ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် အကူအညီများ လိုအပ်နေသည်ဟု ယုံကြည်ရသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အိမ်နီးချင်း တူရကီနိုင်ငံနှင့် လမ်းကြောင်းကို ဆက်လက် ထိန်းသိမ်းထားပြီး ယင်းမှသာ ဆေးဝါး၊ အစားအသောက်နှင့် ဆေးပစ္စည်းများကို ဆီးရီးယားနိုင်ငံအတွင်းသို့ ပေးပို့နိုင်မည်ဖြစ်သည်။

အကယ်၍ အဆိုပါ လမ်းကြောင်းသာ တားဆီးပိတ်ပင်ခံရပါက အကူအညီများပေးပို့မှု ရပ်တန့်သွားမည်ကို စိုးရိမ်ကြောင်းလည်း သံအမတ်ကြီးက ထုတ်ဖော် ပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် ဆီးရီးယားမှ ပြည်သူများ၊ ဒုက္ခသည်များနှင့် ဒုက္ခသည်များကို လက်ခံပေးသည့် အဖွဲ့အစည်းများအတွက် ဒေါ်လာသန်း ၂၄၀ တန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးမည်ဟုလည်း ၎င်းက ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ လက်ရှိ ကူးစက်ခံရသူအရေအတွက်မှာ ၂၀၀ အောက်သို့ ရောက်ရှိ

**ဂျေရုဆလင် ဇွန် ၄**

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ လက်ရှိကူးစက်ခံနေရသူအရေအတွက်မှာ ဇွန် ၃ ရက်က ၁၉၃ ဦးမှ ၁၂၂ အထိ ကျဆင်းသွားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ယင်းလူနာပမာဏမှာ ၂၀၂၀ ပြည့်နှစ် မတ် ၁၄ ရက် နောက်ပိုင်း အနိမ့်ဆုံးပင်ဖြစ်သည်။

ကူးစက်မှုအသစ် ၁၀ ဦး တွေ့ရှိခဲ့သည့်အတွက် ကူးစက်ခံရသူစုစုပေါင်းမှာ ၈၃၉၅၂၇ ဦးရှိသည်။ ဆေးရုံတက်ကုသနေရသူ ၇၇ ဦးအနက် စိုးရိမ်ရသည့် အခြေအနေရှိသူမှာလည်း ၄၁ ဦးမှ ၄၀ သို့ ကျဆင်းသွားသည်။

အစ္စရေးနိုင်ငံတွင် ကာကွယ်ဆေးထိုးပြီးသူအရေအတွက်မှာ ၅ ဒသမ ၄၅ သန်းရှိပြီး တိုင်းပြည်လူဦးရေ၏ ၅၈ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

**ဆင်ဟွာ**

# ဆိုက်ဘာတိုက်ခိုက်မှုများအတွက် အမေရိကန်သတိပေး

**နယူးယောက် ဇွန် ၄**

စီးပွားရေးလုပ်ငန်းများအနေဖြင့် ဆိုက်ဘာ တိုက်ခိုက်ခံရမှုမှ ကိုယ်တိုင်ကာကွယ်နိုင်ရန် ပိုမိုကြိုးစားလုပ်ကိုင်ရမည်ဟု အမေရိကန် အစိုးရက ပြောသည်။

အမေရိကန်ပြည်သူလူထုနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးတွင် အားကောင်းအောင် စီးပွားရေး ခေါင်းဆောင်များ လုပ်ဆောင်ရန် တာဝန်ရှိသည်ဟုလည်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျန်ပစာကီ က ပြောသည်။

ဆိုက်ဘာတိုက်ခိုက်မှုများကို အကြွမ်းဖက်တိုက်ခိုက်မှုအဖြစ် သတ်မှတ်ကာ ကိုင်တွယ်သွားမည်ဟုလည်း အမေရိကန်တရားရေးဌာနက ပြောသည်။

နောက်ဆုံး တိုက်ခိုက်ခံရသည့် ဆိုက်ဘာတိုက်ခိုက်မှုမှာ မန်ဆာချူးဆက် ပြည်နယ် ပင်လယ်ကူး သင်္ဘောအာဏာပိုင်အဖွဲ့၏ ကွန်ပျူတာစနစ်ကို ဟက်ကာများ ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပြုလုပ်ခဲ့သည့်အတွက် ခရီးသွားများ ကြိုတင်စာရင်းပေးသွင်း၍ မရဘဲဖြစ်ခဲ့ရသည်။ သင်္ဘော၏ လုံခြုံရေးစနစ်၊ ရေဒါစနစ်နှင့် ဂျီပီအက်စ်စနစ်တို့မှာ ထိခိုက်ခြင်းမရှိဘဲ ပုံမှန်အတိုင်းရှိနေသည်ဟု ကုမ္ပဏီဘက်မှ ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း ကမ္ဘာ့အကြီးဆုံး အသား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဂျေဘီအက်စ်၏ ဆာဗာကို ဟက်ကာများက ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ မြောက်အမေရိကနှင့် ဩစတြေးလျတို့ရှိ လုပ်ဆောင်နေသည့် စက်ရုံများကို ပိတ်ပစ်ရန် ဖိအားပေးခဲ့သည်။

ပြီးခဲ့သည့် လအတွင်းကလည်း နောက်ထပ်ဟက်ကာ သမားများသည် အမေရိကန် ပြည်ထောင်စုရှိ အကြီးဆုံးရေနံပိုက်လိုင်းကို ပစ်မှတ်ထားကာ နှောင့်ယှက်မှုများ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# အင်ဒိုနီးရှားတွင် ကိုဗစ်–၁၉ ကြောင့် တစ်နေ့တည်းသေဆုံးသူ ၂၀၁ ဦးရှိလာ



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ ဘူတာရုံတစ်ခုတွင် ကိုဗစ်–၁၉ စစ်ဆေးရန် ခရီးသည်တစ်ဦးထံမှ နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

**ဂျကာတာ ဇွန် ၄**

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄၈၆ ဦးတိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်–၁၉ အတည်ပြုလူနာ၁၈၄၃၆၁၂ ဦး ရှိခဲ့သည်။ ထို့အတူ တစ်နေ့တည်းသေဆုံးသူ ၂၀၁ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၅၁၂၉၈ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

**ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့**

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်–၁၉ ရောဂါကင်းစင်သွားသူ ၅၉၅၀ တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကင်းစင်သွားသူ ၁၆၉၇၅၄၃ ဦးရှိလာခဲ့သည်။

ကိုဗစ်–၁၉ ဗိုင်းရပ်စ်သည် နိုင်ငံ၏ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

**သတင်းဖော်ပြခြင်းမရှိ**

လွန်ခဲ့သော ၂၄ နာရီက အနောက်ဂျာဗားတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၉၅၂ ဦး၊ ဂျကာတာတွင် ၉၀၆ ဦး၊ အလယ်ဂျာဗားတွင် ၈၈၇ ဦး၊ ရှုးရီတွင် ၅၉၃ ဦးနှင့် အနောက်ဆူမားတြားတွင် ၃၀၆ ဦးတို့ ဖြစ်ကြသည်။

ပါပူအာပြည်နယ်တွင် ကိုဗစ်–၁၉ အသစ်ထပ်မံ ကူးစက်ဖြစ်ပွားသည့် သတင်းဖော်ပြခြင်းမရှိပေ။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုတိုးလာ

**မနီလာ ဇွန် ၄**

ဖိလစ်ပိုင်နိုင်ငံတွင် ဇွန် ၄ ရက်က ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၇၄၅၀ တိုးလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်–၁၉ အတည်ပြုလူနာ ၁၂၅၅၃၃၇ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

သေဆုံးသူ ဦးရေမှာလည်း နောက်ထပ် ကိုဗစ်–၁၉ ကြောင့် ၁၈၁ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၁၅၃၇ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောသည်။

လူဦးရေသန်း ၁၁၀ ကျော်ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ယခုချိန်အထိ လူဦးရေ ၁၂ သန်းကျော်ကို ကိုဗစ်–၁၉ စစ်ဆေးခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံတွင် သံသယဖြစ်ဖွယ် ကိုဗစ်–၁၉ ရှိ၊ မရှိသိရှိရန် အပူချိန်တိုင်းတာစစ်ဆေးနေသည်ကို တွေ့ရစဉ်။

အစိုးရသည် ကာကွယ်ဆေး အပြည့်အဝ ထိုးထားသော ပြည်တွင်း ခရီးသွားများအတွက် သီးခြား ခွဲခြားစောင့်ကြည့်မှု ကာလကို သီတင်းပတ်နှစ်ပတ်မှ တစ်ပတ်အထိ လျှော့ချသတ်မှတ် ခဲ့ကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူ ဟာရီက ပြောကြားလိုက်သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူတိုးလာပြီး ၈၆ ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ ဇွန် ၄**

မလေးရှားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၇၇၄၈ ဦး တိုးလာကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်–၁၉ အတည်ပြုလူနာ ၆၀၃၁၂၂ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၄ ရက်က ပြောကြားလိုက်သည်။

ပြည်ပ ကူးစက်ဖြစ်ပွားသူ နှစ်ဦးနှင့် ၇၇၄၆ ဦးမှာ ပြည်တွင်း ကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗဒူလာက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

နောက်ထပ် ကိုဗစ်–၁၉ ဖြင့် သေဆုံးသူ ၈၆ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၃၁၈၂ ဦး ရှိလာသည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၆၆၂၄ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကင်းစင်သွားသူ ၅၁၅၅၇၁ ဦး ရှိလာခဲ့သည်။ ယင်းပမာဏသည် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအားလုံး၏ ၈၅ ဒသမ ၅ သန်းအထိရှိသည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားနေသူ ၈၄၃၆၉ ဦးရှိပြီး ၈၈၃ ဦးကို အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသပေးလျက်ရှိပြီး ၎င်းတို့အနက် ၄၅၉ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ



မလေးရှားနိုင်ငံတွင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်တစ်စင်းပေါ်၌ ပြည်သူများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင် သွားလာနေသည်ကို တွေ့ရစဉ်။

# ဗီယက်နမ်တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၈၂၈၇ ဦး အထိတိုးလာ

**ဟနွိုင်း ဇွန် ၄**

ဗီယက်နမ်နိုင်ငံတွင် ဇွန် ၄ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၄ ဦးတိုးလာရာ ၂၁၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ငါးဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၈၂၈၇ ဦးတိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

အစုလိုက် ကူးစက်ဖြစ်ပွားမှုများအနက် ၁၄၁ ခုကို နိုင်ငံမြောက်ပိုင်း ကိုဗစ်–၁၉ ဗဟိုချက်နေရာဖြစ်သည့် ဘက်ဂင်ပြည်နယ်တွင်တွေ့ရှိခဲ့ပြီး ၄၇ ခုကို မြောက်ပိုင်း ဘက်နင်ပြည်နယ်တွင် တွေ့ရှိခဲ့ကာ ၂၆ ခုကို တောင်ပိုင်း ဟိုချီမင်းမြို့တွင် တွေ့ရှိခဲ့သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုအများစုမှာ ယခင်က ကိုဗစ်–၁၉ အတည်ပြုလူနာနှင့် ထိတွေ့မှုရှိသူများ သို့မဟုတ် ဆက်စပ်မှုရှိသူများဖြစ်ကြသည်။

နောက်ထပ်ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူတစ်ဦးမှာ အခြေအနေ ဆိုးလာသောကြောင့် လက်လျှော့လိုက်ရသည်။ ၎င်းအပါအဝင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၅၀ အထိ ရှိလာခဲ့သည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၆၃၁ ဦးတိုးလာ

**ဘန်ကောက် ဇွန် ၄**

ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၆၃၁ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၇၁၉၇၉ ဦး ရှိလာခဲ့ကြောင်း တရားဝင်သတင်းအချက်အလက်များအရ သိရသည်။

ထပ်မံကူးစက်ဖြစ်ပွားသူ သုံးပုံတစ်ပုံခန့်မှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှဖြစ်သည်။ ဘန်ကောက်သည် တတိယကိုဗစ်လှိုင်းဂယက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်လာခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ဖြင့်သေဆုံးသူ ၁၁၇၇ ဦး ရှိလာခဲ့သည်။

ကူးစက်ရောဂါ စတင်ဖြစ်ပွားလာကတည်းက ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းသိမ်းရန် နိုင်ငံတစ်ဝန်းလူဦးရေ သန်း ၇၀ နီးပါး၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုး ပေးရန် ကတိပေးထားသည်။

ဆင်ဟွာ

# အလုပ်အကိုင်အခွင့်အလမ်းများ နာလန်ထူနိုင်ရေး နှေးကွေးနေဦးမည်ဟု အိုင်အယ်လ်အိုသတိပေး

ကေကေစိုး

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာရသည့် အလုပ်သမားဈေးကွက်ထိခိုက်မှုမှာ ဆက်လက်ရှိနေဦးမည်ဟု အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (အိုင်အယ်လ်အို)က ပြောသည်။ အနည်းဆုံး ၂၀၂၃ ခုနှစ် မတိုင်မီအထိ အလုပ်သမား ဈေးကွက်တွင် မပြည့်စုံ မလုံလောက်မှုများဖြစ်ပေါ်လာနိုင်သည်ဟု အိုင်အယ်လ်အိုက ပြောသည်။



လမ်းဘေးဈေးသည်များကို တွေ့ရစဉ်။

### နစ်နာမှုများရှိ

ကိုဗစ် - ၁၉ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် အလုပ်သမားဈေးကွက်တွင် အန္တရာယ်များ ထိခိုက်နစ်နာမှုများရှိသည်ဟုလည်း ကုလသမဂ္ဂ အေဂျင်စီက ပြောသည်။ နောက်ဆုံးပြုလုပ်ထားသည့် အကဲဖြတ်မှုများအရ တစ်ကမ္ဘာလုံးဆိုင်ရာ အလုပ်လက်မဲ့ဦးရေမှာ ၂၀၂၂ ခုနှစ်တွင် ၂၀၅ သန်းရှိလာမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၉ ခုနှစ်တွင်မူ အလုပ်လက်မဲ့ဦးရေမှာ ၁၈၇ သန်းသာရှိခဲ့သည်။ အလုပ်လက်မဲ့နှုန်း ကွာခြားချက်မှာ ၅ ဒသမ ၇ ရာခိုင်နှုန်းတွင်ရှိသည်။ လတ်တလောတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှု အစီအစဉ်များကြောင့် ဈေးကွက်ထိခိုက်မှုမှ နာလန်ထူနိုင်ရေးမှာ ပြန်လည်စတင်နေပြီဖြစ်သည်။

### ပြန်လည်တွေ့မြင်လာ

စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေးလှုပ်ရှားမှုများကိုလည်း ပြန်လည်တွေ့မြင်လာရသည်။ သို့သော်လည်း ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်နစ်နာမှုများ နာလန်ထူလာနိုင်ဖွယ်ရှိသည်ဟု အိုင်အယ်လ်အိုမှ ညွှန်ကြားရေးမှူးချုပ် ဂရေး ရိုင်ဒါက ဆင်ဟွာနှင့်အင်တာဗျူးတွင် ပြောကြားခဲ့သည်။ ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း အထိခိုက်ဆုံးဒေသများမှာ လက်တင်အမေရိကနှင့် ကာရေဗီယန်၊ ဥရောပနှင့် အာရှအလယ်ပိုင်းတို့ဖြစ်သည်ဟု အိုင်အယ်လ်အိုအဖွဲ့ကြီးက ပြောသည်။

### ညီတူမျှတူဖြစ်မလာနိုင်သေး

စီးပွားရေးနှင့်အလုပ်သမားဈေးကွက် နာလန်ထူမှုမှာ ညီတူမျှတူ ဖြစ်မလာနိုင်သေးပေ။ ဝင်ငွေမြင့်ပြီး ချမ်းသာသည့်နိုင်ငံများသည် စီးပွားရေးနာလန်ထူမှုလျင်မြန်သည်။ သို့သော်လည်း ဝင်ငွေနိမ့်ပါးပြီး ဆင်းရဲသည့် တိုင်းပြည်များတွင်မူ စီးပွားရေးခရီးကြမ်းကို လျှောက်လှမ်းရဦးမည်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ အလုပ်နေရာများ ပြန်လည်နာလန်ထူလာနိုင်မှုမှာ ၂၀၂၁ ခုနှစ် နှစ်ဝက်ပိုင်းတွင် အကောင်အထည်ဖော်လာနိုင်အောင် အစီအစဉ်ပြုလုပ်ထားသည်ဟု သိရသည်။

### ခက်ခဲနေသေး

လူအများအပြား ကာကွယ်ဆေးထိုးပြီးလေလေ စီးပွားရေးလုပ်ငန်းများကို လျင်လျင်မြန်မြန် ပြန်စ၍ ရလေလေဖြစ်သည်။ သို့သော်လည်း ကာကွယ်ဆေးမှာ ချမ်းသာသည့်နိုင်ငံများက လက်ဦးမှု ရယူကာ ထိုးနှံမှုပြုလုပ်နေသည့်အတွက် ကာကွယ်ဆေးကို ညီညီမျှမျှ ဖြန့်ဖြူးပေးရန် မဖြစ်နိုင်သေးဟု ၎င်းကဆက်လက်ပြောကြားသည်။ ၂၀၂၁ ခုနှစ်အတွင်း အလုပ်နေရာပေါင်း သန်း ၁၀၀ ဖန်တီးနိုင်မည်ဟု အိုင်အယ်လ်အိုက ခန့်မှန်းထားပြီး ၂၀၂၂ ခုနှစ်တွင် နောက်ထပ်သန်း ၈၀ ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ သို့သော်လည်း ကပ်ရောဂါမတိုင်မီအချိန်ကအတိုင်း အလုပ်နေရာများ ပြန်လည်ရရှိရန်မှု ခက်ခဲနေသေးသည်။

### အမျိုးသမီးများအလုပ်အကိုင်ဆုံးရှုံးမှုပိုများ

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် အလုပ်နေရာဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ရသည်။ အမျိုးသမီးများမှာ လုပ်အားခဆုံးရှုံးခြင်းနှင့် လုပ်ခလစာမရသည့်အချိန်က ပိုများခြင်းတို့နှင့် ရင်ဆိုင်ရသည်။ အမျိုးသမီးများမှာ အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အလုပ်အကိုင်ဆုံးရှုံးမှု ပိုမိုများပြားသည်။ အမျိုးသမီးများသည် အလုပ်နေရာဆုံးရှုံးရပြီး အလုပ်သမားဈေးကွက်မှ ထွက်ခွာသွားရသည့် အရေအတွက်မှာလည်း အမျိုးသားများထက်ပို၍ပင် များပြားသည်။ အမျိုးသမီးအများစုမှာ အစားအသောက်လုပ်ငန်း၊ ဟိုတယ်နှင့် တည်းခိုနေထိုင်မှုလုပ်ငန်းများတွင် အများဆုံးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများမှာ ကပ်ရောဂါကြောင့် အများဆုံးထိခိုက်နစ်နာရသည့် လုပ်ငန်းများဖြစ်ကြသည်။ ကပ်ရောဂါကြောင့် အဆိုပါလုပ်ငန်းများမှာ တည်ငြိမ်မှုမရှိဘဲ အလုပ်နေရာအာမခံချက်လည်း မရှိပေ။ ထို့ပြင် အမျိုးသမီးများမှာ လုပ်ငန်းခွင်တွင် မနေနိုင်ဘဲ နေအိမ်ပြန်ပြီး မိသားစုကိုစောင့်ရှောက်ရခြင်း တာဝန်များလည်း ရှိနေသေးသည့်အတွက် ဖြစ်သည်။

### အဟန့်အတားဖြစ်လာ

အမျိုးသမီးများ အလုပ်သမားဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် မူဝါဒများ ဖွံ့ဖြိုးလာအောင်ပြင်ဆင်ရန် လိုအပ်သည်။ အမျိုးသမီးများမပါဝင်ဘဲ စီးပွားရေးတိုးတက်ကြီးပွား အောင်မြင်လာရန် မလွယ်ကူဟုလည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းကြီး၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။ လက်ရှိ အခက်အခဲ အကျပ်အတည်းများကြောင့် လူငယ်များ၏ ဘဝရပ်တည်မှုကိုလည်း ထိခိုက်လာရသည်။ လူငယ်များ တက္ကသိုလ်မှ လုပ်ငန်းခွင်သို့ ဝင်ရမည့်လမ်းကြောင်းကို အဟန့်အတားဖြစ်လာစေသည်။ တစ်ကမ္ဘာလုံးအနှံ့ လူငယ်များ အလုပ်လက်မဲ့နှုန်းမှာ ၂၀၂၀ ပြည့်နှစ်တွင် ၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းလာရသည်။ လူလတ်ပိုင်းများနှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၇ ရာခိုင်နှုန်း ပို၍ များပြားနေသည်။ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်အောင် ကြိုးစားရဦးမည်ဖြစ်သည်။

### သိသိသာသာလျော့ကျလာ

အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်စတင်နိုင်အောင် နိုင်ငံအများအပြားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးနေကြသည်။ အမေရိကန်နိုင်ငံတွင်လည်း ကိုဗစ် -၁၉ ကာကွယ်ဆေးကို မပြတ်ထိုးပေးလျက်ရှိရာ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကလေးများ ကိုဗစ်-၁၉ ကူးစက်ခံရမှုမှာ သိသိသာသာ လျော့ကျလာသည်ဟု သိရသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကလေးပေါင်း ၃၄၅၀၀ ကိုဗစ် - ၁၉ ကူးစက်ခံရသည်။ ယင်းပမာဏမှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ အစောပိုင်းမှစတင်၍ အနိမ့်ဆုံးပမာဏပင်ဖြစ်သည်ဟု ကလေးဆေးရုံများအသင်း၏ အစီရင်ခံစာအရ သိရသည်။ ကိုဗစ် - ၁၉ ကူးစက်မှုစုစုပေါင်းတွင် ကလေးများကူးစက်ခံရမှုမှာ ၂၄ ဒသမ ၃ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

### ခွင့်ပြုပေးခဲ့

မေ ၂၇ ရက်တွင် အမေရိကန်ပြည်ထောင်စု၌ ကလေးပေါင်း လေးသန်းနီးပါးမှာ ကိုဗစ် -၁၉ ကူးစက်ခံထားရသည်ဟု တွေ့ရှိခဲ့သည်။ ကလေးများ ကိုဗစ် -၁၉ ကြောင့်ဆေးရုံတက်ရသည့် ပမာဏမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိရှိသည်။ ကိုဗစ် - ၁၉ နှင့်ဆက်စပ်ပြီး ကလေးသေဆုံးမှုနှုန်းမှာ ၀ ရာခိုင်နှုန်းမှ ၀ ဒသမ ၂၃ ရာခိုင်နှုန်းအထိရှိသည်။ မေ ၁၀ ရက်မှစတင်ကာ အမေရိကန်အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးမှ ဖိုက်ဇာကိုဗစ် - ၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ကလေးများကိုပါ ထိုးနှံခွင့်ပေးရန် ခွင့်ပြုပေးခဲ့သည်။

### အနှောင့်အယှက်ဖြစ်နေဦးမည်

အမေရိကန်ပြည်ထောင်စုတွင် အသက် ၁၂ နှစ်နှင့်အထက် ကလေးပေါင်း ၁၃၆ သန်းမှာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို နှစ်ကြိမ်အပြည့် ထိုးပေးပြီးဖြစ်သည်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ ယင်းပမာဏမှာ ၄၈ ဒသမ ၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု သိရသည်။ ကမ္ဘာအနှံ့ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးမှာ ကိုဗစ် -၁၉ ကာကွယ်ဆေး လျင်လျင်မြန်မြန်ထိုးပေးနိုင်မှုပေါ်တွင် မူတည်သည်။ ကာကွယ်ဆေးဖြန့်ဖြူးပေးရာတွင် မညီမျှမှုများရှိနေသေးသရွေ့ အလုပ်အကိုင်များ ဖန်တီးရာတွင် အနှောင့်အယှက် အဟန့်အတားဖြစ်နေဦးမည်ဖြစ်သည်။ ။

ကိုးကား - ဆင်ဟွာ

"အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်စတင်နိုင်အောင် နိုင်ငံအများအပြားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးနေကြသည်။ အမေရိကန်နိုင်ငံတွင်လည်း ကိုဗစ် -၁၉ ကာကွယ်ဆေးကို မပြတ်ထိုးပေးလျက်ရှိရာ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကလေးများ ကိုဗစ်-၁၉ ကူးစက်ခံရမှုမှာ သိသိသာသာ လျော့ကျလာသည်ဟု သိရ"

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၁၂ ဦး တွေ့ရှိ

## (၄–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၂၈,၂၄၆) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄,၁၅၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၄၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၄–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁၃၂) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၃) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၄၆) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇၄) ခု | (၆၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၆) ခု | (၁၃၈)ဦး |
| စုစုပေါင်း | (၁,၇၇၈) ခု | (၂၁၂)ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ကိုဗစ်–၁၉ ရောဂါ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်၍ ကာကွယ်ပါ

✓ ကိုဗစ်–၁၉ ရောဂါကို–

(၁) မိမိကိုယ်တိုင် ကူးစက်မခံရစေရန်၊

(၂) မိသားစုကို မကူးစက်စေရန်၊

(၃) မိမိပတ်ဝန်းကျင်ရှိအခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်၍ ကာကွယ်ရပါမည်။

✓ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းသည် အလွန် ထိရောက်သော ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးနည်းလမ်းဖြစ်၍ ရောဂါဖြစ် ပွားမှုကွင်းဆက်ကို ထိရောက်စွာဖြတ်တောက်နိုင်ပါသည်။



မေလ၊ ၂၀၂၁

### ၄-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၇၅၃၄၈ | ၂၈၀၂၅၈၈၅ | ၆၁၁၆၂၈ |
| ၂။ | အိန္ဒိယ | ၂၈၆၂၅၅၆၈ | ၂၆၆၆၇၈၃၃ | ၃၄၁၄၅၀ |
| ၃။ | ဘရာဇီး | ၁၆၈၀၃၄၇၂ | ၁၅၂၂၈၉၈၃ | ၄၆၉၇၈၄ |
| ၄။ | ပြင်သစ် | ၅၆၉၄၀၇၆ | ၅၃၇၈၂၉၉ | ၁၀၉၈၅၇ |
| ၅။ | တူရကီ | ၅၂၇၀၂၉၉ | ၅၁၃၉၉၉၃ | ၄၇၈၈၂ |
| ၆။ | ရုရှား | ၅၁၀၈၁၂၉ | ၄၇၂၀၅၁၂ | ၁၂၃၀၃၇ |
| ၇။ | ဗြိတိန် | ၄၄၉၉၈၇၈ | ၄၂၉၆၂၄၄ | ၁၂၇၈၁၂ |
| ၈။ | အီတလီ | ၄၂၂၅၁၆၃ | ၃၈၉၃၂၅၉ | ၁၂၆၃၄၂ |
| ၉။ | အာဂျင်တီးနား | ၃၈၈၄၄၄၇ | ၃၄၃၈၄၃၇ | ၇၉၈၇၃ |
| ၁၀။ | ဂျာမနီ | ၃၇၀၂၁၉၀ | ၃၅၂၇၀၀၀ | ၈၉၆၂၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၄၃၆၁၂ | ၁၆၉၇၅၄၃ | ၅၁၂၉၆ |
| ဖိလစ်ပိုင် | ၁၂၅၅၃၃၇ | ၁၁၇၃၀၀၆ | ၂၁၅၃၇ |
| မလေးရှား | ၆၀၃၁၂၂ | ၅၁၅၅၇၁ | ၃၁၈၂ |
| ထိုင်း | ၁၇၁၉၇၉ | ၁၂၀၆၉၇ | ၁၁၇၇ |
| မြန်မာ | ၁၄၄၁၅၇ | ၁၃၂၄၁၅ | ၃၂၂၁ |
| စင်ကာပူ | ၆၂၁၅၈ | ၆၁၅၅၇ | ၃၃ |
| ကမ္ဘောဒီးယား | ၃၃၀၇၅ | ၂၅၅၄၄ | ၂၄၂ |
| ဗီယက်နမ် | ၈၂၈၇ | ၃၂၀၈ | ၅၀ |
| လာအို | ၁၉၄၃ | ၁၆၅၄ | ၃ |
| ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |

# ချင်းပြည်နယ်အတွင်း တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ ထန်တလန်မြို့နယ်နှင့် ဟားခါးမြို့နယ်တို့တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ် ၁၂၇ /၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာသဖြင့် အချို့သောမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်အတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) တီးတိန်မြို့နယ်၊

(ခ) ဖလမ်းမြို့နယ်၊

(ဂ) ထန်တလန်မြို့နယ်၊

(ဃ) ဟားခါးမြို့နယ်။

၃။ အဆိုပါမြို့နယ်(၄)မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ၊)

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၅-၆-၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင် သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

## ပဲခူးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် အမျိုးသမီးကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




ပဲခူး ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် အမျိုးသမီးကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အောက်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် (၄) ဦးအောင်မင်းက ပဲခူးတိုင်းဒေသကြီးအဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ခရိုင်/ မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကိုလည်း ဆက်လက်ဖွဲ့စည်းလျက်ရှိကြောင်း၊ ကလေးသူငယ်တိုင်း အခွင့်အရေး ပြည့်ပြည့်ဝဝရရှိပြီး အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် အမျိုးသမီးကော်မတီအတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

**တင်စိုး(ပဲခူး)**

## နတ်မောက်၌ မိုးဘဏ်ချေးငွေများ ထုတ်ချေးပေး

နတ်မောက် ဇွန် ၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၁–မိုးဘဏ်ချေးငွေများကို နတ်မောက်မြို့နယ်အတွင်းရှိ ဘဏ်ချေးငွေ တောင်သူလယ်သမားဦးကြီးများသို့ မေ ၂၇ ရက်နေ့မှ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဇွန် ၄ ရက် နံနက် ၉ နာရီခွဲတွင် ရွာတော်အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူ ၇၅ ဦးသို့ ဧက ၅၀၀ ချေးငွေပမာဏ ငွေကျပ် ၅၀၀ ဒသမ ၀၀ သိန်း ထုတ်ချေးပေးလျက်ရှိပြီး ယနေ့အထိ ကျေးရွာအုပ်စုသုံးအုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူ ၁၃၅ ဦးသို့ စပါး ၁၃ ဧက နှမ်း ဧက ၈၄၈ ဧကအတွက် ချေးငွေကျပ် ၈၆၇ ဒသမ ၅၀ သိန်း ထုတ်ချေးပေးပြီး ဖြစ်ပါကြောင်း၊ ထုတ်ချေးရန် ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ ၂၀၂၀–မိုး ပြေကျေသည့် ဘဏ်အဖွဲ့ဝင် တောင်သူဦးကြီးများအား ဆက်လက်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ထုတ်ချေးမှုများသည် ၂၀၂၀–မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပြေကျေသူများကို ၂၀၂၁– မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ စိုက်ပျိုးချိန်အမီ ထုတ်ချေးကြောင်း တောင်သူများထံမှ သိရှိရသည်။ **နတ်မောက်သား**

## ✻ *ကျောဖုံးမှ*

တူချယ်သည် ချယ်ဆီးအသင်းသို့ ရောက်ရှိလာပြီးနောက် စုစုပေါင်းပွဲ ၃၀ တာဝန်ယူကိုင်တွယ်ထားရာ ၁၉ ပွဲနိုင်၍ ခြောက်ပွဲသရေကျကာ ငါးပွဲသာ ရှုံးနိမ့်ထားသည်။ နည်းပြ တူချယ်၏ ချယ်ဆီးအသင်းသည် ဩဂုတ် ၁၂ ရက်တွင် ယူအီးအက်ဖ်အေ စူပါဖလားအဖြစ် စပိန်ကလပ် ဗီလာရီးရဲအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ချယ်ဆီးအသင်းသည် လာမည့်နှစ်တွင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန်အတွက် စီးရီးအေချန်ပီယံ အင်တာမီလန်အသင်းမှ တိုက်စစ်ကစားသမား လူကာကူကို ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေသည်။ သို့သော်လည်း ကစားသမားကိုယ်တိုင်က အင်တာမီလန်အသင်းတွင် ဆက်နေရန် ဆန္ဒရှိနေသောကြောင့် အပြောင်းအရွှေ့ဖြစ်မြောက်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။ နည်းပြ တူချယ် ချယ်ဆီးအသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းလိုက်စုဖွဲ့မှုအားကောင်းလာသော်လည်း ခံစစ်ကို အဓိကထား ပြုပြင်လုပ်ဆောင်ခဲ့သည့်အတွက် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်တွင် နှစ်ဂိုးနှင့်အထက် သွင်းယူနိုင်သည့်ပွဲမှာ အနည်းငယ်သာရှိခဲ့သည်။ ထို့ကြောင့် နည်းပြ တူချယ်အနေဖြင့် လာမည့်နှစ်တွင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန်အတွက် အသင်း၏ တိုက်စစ်ပိုင်းကို အဓိကထား လုပ်ဆောင်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

**အောင်ဇော်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

နေပြည်တော် ဇွန် ၄

၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းခရိုင် (ဗဟန်းမြို့နယ်)၌ ၂၀၂၁ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ဓမ္မာစရိယစာမေးပွဲကို ယခု ၂၀၂၁ ခုနှစ်အတွက် နိုင်ငံတစ်ဝန်းလုံး ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၌လည်း ဇွန် ၂ ရက်မှစ၍ ဖြေဆိုသည့်နေရာ ရှစ်ခု၌ ကျင်းပနေပြီဖြစ်ကြောင်းနှင့် အဆိုပါ စာမေးပွဲတွင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ တစ်ပြိုင်တည်း ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။



ရန်ကုန် အနောက်ပိုင်းခရိုင်တစ်ခုလုံးတွင် ၂၀၂၁ ခုနှစ် ဓမ္မာစရိယစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုသည့် သံဃာတော် ၇၂၇ ပါး၊ သီလရှင် ၁၉၁ ပါးနှင့် လူပုဂ္ဂိုလ် သုံးဦး ရှိပြီး စာမေးပွဲတွင် ကျမ်းရင်း သုံးကျမ်း၊ မြန်မာဂုဏ်ထူး ခုနစ်ကျမ်းနှင့် ပါဠိ ဂုဏ်ထူး သုံးကျမ်းတို့ကို ဇွန် ၁ ရက်မှ ၉ ရက်အထိ ဖြေဆိုရမည်ဖြစ်သည်။

ဓမ္မာစရိယ စာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် စာဖြေဌာန ၅၉ ခု၌ ကျင်းပလျက်ရှိသည်။

ပါဠိပထမပြန် စာမေးပွဲတွင် အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို ဖြေဆိုရမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့ရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဇွန် ၇ ရက်မှ ၁၃ ရက်အထိ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓမ္မာစရိယ စာဖြေဌာန ၁၀ ဌာန၊ ပါဠိပထမပြန် စာဖြေဌာန ၄၁ ဌာနရှိကာ ဖြေဆိုရန် စာရင်းသွင်း သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၁၉၈၅၂ ပါးရှိပြီး စာမေးပွဲကို ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျင်းပရခြင်းဖြစ်သဖြင့် စာဖြေဌာနအသီးသီးတို့အနေဖြင့် ကျန်းမာရေးညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ ကျင်းပလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် မိုးစပါး ကေရှစ်သိန်းကျော် စိုက်ပျိုးမည်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် အရည်အသွေးကောင်းမွန်သော ဆန်စပါးများကို ပြည်တွင်းစားသုံးမှု ဖူလုံစေရန်နှင့် ပိုလျှံဆန်စပါးများကို ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေ ရရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည်လည်း ၂၀၂၁ ခုနှစ် မိုးရာသီအတွင်း တောင်ပိုင်းခရိုင်ရှိ မြို့နယ်များတွင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် မိုးစပါး ကေ ရှစ်သိန်းကျော်ကို စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များဖြစ်သည့် သန်လျင်မြို့နယ်တွင် ၅၉၇၇၃ ကေ၊ ကျောက်တန်းမြို့နယ်တွင် ၁၀၇၉၃၄ ကေ၊ တံတားမြို့နယ်တွင် ၅၀၀၇၃ ကေ၊ သုံးခွမြို့နယ်တွင် ကေ ၁၅၃၅၈၀၊ ခရမ်းမြို့နယ်တွင် ၁၁၀၆၄၂ ကေ၊ တွံတေးမြို့နယ်တွင် ၈၂၀၃၂ ကေ၊ ကော့မှူးမြို့နယ်တွင် ၈၈၀၉၇ ကေ၊ ကွမ်းခြံကုန်းမြို့နယ်တွင် ၁၀၂၃၈၃ ကေ၊ ဒလမြို့နယ်တွင် ၄၆၇၄၂ ကေနှင့် ရန်ကုန်မြို့မတွင် ၅၈၇ ကေ စုစုပေါင်း မိုးစပါး ၈၀၁၈၄၃ ကေကို စိုက်ပျိုးသွားရန် လျာထားခြင်းဖြစ်ပြီး မိုးဦးကျကာလ လက်ရှိအချိန်တွင် အဆိုပါမြို့နယ်များ၌ မိုးစပါး ကေ နှစ်သောင်းကျော်အထိ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဇွန် ၄

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၁ ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် (၂၁) နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ရာ ယမန်နေ့ ညနေ ၃ နာရီခွဲတွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ် ဘောလုံးအသင်းနှင့် ပျဉ်းမနားမြို့နယ် ဘောလုံးအသင်းတို့သည် နေပြည်တော် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။



ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဦးကျော်သိန်းဆိုင်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲတွင် တပ်ကုန်းမြို့နယ်အသင်းက ပျဉ်းမနားမြို့နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနား ပြုလုပ်ရာ အကောင်းဆုံးဂိုးသမားဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းမှ ကျောနံပါတ်(၁၈) မောင်ကျော်ဇင်ဟိန်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်က လည်းကောင်း၊ အကောင်းဆုံး နောက်တန်းကစားသမားဆု ရရှိသည့် လယ်ဝေးမြို့နယ်အသင်းမှ ကျောနံပါတ်(၄) မောင်ဖိုးသားကြီးနှင့် အကောင်းဆုံး အလယ်တန်းကစားသမားဆု ရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းမှ ကျောနံပါတ် (၇) မောင်ပိုင်ဖြိုးဇော်တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက လည်းကောင်း၊ အကောင်းဆုံး ရှေ့တန်းကစားသမားဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းမှ ကျောနံပါတ်(၉) မောင်ဖြိုးစည်သူနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိသည့် တပ်ကုန်းမြို့နယ်အသင်းမှ ကျောနံပါတ် (၁၀) မောင်တင်မျိုးနိုင်တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ချီးမြှင့်သည်။

ထို့နောက် ဒုတိယဆုရရှိသည့် ပျဉ်းမနား မြို့နယ် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကို နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က လည်းကောင်း၊ ပထမဆုရရှိသည့် တပ်ကုန်း မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ ပထမဆုရရှိသည့် တပ်ကုန်း မြို့နယ်အသင်းအား ငွေသားဆုနှင့် ပထမ တံခွန်စိုက်ဆုဖလားကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က လည်း ကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ငဖဲမြို့နယ်အတွင်းမှ တောင်ပေါ်ဒေသဖြစ်သည့် နတ်ရေကန်၌ ကော်ဖီကေ တစ်ထောင်ကျော် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေ

ငဖဲ ဇွန် ၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းမှ တောင်ပေါ်ဒေသဖြစ်သည့် နတ်ရေကန်ဒေသတွင် ကော်ဖီ ၁၀၄၁ ကေကို စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



အဆိုပါ နတ်ရေကန်ဒေသသည် မင်းဘူး-အမ်း ကားလမ်းအနီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၈၁၉ ပေအမြင့်တွင်ရှိပြီး တောင်ပေါ်ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ၍ အရှိုချင်းတိုင်းရင်းသားများ အများစု နေထိုင်ကြကာ ဒေသခံတောင်သူများသည် ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ ကမ္ဗလာ၊ ရှောက်ချို၊ ပိန္နဲ၊ ငရုတ်နှင့် ငှက်ပျော စသည့် နှစ်ရှည်သီးနှံပင်များကို အများဆုံး စိုက်ပျိုးကြသည်။ အဆိုပါ တောင်ပေါ် ကျေးရွာများတွင် ပုဂ္ဂလိက တောင်သူများစိုက်သည့် ကော်ဖီ ၁၀၀၁ ကေရှိပြီး ငဖဲမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ၏ နတ်ရေကန် ကော်ဖီခြံတွင် အာရေဗီးကား(ဗီယက်နမ်) ကုန်းမြင့် ကော်ဖီမျိုး ကေ ၄၀ ကို စိုက်ပျိုးထားခြင်းဖြစ်သည်။

နတ်ရေကန်ကော်ဖီခြံ တာဝန်ခံ ဦးဇော်သိန်းက "အရည်အသွေးမြင့် ရောင်းတန်းဝင်ကော်ဖီအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ကော်ဖီစိုက်တောင်သူ အစုအဖွဲ့ ဖွဲ့စည်းထားပြီး တောင်သူနည်းပညာပေးသင်တန်း သုံးကြိမ်နဲ့ ကွင်းသရုပ်ပြပွဲ သုံးကြိမ် သင်ကြားပေးထားပါတယ်။ ကော်ဖီမျိုးစေ့၊ ပျိုးပင်နဲ့ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲက နှစ်ကြိမ် လုပ်ပေးပါတယ်။ နှစ်စဉ် ကော်ဖီစိုက်ကေ တိုးတက်လာသလို အထွက်နှုန်းလည်း တိုးတက်လာပါတယ်။ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ၄၅ တန်နီးပါးထွက်ရှိပြီး နှစ်စဉ် သိန်း ၁၅၀၀ ခန့် တောင်သူများ ဝင်ငွေရရှိပါတယ်။ ကော်ဖီပင်နဲ့ဆက်စပ်ပြီး ထောပတ်၊ ဝဥ၊ လိုက်ချီး၊ လက်ဖက်စတဲ့ နှစ်ရှည်ပင်တွေလည်း ကြားညပ်စိုက်ကြလို့ ဒေသခံတောင်သူတွေ အဆင်ပြေကြပါတယ်။ ဌာနအနေနဲ့လည်း တောင်သူများကို အခါအားလျော်စွာ ခေါ်ယူပြီး ကော်ဖီမြေပြုပြင်ခြင်း၊ စိုက်ကျင်းတူးခြင်း၊ ရေခံတားကျင်းများ ပြုလုပ်ခြင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်းအဆင့်ဆင့် ပြသပေးခြင်းနဲ့ သဘာဝမြေဩဇာ ပြုလုပ်နည်းများ သင်ကြားပေးခြင်းတွေကို ဆောင်ရွက်နေပါတယ်။ ယခုနှစ် မိုးရာသီ အမီ တောင်သူများစိုက်ပျိုးနိုင်ဖို့အတွက် ကျွန်တော်တို့ ကော်ဖီခြံမှာ ကော်ဖီပင်နဲ့ အခြား အရိပ်ရပျိုးပင်ပေါင်း ၇၀၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး အချိန်မီ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကော်ဖီပင်စိုက်ပျိုးရေးလုပ်ငန်းသည် ငဖဲမြို့နယ် တောင်ပေါ်ဒေသ၏ ရေ မြေ ရာသီဥတုနှင့် ကိုက်ညီသောကြောင့် ကော်ဖီပင်များကို သစ်တောကြိုးဝိုင်းများတွင်လည်း စိုက်ပျိုးထားကြရာ အမှန်တကယ် မြေပြင်စိုက်ကေမှာ စာရင်းထက် ပိုမိုများပြားကြောင်း၊ ကော်ဖီတစ်ကေစိုက်ရန် စိုက်ပျိုးစရိတ် ကျပ်သိန်း ၂၀ ခန့် ကုန်ကျပြီး အစိုးရအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထား ခိုင်မာအောင် ဆောင်ရွက်ပေးပါက ယခုထက် စိုက်ကေ ပိုမိုများပြားလာမည်ဖြစ်ကြောင်း ဒေသခံတောင်သူအချို့က ပြောသည်။

နတ်ရေကန်(ကော်ဖီခြံ)မှ တစ်နှစ်လျှင် ကော်ဖီစေ့ ၂ ဒသမ ၅ တန်နှင့် ပုဂ္ဂလိက စိုက်ခင်းများမှ ၄၂ ဒသမ ၅ တန် စုစုပေါင်း ၄၅ တန်ခန့် ထွက်ရှိနေပြီး ယင်းကော်ဖီများကို ရွှာင်၊ ရေနံချောင်းနှင့် ပြင်ဦးလွင်မြို့နယ် ဈေးကွက်များသို့ တစ်တန်လျှင် ကျပ်သိန်း ၃၀ ခန့် ဈေးနှုန်းဖြင့် တင်ပို့ရောင်းချနေရကြောင်း သိရသည်။

မယု(ငဖဲ)

# ပျူခေတ် ဘာသာရေးအဆောက်အအုံများ

**ကျော်မျိုးဝင်း(ရှေးဟောင်းသုတေသန)**

**ပျူမြို့ဟောင်းများအား တူးဖော်မှု**

ပျူရှေးဟောင်းမြို့များအား တူးဖော် သုတေသနပြုကြသည့်အခါ တူးဖော်ရရှိသည့် အဆောက်အအုံအမျိုးအစားများအား တူးဖော်ရရှိသည့် အဆောက်အအုံ ပန္နက်ပုံစံ၊ ယင်းနှင့်ယှဉ်တွဲ၍ မြေလွှာများအတွင်း တည်ရှိနေသည့် အခြားအထောက်အထားများနှင့် အဆောက်အအုံတည်ရှိနေသည့် တည်နေရာများကို လေ့လာပြီး မြို့ရိုးအရံအတား(fortification)၊ မြို့ဝင်ပေါက်(gateway)၊ ဘာသာရေးနှင့်ထုံးတမ်းဓလေ့(religious and ritual structure)၊ လူနေအိမ်(residential structure)နှင့် သင်္ချိုင်းကုန်း(burial site)စသည်ဖြင့် ခွဲခြားကြသည်။

ၡင်းတို့အနက် ပျူခေတ် ဘာသာရေးအဆောက်အအုံများသည် ပျူမြို့ဟောင်းများကို တူးဖော်သည့်အခါတိုင်း မြို့ရိုးအတွင်း တွေ့ရှိရမှုအများဆုံးဖြစ်သည့် အဆောက်အအုံပန္နက်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပျူခေတ် လူမှုအဖွဲ့အစည်းများသည်မြို့ရိုး၊နန်းတော်နှင့်ဘာသာရေးအဆောက်အအုံများကို တည်ဆောက်ရာတွင် အုတ် အဆောက်အအုံများကိုသာ အသုံးပြုခဲ့ကြသောကြောင့်ဖြစ်သည်။ သာမန်လူတန်းစားနှင့် နန်းတော်အဝန်းအဝိုင်းပြင်ပတွင် နေထိုင်သည့်လူများမှာ ၎င်းတို့နေထိုင်ရာအဆောက်အအုံများကို သစ်သား၊ ဝါးများဖြင့်သာ တည်ဆောက်ခဲ့ကြသည်။


ထို့ကြောင့် ရှေးဟောင်းကုန်းများ၏ အပေါ်ယံမျက်နှာပြင်များကို ပဏာမ ကွင်းဆင်းလေ့လာလျှင် အုတ်ခဲကျိုးများကို ကုန်းအနှံ့အပြားတွင် တွေ့ရှိရပြီး အိုးခြမ်းကွဲအနည်းငယ် သို့မဟုတ် လုံးဝမတွေ့ရလျှင် သို့မဟုတ် ကုန်းမှာ အလွန်မမြင့်ဘဲ အုတ်စအုတ်နအနည်းငယ်သာ တွေ့ရှိရလျှင် ထိုကုန်းအတွင်းမှ အဆောက်အအုံသည် ဘာသာရေးအဆောက်အအုံအဖြစ် အသုံးပြုခဲ့သည်မှာ သေချာသလောက်ရှိသည်။ မြေမျက်နှာပြင်ပေါ်တွင် အိုးခြမ်းကွဲအမြောက်အမြားတွေ့ရလျှင် ၎င်းအဆောက်အအုံသည် သင်္ချိုင်းလည်းဖြစ်နိုင်သည်။ သို့မဟုတ် ဘာသာရေးနှင့်ပတ်သက်သည့် အခမ်းအနားများအတွက် အသုံးပြုခဲ့သည့် အဆောက်အအုံလည်း ဖြစ်နိုင်သည်။ ကုန်းမျက်နှာပြင်မှ အိုးခြမ်းကွဲများအား လိုက်လံကောက်ယူ၍ အမျိုးအစားခွဲကာ အိုးများ၏အပေါ်မှ ဒီဇိုင်းလက်ရာပုံစံ ဖွဲ့စည်းမှု၊ အရည်အသွေး စသည်တို့ကို ကြည့်ခြင်းအားဖြင့် တူးဖော်မှုကုန်းအတွင်းမှ အဆောက်အအုံ၏ အသုံးပြုခဲ့မှုအား စာအုပ်အထူကြီးကို ဖွင့်မဖတ်မီ မာတိကာလှန်ကြည့်ရုံဖြင့် စာအုပ်အတွင်း၌ မည်သည့်အကြောင်းအရာများ ရေးသားထားကြောင်း ပိုမိုတိကျစွာ အလွယ်တကူ သိရှိနိုင်မည်ဖြစ်သည်။

**တည်ဆောက်မှုပုံစံ လေးမျိုး**

ပျူခေတ်တွင် ဘာသာရေးအဆောက်အအုံများကို တစ်စုတစ်ဝေးတည်း ပြုလုပ်လေ့ရှိသည်။ ဥပမာ- ဗိဿနိုးမြို့ဟောင်းတွင် မြောက်ဘက်၊ သရေခေတ္တရာမြို့ဟောင်းတွင် တောင်ဘက်၊ မိုင်းမောမြို့ဟောင်းတွင် အရှေ့ဘက်၌ တည်ရှိနေကြပြီး ဟန်လင်းမြို့ဟောင်းတွင် မြို့အလယ်နှင့် အရှေ့ဘက်၌ တည်ရှိနေကြသည်။ တည်ဆောက်မှုအနေဖြင့် အကြမ်းဖျင်း လေးမျိုးခန့် တွေ့ရှိရသည်။

ပထမတစ်မျိုးမှာ စေတီပုံစံအနိမ့်ဖြစ်ပြီး ယခင်မြေကြီးအတွင်းရှိနေသည့်အပိုင်းသာ တူးဖော်ရရှိသည်ဖြစ်၍ အပေါ်ပိုင်းကို မည်သို့ တည်ဆောက်ထားကြောင်း ရေရေရာရာ မသိရှိရတော့ပေ။ မြေကိုအောက်ခံမာအောင် ထုခြေဖိထောင်း၍ မြေဝင်ပန္နက်မရှိဘဲ မြေအမာပေါ်တွင်သာ တည်ဆောက်ထားကြောင်း ဗိဿနိုးမြို့ဟောင်းရှိ ကုန်းအမှတ်-၅၊ ၁၂၊ ၁၄၊ ၁၅ နှင့် ၁၈ တို့ကို ကြည့်ခြင်းအားဖြင့် သိရှိရသည်။ တည်ဆောက်မှုအနေဖြင့် အပိုင်းနှစ်ပိုင်းရှိသည်။ ပထမတစ်ပိုင်းမှာ အပြင်ဘက်မှ လေးထောင့်ပန္နက်ချလိုက်ခြင်းဖြစ်သည်။ ထို့နောက် လေးထောင့်ပန္နက်အတွင်း၌ စက်ဝိုင်းပုံပန္နက်ကို အပြင်ဘက်လေးထောင့်ပန္နက်မြေ ရေပြင်ညီမှုသာ ပြုလုပ်သည်။ ထို့နောက် အပြင်မှ လေးထောင့်ပန္နက်နှင့်အတွင်းမှ စက်ဝိုင်းပန္နက်ကြားတွင် ဖို့မြေလွှာအကျစ်ကို ထည့်သည်။ ထိုအထဲသို့ မြေများထည့်စဉ် အရိုးအိုးများကို တစ်ခါတည်း ထည့်သွင်းမြှုပ်နှံလေ့ရှိသည်။ ဗိဿနိုးမှ အဆောက်အအုံများမှာ အရှေ့ဘက်တွင် လှေကားတစ်စင်းထုတ်သည်။ လှေကား၏အဆင့်များအား အုတ်များကို ထောင်လိုက်စီထားခြင်းဖြင့် အတက်အဆင်း လွယ်ကူ၍ ရေရှည် ကြံ့ခိုင်အားကောင်းစေရန် တည်ဆောက်ကြသည်။

ပထမအမျိုးအစားကို ဟန်လင်းမြို့ဟောင်းမှ ကုန်းအမှတ်-၁၃ တွင်လည်း တွေ့ရသည်။ မိုင်းမောတွင် ယင်းတည်ဆောက်ပုံအတိုင်း အခြေခံတည်ဆောက်မှု တူညီသော်လည်း လှေကားကို ဗိဿနိုးနှင့် ဟန်လင်းမှာကဲ့သို့ တစ်ဖက်တည်းတွင်မဟုတ်တော့ဘဲ လှေကားနှစ်ဖက် ထုတ်လာကြကြောင်း တွေ့ရှိရသည်။ မိုင်းမောတွင် လှေကားတစ်ဖက်သာထုတ်ပြီး တည်ဆောက်ထားသည့် ကုန်းအမှတ်-၇(ဒေသအခေါ် လက်နက်တိုက်)နှင့် ကုန်းအမှတ်-၁၄ မှလွဲပြီး ကျန်သည့် ကုန်းအမှတ်-၉၊ ၁၅၊ ၁၆ နှင့် ၂၀ တို့မှာ လှေကားနှစ်ဖက်ပါကြောင်း တွေ့ရသည်။




ထူးခြားမှုမှာ သရေခေတ္တရာမှ ကုန်းအမှတ်-၅၁ တွင်မူ လှေကား တစ်စုံတစ်ခုမျှ မတွေ့ရှိရပေ။ ထိုဘာသာရေးအဆောက်အအုံ အမျိုးအစားတွင် သရေခေတ္တရာ၌ အခြေခံတည်ဆောက်မှု တူညီသော်လည်း အဆောက်အအုံ လွန်စွာကြီးမားလာပြီး လှေကားလေးဖက် ထည့်သွင်းလာသည်ကို လေ့လာတွေ့ရှိရသည်။ ဥပမာ- မသီးကျကုန်းနှင့် ခင်ဘကုန်းသည် လှေကားလေးဖက်ထွက်သည့် ပျူခေတ် ဘာသာရေးအဆောက်အအုံ ပထမအမျိုးအစားဖြစ်သည်။

၎င်းပထမအမျိုးအစားများထဲမှ ပုံစံကွဲထွက်ကာ လွန်စွာကြီးမားသည့် ပုံစံမှာ ဗိဿနိုးမြို့ဟောင်း၏ ကုန်းအမှတ်-၃ အဆောက်အအုံကြီးပင် ဖြစ်သည်။ ထိုအဆောက်အအုံမှာ အတွင်းနှင့်အပြင် နှစ်ဖက်စလုံးတွင် စက်ဝိုင်းပုံပန္နက်ကြီးဖြစ်သည်။ အတွင်းနှင့် အပြင် စက်ဝိုင်းကို လေးဖက်လေးတန်မှ လေးထောင့်ပုံ ဒေါက်ကြီးများနှင့် ထောက်ပံ့ထားသကဲ့သို့ တည်ဆောက်ထားပြီး လေးဖက်စလုံးတွင်လည်း လှေကားလေးများ တည်ဆောက်ထားသည်။


ပျူခေတ် ဘာသာရေးအဆောက်အအုံ ဒုတိယအမျိုးအစားမှာ ခန်းမပုံစံများဖြစ်သည်။ အပြင်ဘက်တွင် ထောင့်မှန်စတုဂံပုံ ပန္နက်ကို တည်ဆောက်ပြီး အတွင်းထိပ်ဘက်တွင် လေးထောင့် ပန္နက်အသေးလေးတစ်ခု ထည့်သွင်းတည်ဆောက်ထားသည်။ ပလ္လင်ခုံကိုလည်း အပြင်ပန္နက် ရေပြင်ညီအတိုင်း ပန္နက်ချထားကြောင်း တူးဖော်မှုအရ သိရှိရသည်။ နောက်မှ အပြင်ပန္နက်နှင့် အတွင်းထိပ်ဘက်မှ ပလ္လင်ခုံကြား ဖို့မြေအကျစ်များထည့်သည်။ ထိုသို့ မြေများထည့်သည့်အချိန်တွင် အရိုးအိုးများ တစ်ခါတည်း ထည့်သွင်းမြှုပ်နှံသည်ကို တွေ့ရှိရသည်။

ဗိဿနိုး ကုန်းအမှတ်-၁၉ နှင့် ၂၀ တွင် အရိုးအိုးပေါင်း ၅၀ ခန့် ထည့်သွင်းမြှုပ်နှံထားကြောင်း တွေ့ရှိရသည်။ မိုင်းမောတွင်လည်း ကုန်းအမှတ်-၁၇ သည် ၎င်းပုံစံမျိုးဖြစ်သည်။ ဟန်လင်းတွင် ကုန်းအမှတ်-၉ နှင့် ဆင်တူသော်လည်း ပလ္လင်ခုံမပါရှိပေ။ မီးလောင်ထားသည့် တိုင်ကျင်းရာများသာ တွေ့ရှိရပြီး ဗိဿနိုး ကုန်းအမှတ် KKG-11 နှင့် ဆင်တူသည်။ ဟန်လင်း ကုန်းအမှတ်-၂၂ သည်လည်း ထိုသဘောတရားပင် ဖြစ်သည်။ သို့သော် ဟန်လင်း-၂၂ သည် ပိုထူးခြားသည့် မီဂါလက်သစ်ဓလေ့(သင်္ချိုင်းကို ကျောက်တိုင်များအနေဖြင့် မှတ်သားထားခြင်း) ကို ပျူခေတ်တွင် စနစ်တကျ ထိန်းသိမ်းထားကြောင်း တွေ့ရှိရသည်။

**တူးဖော်မှုကုန်းအမှတ် KKG-2**

ပျူခေတ် ဘာသာရေးအဆောက်အအုံများ၏ တတိယတစ်မျိုးမှာ ဘာသာရေးအပြင် ထေရ်ကြီးဝါကြီးများပါ သီတင်းသုံးကြသည့် အဆောက်အအုံများပင် ဖြစ်သည်။ ထိုအဆောက်အအုံများမှာ ဗိဿနိုးမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် KKG-2 အဆောက်အအုံပင်ဖြစ်သည်။ ထိုအဆောက်အအုံတွင် ဆင်ဝင်တစ်ခုနှင့် ခန်းမတစ်ခု ပါရှိပြီး ထိုခန်းမကိုဖြတ်၍ အခန်းအဖွဲ့ ရှစ်ခုကို ရောက်ရှိမည်ဖြစ်သည်။ ခန်းမ၏ တောင်ဘက်ထိပ်တွင် အုတ်ခုံတစ်ခုကို အဆောက်အအုံ ခန်းမနံရံနှင့် တွဲစပ်၍ တည်






ဆောက်ထားသဖြင့် ထိုအုတ်ခုံသည် အဆောက်အအုံအပေါ်ထပ်သို့ တက်ရောက်သည့် လှေကားခုံဖြစ်သည်ဟု ယူဆရပြီး နှစ်ထပ်အဆောက်အအုံကို ပျူခေတ်တွင် တည်ဆောက်နေပြီဟု သုံးသပ်နိုင်သည်။

အခန်းဖွဲ့ နံရံများတွင်လည်း သစ်သားထိုး၍ အပေါ်ထပ်အတွက် ဆင့်တန်းထိုးရန် လေးထောင့်အပေါက်များ တွေ့ရသည့်အတွက် ထိုအဆိုသည် မှန်သလောက်ရှိပါသည်။ ထိုအဆောက်အအုံကို တက်ရောက်ရန် ဆင်ဝင်နေရာကို တူးဖော်စဉ် မြေလွှာအတွင်း ပြာမြေများတွေ့ရသည့်အတွက် သစ်သားလှေကားကို အသုံးပြုခဲ့၍ မီးလောင်ပျက်စီးကြောင်းလည်း သိရှိရသည်။ ၂၀၁၁ ခုနှစ်က ရွှေရောင်တော်ဘုရားသွားသည့် လမ်းဘေးတွင် ကုန်းအမှတ်-BTO-38 ကို တူးဖော်ခဲ့ရာ ကုန်းသဖွယ် KKG-2 အဆောက်အအုံပုံစံ အခန်းဖွဲ့များပါသော အဆောက်အအုံကို တွေ့ရှိခဲ့ရသည်။ သို့သော်လည်း KKG-2 အဆောက်အအုံအရွယ်အစားထက်သေးငယ်ကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ တတိယအမျိုးအစားများကို အခြားမြို့ဟောင်းများတွင် မတွေ့ရသေးဘဲ ဗိဿနိုးမြို့တွင်သာ တွေ့ရှိရသည်။

ပျူခေတ် ဘာသာရေးအဆောက်အအုံများ၏ စတုတ္ထအမျိုးအစားမှာ အဆောက်အအုံ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေပြီး အခန်းဖွဲ့များအပြင် ၎င်း၏အပြင်တွင်လည်း အုတ်ရိုးတန်းများသည် စင်္ကြံလမ်းကဲ့သို့ ဆက်နွယ်နေသည်။ ထိုအဆောက်အအုံမျိုးများသည် တူးဖော်သည့်အခါတွင် အင်မတန်ရှုပ်ထွေးကြောင်း တွေ့ရှိရသည်။ ထိုအဆောက်အအုံနှင့်အတူ ဘာသာရေးနှင့် ပတ်သက်သည့် အုတ်ခွက်ဘုရားကဲ့သို့ ပစ္စည်းများလည်း သရေခေတ္တရာတွင် တွေ့ရသည်။ ဥပမာ- ကုန်းအမှတ်-၃၅ နှင့် ၃၆ တို့သည် ထိုပုံစံမျိုးများပင် ဖြစ်ပါသည်။ သို့သော် ဗိဿနိုးနှင့် မိုင်းမောတွင် မတွေ့ရှိရသေးပါ။ ပျူခေတ် အလယ်ပိုင်းမှ ခေတ်စားလာပုံရသည်။ ဘုန်းကြီးကျောင်းအစုအဝေး(monastery complex)ပုံစံမျိုး ဖြစ်လာသည်။ ထို့ပြင် ပျူခေတ် စေတီကြီးများကို သရေခေတ္တရာမြို့ဟောင်းတွင်သာ တွေ့ရှိရပြီး မြန်မာနိုင်ငံရှိ အခြားသော ပျူမြို့ဟောင်းများတွင်မူ တွေ့ရှိရခြင်းမရှိကြောင်း လေ့လာသိရှိရပေသည်။ ။

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဇွန်လ ၅ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကလေးများအနေဖြင့် ဂဏန်းသင်္ချာများကို တွက်ရာတွင် စက်ပစ္စည်းအကူအညီမယူဘဲ မိမိဘာသာ တွက်ချက်သင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ဂဏန်းပေါင်းစက်နှင့် ဘိုဘို" မျက်နှာဖုံး ဇာတ်လမ်း၊ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်အောင် သစ်ပင်များစိုက်ပျိုးသင့်ပုံ အကြောင်းကို နှိုးဆော်ရေးဖွဲ့ထားသည့် "သစ်ပင်စိုက်ဖို့ ပျိုးပင်လေးတွေ ရှာဖွေကြပါစို့" သုတဆောင်းပါးနှင့် ပန်ကာလေဖြင့် အိပ်စက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သတိပြုလိုက်နာဖွယ် တင်ဆက်ထားသည့် "ပန်ကာလေဖြင့် အိပ်စက်သင့်သလား" သုတဆောင်းပါး၊ မိမိပေးသော အကူအညီသည် သူတစ်ပါးအတွက် အကျိုးရှိသောအရာဖြစ်သင့်ပုံအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "ဆုတောင်းမေ" နှစ်မျက်နှာကာတွန်း၊ လောက၌ သူတစ်ပါး၏ ကျေးဇူးကို အခွင့်အခါ သင့်သည့်အချိန်တွင် ပြန်ဆပ်သင့်ပုံ အကြောင်းကို တင်ဆင်ထားသည့် "တုံ့ပြန်စေတနာ" ပုံပြင်၊ ကလေးများ ပေးပို့သော ကာတွန်းများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ရွှေဖဲနှင့် သွေးသောက်ညီအစ်ကိုဖွဲ့မိသော ဖိုးလုံးအကြောင်းကို တင်ဆက်ထားသည့် ကာတွန်းမြတ်နိုး၏ "ရွှေဖဲ" နှစ်မျက်နှာကာတွန်း၊ နာမ်ရှေ့တွဲသုံးစကားများ (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဇွန် ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅ | ကျပ် | ၁၀၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၄ | ကျပ် |
| အောက်တိန်း ၉၂ | ၉၉၀ | ကျပ် | ၁၀၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၂၅ | ကျပ် | ၁၁၂၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၇၄၅ | ၁၅၇၀၅၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၃၁၆၇ | ၁၁၀၈၄၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၀ | ၁၉၅၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၈၀ | ၂၂၈၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |

**ညီညီ - စုစည်းသည်**

## မြန်မာ့အလင်းသတင်းနှင့်ရုပ်မြင်သံကြား

၅-၆-၂၀၂၁ စနေနေ့

**MRTV**

- **၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၃၀** စိမ်းလန်းစိုပြည်သာယာဖို့သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့
- **၀၉:၄၅** ဆင်နွဲ့ချိန်ခါမင်္ဂလာတေးသံသာ
- **၁၀:၃၀** ဇီဝမျိုးတွေကြွယ်စေဖို့သဘာဝတောတွေထိန်းကြစို့
- **၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'မေတ္တာလွန်ဆွဲပွဲ'(အပိုင်း-၆၄)
- **၁၃:၀၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ
- **၁၃:၃၀** MRTV Natioanl News
- **၁၄:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်၏ဝေဒနာ'(အပိုင်း-၄၉)
- **၁၆:၁၅** ပုံပြင်ကမ္ဘာအစီအစဉ်
- **၁၇:၁၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၃၀** MRTV Travelogue
- **၁၈:၁၅** သုတဝေဖြာ...သီရိဝေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ' (အပိုင်း-၈၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ဖို့ဂေဟစနစ်ကိုပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့
- **၂၁:၁၅** ပျောင်းပေမယ့်ကောင်းနေတဲ့တေးများ
- **၂၂:၀၀** ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင် မြန်မာတို့၏အနုသုခုမသဘင် (သစ္စာ၊ မေတ္တာရွှေမန်းသဘင်)

**mitv**

- **07:27** Great Shwedagon - Historic and Mysterious Places (1)
- **07:42** Great Shwedagon - Historic and Mysterious Places (2)
- **07:56** Myanma Toddy Palm, A Source of Rural Income
- **08:16** Unique Art of Stucco Work
- **08:34** Myanmar Masterclass: Impressionism
- **08:40** Daingnak Style
- **08:54** Orphanage
- **09:01** Myanma Pottery
- **09:26** Fantastic Orchid Garden From The Flower City
- **09:36** Ocularist -1
- **09:47** Ocularist -2

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ဝကကကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရဲသောင်ချောင်းသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ရိုးရာဝတ်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မြတ်ဗုဒ္ဓဖြစ်တည်ရာဆန်းကြယ်မြင်ကွင်း ဗုဒ္ဓဂါယာ

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သံပုရာခွံ အရန်ဟင်းချက်ပြုတ်နည်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ အပိုင်း-(၆)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လွယ်မွေမြို့သို့အလည်တစ်ခေါက်

**MRTV Sports**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel
MRTV FARMERS' CHANNEL ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
Education Channel ကို
နံနက် (၁၀:၀၀) မှ
ညနေ(၆:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မိကို လက်ယာ၊ ဖ, ကို လက်ဝဲ မှတ်ယူစွဲကာ၊ အမြဲမပြတ်၊ ကျေးဇူးဆပ်စို့

## စန်းနီလာဝင်း

*(ယမန်နေ့မှ အဆက်)*

သူယုတ်မာ အဖျက်သမားခေါင်းဆောင် ရှင်ဒေဝဒတ်ကို တစ်ဖက်သတ်အထင်ကြီးပြီး ယုံစား ကိုးကွယ်မိသည့် အဇာတသတ်မင်းသားသည် ကျေးဇူးရှင်သူတော်စင် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံလျှင် ရှင်ဘုရင်မုချဖြစ်မည်ကို သိလျက်နှင့် ဆရာဒေဝဒတ်၏ စေခိုင်းချက်အတိုင်း အာဏာလောဘတက်ကာ ဖခမည်းတော်အား သေဒဏ်ပေးခဲ့သည်။ သဗ္ဗညုတဉာဏ်တော်ရှင် ဂေါတမမြတ်ဗုဒ္ဓကို လုပ်ကြံ၍ ဘုရားဖြစ်ချင်လွန်းလှသော ရှင်ဒေဝဒတ်မှာ မြတ်ဗုဒ္ဓအား လေးသမားများကို စေလွှတ်ပြီး သတ်ဖြတ်စေရာ၌လည်းကောင်း၊ နာဠာဂီရိဆင်ကြီးကို အရက်သေစာများတိုက်ပြီး မြတ်စွာဘုရားအား ဆင်နင်းစေရန်လည်းကောင်း ကောက်ကျစ်ယုတ်မာစွာ စီစဉ်ခဲ့သည်။ သို့ရာတွင် လုံးဝမအောင်မြင်သဖြင့် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ကာ မြတ်ဗုဒ္ဓတောင်ခြေသို့ ကြွလာချိန်ကို စောင့်ဆိုင်းနေခဲ့သည်။ မြတ်ဗုဒ္ဓ ကြွတော်မူလာသောအခါ အသင့်ပြင်ဆင်ထားသော ကျောက်တုံးကြီးများကို မြတ်စွာဘုရားအပေါ်သို့ ကျရောက်ရန် ကျောက်မောင်းဆင်၍ လိမ့်ချလိုက်ပြီး လုပ်ကြံခဲ့ပြန်သည်။

ကျောက်တုံးကြီးမှာ ကျောက်နံရံနှင့် ထိကာ ကွဲအက်ပြီး လွင့်စဉ်သွားရာ ကျောက်စကျောက်နကလေးသာ မြတ်ဗုဒ္ဓ၏ ခြေတော်ရင်းသို့ လာရောက်ထိမှန်ခဲ့သဖြင့် ဒဏ်ရာအနည်းငယ်ရကာ သွေးထွက်သွား၍ သူတော်စင်သမားတော်ကြီး ဆရာဇီဝက ဆေးစည်းပေး၍ တဒင်္ဂအတွင်းမှာပင် ပျောက်ကင်းသွားခဲ့သည်။ အနန္တရိယကံကြီးထိုက်သော ရှင်ဒေဝဒတ်မှာ နောက်ဆုံးတွင် နောင်တတရားရကာ မြတ်ဗုဒ္ဓအား ဝန်ချတောင်းပန်ကန်တော့ရန် သွားရောက်စဉ် လမ်းခုလတ်၌ မြေကြီးကွဲအက်ပြီး မြေမျိုခံရကာ မဟာအဝီစိငရဲသို့ကျရောက်သွားတော့သည်။ [အဝီစိငရဲ၌ ကျရောက်ခံရသည့် လူယုတ်မာတို့မှာ အနန္တောအနန္တငါးပါးကို ပြစ်မှားမိခဲ့သော အကုသိုလ်ကံဆိုးကြီးကြောင့် အနန္တရိက ကံကြီးထိုက်ကာ လူ့ပြည်ရှိနှစ်ကာလဖြင့် တွက်ချက်ပါက နှစ်ပေါင်း ၁၄၇၄၅ ကုဋေ ၆ သန်း ကြာမြင့်ပြီး အဝီစိငရဲသက်တမ်းအားဖြင့် နှစ်ပေါင်း ၆၄၀၀၀ ကျခံရမည်ဖြစ်ပါသည်။]

ဒေဝဒတ်ကဲ့သို့ ဆရာတု ဆရာယောင် သူယုတ်မာခေါင်းဆောင်ကို အထင်ကြီးကာ ဆရာတင်မိခဲ့သော အဇာတသတ်မင်းသားမှာလည်း ဒေဝဒတ်၏ စေခိုင်းချက်အတိုင်း ဖခမည်းတော် သူတော်စင်သောတပန် ဗိမ္ဗိသာရမင်းကြီးကို သေဒဏ်ချမှတ်ခဲ့ပြီးနောက် နောင်တရကာ မြတ်ဗုဒ္ဓ၏တရားဒေသနာ အဆုံးအမကြောင့် သရဏဂုံတည်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည်။ သို့ရာတွင် မိမိကျူးလွန်ခဲ့သော အနန္တရိကံကြီးကြောင့် ဆရာဒေဝဒတ်ကဲ့သို့ အဝီစိငရဲသို့ မကျရောက်ခဲ့သော်လည်း လောဟကုမ္ဘီငရဲ၌ နှစ်ပေါင်း ၆၀၀၀၀ တိုင်အောင် ငရဲကျခံနေရမည်ဖြစ်သည်။

နိုင်ငံရေးမသမာသူများကြောင့် လမ်းမှားရောက်နေကြသည့် လူကြီး၊ လူလတ်၊ လူငယ်များကို ဆရာတု ဆရာယောင် သူယုတ်မာခေါင်းဆောင် ဒေဝဒတ်အား တစ်ဖက်သတ်အထင်ကြီး ယုံစားကိုးကွယ်မိ၊ မှားသွားခဲ့သော အဇာတသတ်မင်းသား၏ နောက်ကျသွားသည့် နောင်တတရားရခြင်းမျိုးလည်း လုံးဝမဖြစ်စေချင်ပါ။

**အဖျက်မှိုင်းမိနေကြသည့် လူငယ်လူရွယ် သားသမီးအချို့မှာ မြင့်မိုရ်တောင်ဦးမက ကျေးဇူးကြီးမားလှသည့် မိဘများကိုပင် မိဘအဖြစ်မှ စွန့်လွှတ်သည်ဟု ကျေးဇူးကန်းကာ ပြစ်မှားနေခြင်းများကြောင့် ကံကြီးထိုက်၍ မရှုမလှ ဒုက္ခရောက်မည်ကို စိုးမိပါသည်။ အမိုက်မှောင် အဖျက်မှိုင်းကြောင့် ဘုရားကို ဘုရားမှန်းမသိ၊ တရားကိုတရားမှန်းမသိ၊ သံဃာတော်ကို သံဃာတော်မှန်း မသိကျိုးကျွန်ပြုကာ ဝစီကံပြစ်မှု၊ မနောကံပြစ်မှုတို့ဖြင့် စော်ကားနေခြင်းများကြောင့် အနန္တရိကံကြီးထိုက်မှာကို စိုးရိမ်မိပါသည်။ အကြမ်းဖက်အဖျက်လုပ်ငန်းများကြောင့် ရာဇဝတ်မှုများ၏ သားကောင်များအဖြစ် တရားဥပဒေကပေးသော ပြစ်ဒဏ်များကိုလည်း မလွဲမသွေ ခံယူကြရမည်သာ ဖြစ်သည်။**

တိရစ္ဆာန်လောကတွင် အိပ်၊ စား၊ ကာမ ဟူသော အိပ်စက်ခြင်း၊ စားသောက်ခြင်း၊ ကာမဆက်ဆံခြင်းတို့ကိုသာ သိရှိနားလည်သောကြောင့် တိရစ္ဆာန်ဟု ခေါ်ဝေါ်သတ်မှတ်ထားခြင်းပင် ဖြစ်သည်။ သာဓကအားဖြင့် ခွေးသည် တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ၎င်းအား အစားအစာ ကျွေးမွေးထားလျှင် ကျေးဇူးရှင်သခင်ကို လုံးဝပြန်မကိုက်ဘဲ နေအိမ်လုံခြုံရေးအတွက်ပင် ပြန်လည်ကူညီစောင့်ရှောက်ပေးတတ်ပါသည်။ နိုင်ငံရေးမသမာသူများသည် သားသမီးချင်း မစာနာ၊ မိဘချင်းမစာနာဘဲ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် သဘောမရိုး မနောဆိုးဖြင့် လူငယ်လူရွယ်များကို အဖျက်လမ်းကြောင်းဆီသို့ တွန်းပို့ခုတုံးလုပ်ကာ တိုင်းဖျက်ပြည်ဖျက် လုပ်ငန်းမှန်သမျှနှင့် တည်ငြိမ်အေးဆေးစွာ နေကြသည့် ပြည်သူတို့အား နှောင့်ယှက်နေသည့် လုပ်ရပ်ဆိုးများကြောင့် စိတ်ပညာသဘောအရ ထိုလူယုတ်မာတို့သည် “Id” ခေါ် အဟိတ်တိရစ္ဆာန် စိတ်ခါတ်ထက်ပင် နိမ့်ကျယုတ်ညံ့သွားကြပြီ ဖြစ်ပါသည်။

ပြီးခဲ့သည့် “၁၉၈၈ ခုနှစ် အရေးအခင်း” ကာလတွင်လည်း နိုင်ငံရေးမသမာသူများ၊ အာဏာကို ဖြတ်လမ်းက ရယူလိုသူများ၊ ခါတော်မီနိုင်ငံရေးသမားများ၊ တောမီးလောင်၍ တောကြောင် လက်ခမောင်းခတ်လိုသည့် အကြမ်းဖက်အဖျက်သမားတို့သည် တက္ကသိုလ် ကျောင်းသူကျောင်းသားများ၏ ရိုးသားသောဆန္ဒပြတောင်းဆိုမှုများကို ခုတုံးလုပ် ပုံကြီးချဲ့ကာ ထိုစဉ်က ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)က ခွင့်မပြုနိုင်သော “ကြားဖြတ်အစိုးရ” ရရှိရေးအတွက် သွေးထိုးလှုံ့ဆော်ခဲ့ရာမှ ဆူပူအကြမ်းဖက်မှု အရေးအခင်းကြီးသို့ တမဟုတ်ချင်း ပြောင်းလဲသွားခဲ့သည်။ လူပုံအလယ်၊ လမ်းဆုံလမ်းခွများ၌ အရှင်လတ်လတ် လည်ပင်းလှီး၊ မီးရှို့သတ်ဖြတ်ခဲ့သည်အထိ လက်ရဲဇက်ရဲ ရက်ရက်စက်စက် ပြုမူခဲ့ကြသည်။

ထိုမျှမက ကျောင်းသား လူငယ်လူရွယ်များကို တပ်မတော်က ဖမ်းဆီးလိမ့်မည်ဟု ကောလာဟလသတင်းများ ထုတ်လွှင့်ပြီး လက်နက်ကိုင်သောင်းကျန်းသူများရှိရာ နယ်စပ်ဒေသများသို့ တွန်းပို့ခဲ့ကြသည်။ သို့တစေ ထိုစဉ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်အစိုးရ)က နယ်စပ်ဒေသများသို့ ရောက်ရှိသွားခဲ့ကြသော လူငယ်လူရွယ်များကို သွားရောက်ခေါ်ယူစောင့်ရှောက်ထားပြီး သူတို့၏ မိဘများထံ ပြန်လည်အပ်နှံပေးခဲ့သည့် လက်တွေ့ဆောင်ရွက်ပုံများကို သက်သေခံဓာတ်ပုံ မှတ်တမ်းများနှင့်တကွ ပုံနှိပ်ထုတ်ဝေထားသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေခဲ့သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲများ မှတ်တမ်း(၁၉၈၉) စာအုပ်ကို ပြန်လည်ဖတ်ရှုကြည့်စေလိုပါသည်။

**သားသမီးမကောင်း မိဘခေါင်း၊**
**တပည့်မကောင်း ဆရာခေါင်း**

လမ်းမှားသို့ ရောက်သွားခဲ့ကြသည့် လူငယ်လူရွယ် အများစု နိုင်ငံရေးမသမာသူများ၏ ဖြားယောင်းသိမ်းသွင်း အသုံးချခံခဲ့ရခြင်းများကြောင့်သာ မလိမ္မာ တစ်ခါမိုက် မှားမိခဲ့ရခြင်းပင်ဖြစ်သည်။ ပျက်လျှင်အစဉ် ပြင်လျှင်ခဏ ဟူသော ဆိုရိုးစကားနှင့်အညီ အမှားကိုမြင်၍ အမှန်ဖြစ်အောင် နေထိုင်ပြုမူသွားကြဖို့သာ အရေးကြီးပါသည်။

အမှန်ကိုမြင်၍ အမှားပြင်ရာတွင်လည်း ငယ်ရွယ်နုနယ်စဉ် အချိန်အခါတွင်သာ အသင့်လျော်ဆုံးဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်သွားခါမှ ပြုပြင်မည်ဆိုပါက ဝါးပင်ပမာ ကြီးလေကောက်လေ ဖြောင့်၍မရနိုင်လေ ဖြစ်ပေမည်။ သစ်ပင်တို့မည်သည် နုပျိုငယ်ရွယ်စဉ် အချိန်အတွင်းမှာပင် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့စိုက်ပျိုးရန် လွယ်ကူမှုရှိပြီး သစ်ပင်ရှင်သန်ရန် အခွင့်အရေးများစွာ ရှိပါသည်။ သစ်ပင်ကြီးလာလျှင် မြေကြီးထဲ၌ အခိုင်အမာ အမြစ်စွဲနေပြီဖြစ်၍ ပြောင်းရွှေ့စိုက်ပျိုးရန် မလွယ်ကူလှသလို သစ်ပင်ရှင်သန်ဖို့လည်း အခြေအနေပေးနိုင်မည် မဟုတ်ပေ။

မိဘတိုင်း၏ သံယောဇဉ်မေတ္တာနှင့် စပ်လျဉ်း၍ “သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်” တွင် “ပုတ္တိမာ = သားသမီးရှိကြသောသူတို့သည်၊ ပုတ္တမိ = သားသမီးတို့ဖြင့်၊ သောစတိ = စိုးရိမ်ပူပန်တတ်ကြ၏” ဟု ဖွင့်ဆိုထားပါသည်။ လူငယ်လူရွယ်တို့၏ သဘောသဘာဝသည် ရုပ်သေးရုပ်များနှင့် တူလွန်းလှသည်။ ကြိုးဆွဲရာသို့ လိုက်ပါကတတ်ကြသူများပင်တည်း။ လျော့လွန်းလျှင်ပတ်၍ တင်းလွန်းလျှင်လည်း ပြတ်တတ်ပါသည်။

မိဘတိုင်းသည် သာသမီးရတနာကို သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ပမာ သားကောင်းသမီးမွန် ဖြစ်စေချင်ကြသည်ချည်းဖြစ်ရာ နောက်ဆုံးမှန်းချက်နှင့် နှမ်းထွက်မကိုက်သည့်တိုင်အောင် တောင်းစုတ်ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုးသမီးဆိုးတို့ကို ပစ်ပယ်ရိုးထုံးစံ မရှိနိုင်ဟူသော ဆိုရိုးစကားနှင့်အညီ သားဆိုးအမေ တတေတေ ဘဝဖြင့် သားသမီးကို သာမက သားသမီးက ထပ်မံမွေးဖွားလာသည့် မြေးအထိ ဖြစ်နိုင်လျှင် တီ၊ ကျွတ်အထိ ပုတီးကိုချ မြေးကိုမသည်အထိ အချစ်သံယောဇဉ်မကုန်နိုင်ကြပေ၊ ထို့ကြောင့် သားသမီးများဖြစ်ကြသည့် လူငယ်လူရွယ် မောင်မယ်တို့ကလည်း ငယ်သော်သား၊ ကြီးသော်ကျား၊ ငယ်သော်သမီး၊ ကြီးသော်မီး မဖြစ်ကြရအောင် သားလိမ္မာ၊ သမီးလိမ္မာများအဖြစ် နေထိုင်ပြုမူ ကြစေလိုပါသည်။ အလိုလိုက်၍ အမိုက်မစော်ကားမိကြစေရန်လည်း သတိထား၍ အသိတရားဖြင့် ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

တကယ်တော့ မိဘရှင်တိုင်းသည် မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာတို့ကို ဆင်စီး၍ မြင်းရံစေချင်ကြသည်သာ၊ ဆင်နင်း၍ မြင်းကန်ခံရမည့် အဖြစ်ဆိုးမျိုးကို လုံးဝမလိုလားကြပါ။ ဘဝဥယျာဉ်မှူးများနှင့်တူသည့် မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ပန်းကောင်းတစ်ပွင့် သီးကောင်းတစ်ခိုင်၊ သစ်ကောင်းတစ်ပင်ပမာ ဖြစ်စေချင်ကြသည်။ ပညာရဲရင့် ပွဲလယ်တင့်စေချင်ကြသည်။ ကျောင်းနေပျော်၍ စာတော်စေချင်ကြသည်။ တော်လည်းတော် ကောင်းလည်းကောင်းမည့် လူကောင်းလူတော် လူရည်ချွန်လူရည်မွန်များ ဖြစ်စေချင်ကြသည်မှာ မိဘတိုင်း၏ အဓိကနှလုံးသားမွန်များပင်ဖြစ်ကြသည်။

ကမ္ဘာကျော် မြန်မာစစ်သူကြီး မဟာဗန္ဓုလ၏ သားဖြစ်သူ “မင်းလှမဟာ မင်းခေါင်ရာဇာ” သည် အမျိုးသားရေးသစ္စာဖောက်ကာ သူခိုးကို ခေါင်းရိုးကမ်းခဲ့သည့် လုပ်ရပ်ဆိုးကြောင့် အာဇာနည်စစ်သူကြီး မဟာဗန္ဓုလ၏ ဂုဏ်သိက္ခာကျဆင်းခဲ့ရသည့် သမိုင်းဝင်သာဓကတစ်ခု ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ပေါ်ပေါက်ခဲ့ရသည်။

၁၈၅၂ ခုနှစ်တွင် ပုဂံမင်းလက်ထက်၌ မြန်မာနှင့် အင်္ဂလိပ်နယ်ချဲ့တို့ ဒုတိယအကြိမ် စစ်ပွဲဖြစ်ပွားခဲ့ရာ ပုဂံမင်းသည် စစ်သူကြီးမဟာဗန္ဓုလ၏ သားတော်ဖြစ်သူ မင်းလှမဟာ မင်းခေါင်ရာဇာ ဘွဲ့ခံသုံးဆယ်ဝန်ကြီးကို ခေါ်ယူ၍ လက်နက်ကိုင်စစ်သည်တော် ၂၀၀၀၀ ခန့်နှင့် နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ခိုက်ရန် ရန်ကုန်မြို့သို့ စေလွှတ်ခဲ့သည်။

*စာမျက်နှာ ၂၁ သို့*

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မိုးရာသီပြောင်းချိုစိုက်ပျိုးပွဲသို့ တက်ရောက်

**ဘားအံ ဇွန် ၄**
ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာအုပ်စုရှိ တောင်သူ နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်နေသော ကမော့ကပို မျိုးသန့်ခြံတွင် ဇွန် ၁ ရက်က ၂၀၂၁ ခုနှစ် မိုးရာသီပြောင်းချို စိုက်ပျိုးပွဲကို ကျင်းပရာ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကမော့ကပို မျိုးသန့်ခြံတွင် Green House ဖြင့် စိုက်ပျိုးထားသည့် ပဲတိုင်ထောင် စိုက်ခင်း၊ စင်ဖြင့်စိုက်ပျိုးထားသည့် ရွှေဖရုံ(မြန်မာမျိုး)၊ ရွှေဖရုံ (ထိုင်းမျိုး)စိုက်ခင်း၊ ဘူး(ထိုင်းမျိုး) စိုက်ခင်း၊ ပြောင်းချိုစိုက်ခင်း၊ အိတ်ဖြင့်စိုက်ပျိုးထားသည့် ချင်း၊ နနွင်းစိုက်ခင်း၊ ကန်စွန်း၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာစိုက်ခင်း၊ ပိုးစာ၊ ငရုတ် စိုက်ခင်းများကို ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသန်းထိုက်က စိုက်ပျိုးထားသည့် သီးနှံများ၊ စိုက်ခင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ၂၀၂၁ ခုနှစ် မိုးရာသီ ပြောင်းချိုစိုက်ပျိုးပွဲကို ကျင်းပရာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသော ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြောင်းစိုက်တောင်သူများအား ပြောင်းချိုမျိုးစေ့များ ထောက်ပံ့ဖြန့်ဝေပေးခဲ့ပြီး တောင်သူများနှင့်အတူ ပြောင်းချိုမျိုးစေ့များကို စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ရွှေ့လျား သီးနှံကာကွယ်ရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲတို့မှ တောင်သူအသိပညာပေး ခင်းကျင်းပြသထားသော သဘာဝ မြေသြဇာများ၊ မျိုးစေ့များနှင့် မြေဆီလွှာ ဓာတ်ခွဲကိရိယာများ



နှင့် မြေအမျိုးအစားတို့ကို ကြည့်ရှုပြီး ပိုးမွေးမြူရေး လုပ်ငန်း၊ ပိုးကောင်ကြီးအဆင့် ပိုးမွေးရုံတွင် မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

ကမော့ကပို မျိုးသန့်ခြံသည် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အရည်အသွေးကောင်းသည့် သီးနှံများ အထွက်တိုးလာစေရန်၊ သဘာဝမြေသြဇာများနှင့် ဓာတ်မြေသြဇာများကို မှန်ကန်စွာ ထည့်သွင်းအသုံးပြုတတ်လာစေရန်၊ ဘက်စုံပိုးမွှား ကာကွယ်ရေး နည်းစနစ်ကို ထိရောက်စွာ အသုံးချတတ်လာစေရန်၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ သီးနှံ သစ်တောရောနှော စိုက်ခင်း ထူထောင် စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ ဈေးကွက်ဝင် သီးနှံများကို စီးပွားဖြစ်စိုက်ခင်းများ ထူထောင်စိုက်ပျိုးလာနိုင်စေရန်၊ ပိုးမွေးမြူရေးလုပ်ငန်းမှ အလုပ်အကိုင် အခွင့်အလမ်းနှင့် တစ်ဦးချင်း ဝင်ငွေတိုးတက်လာစေရန်ရည်ရွယ်၍ ဒေသခံ တောင်သူများ လိုက်နာစိုက်ပျိုးနိုင်ရန် အသိပညာပေး နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ်၌ မိုးရာသီလူထုဖြန့်ဝေ စိုက်ပျိုးရန်အတွက် ပျိုးပင်များ ပျိုးထောင်ထားရှိ

**တောင်တွင်းကြီး ဇွန် ၄**
မကွေး တိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာန အနေဖြင့် မိုးရာသီလူထုဖြန့်ဝေ စိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း ၅၁၄၀၀ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

"သစ်တောဦးစီးဌာန အနေနဲ့ ပျိုးဥယျာဉ်ငါးခုမှာ သီးပင်စားပင်၊ အရိပ်ရပင်၊ ပန်းအလှပင်နဲ့ စက်မှုကုန်ကြမ်းပင်တွေကို ကုက္ကိုခွပျိုး ဥယျာဉ်၊ ညောင်မှော်ပျိုးဥယျာဉ်၊ ငမင်ပျိုးဥယျာဉ်၊ ကိုးတင်းကျပျိုးဥယျာဉ်၊ ဘော့ပျိုးဥယျာဉ်မှာ ပျိုးထောင်ထားရှိပြီး ပြည်သူလူထု လက်ဝယ်အရောက် ဖြန့်ဝေပေးမှာပါ" ဟု မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးပြည့်ဖြိုးအောင်က ပြောသည်။

၀၈၅

*စာမျက်နှာ ၂၀ မှ*

မင်းလှမဟာမင်းခေါင်သည် အမျိုးသားရေး သစ္စာကို ဖောက်ဖျက်၍ မြန်မာဘုရင်အား ကျေးဇူးကန်းကာ တိုင်းတစ်ပါးသား နယ်ချဲ့ဖြိတ်သျှတို့ လက်အောက်သို့ ခိုလှုံသွားခဲ့သည်။ ထိုအခါ အင်္ဂလိပ်တပ်ဖွဲ့တပ်မှူးက မင်းလှမင်းခေါင်ရာဇာအား ခေါ်ယူစစ်ဆေးခဲ့ရာ စစ်သူကြီး မဟာဗန္ဓုလ၏ သားအရင်းဖြစ်မှန်းသိသွားခဲ့ကြသောအခါ "ကျေးဇူးရှင် မြန်မာဘုရင်၏ ဂုဏ်ကျေးဇူးနှင့် သူကောင်းပြုထားတာကို လုံးဝမထောက်ထားဘဲ တိုင်းတစ်ပါးသား လူမျိုးခြားလက်အောက်သို့ သူရဲဘောကြောင်စွာ ဝင်ရောက်လာသည်။ မိဘဂုဏ်၊ ဆွေဂုဏ်၊ မျိုးဂုဏ်၊ အမျိုးဘာသာ သာသနာဂုဏ်တို့ကို ဖျက်ဆီးချေဖျက်ရာ မရောက်ပါသလော၊ အမျိုးသားရေး သစ္စာဖောက်ဖျက်၍ တိုင်းတစ်ပါးလက်အောက်သို့ အညံ့ခံဝင်ရောက်လာသူဖြစ်၍ မျိုးချစ်သူရဲကောင်း စစ်သူကြီး မဟာဗန္ဓုလ၏သား မဟုတ်သလို ဖြစ်နေသည်။

သင်၏ဖခင် ဓနုဖြူခံတပ်၌ ကျဆုံးခဲ့ရခြင်းမှာ သင်ကဲ့သို့ အမျိုးသားသစ္စာဖောက်များကြောင့်သာ ကျဆုံးသွားခဲ့ရခြင်းပင်ဖြစ်သည်။ ထိုစဉ်က သင်၏ဖခင် စစ်သူကြီးမဟာဗန္ဓုလသည် ဓနုဖြူခံတပ်မှနေ၍ ကျွန်ုပ်တို့ အင်္ဂလိပ်တပ်များကို အပြင်းအထန် တိုက်ခိုက်ခဲ့စဉ် သင်၏ ဖခင်ဘက်မှ သီဟဒေါင်နှင့် သီဟရဲတင်ခေါ် တပ်သားနှစ်ဦးကို ကျွန်ုပ်တို့က ဖမ်းဆီးမိခဲ့ရာ သူတို့နှစ်ဦးကပင် သစ္စာဖောက်၍ သင်၏ ဖခင်ရှိရာနေရာသို့ လမ်းညွှန်ပြခဲ့ကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ဘက်က နေရာအတိအကျ မှန်းဆပစ်နိုင်သဖြင့် သင်၏ဖခင် ကျဆုံးသွားခဲ့ရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သင်ကဲ့သို့ သစ္စာဖောက်ဖျက်တတ်သူမျိုးကို ကျွန်ုပ်တို့လုံးဝလက်မခံနိုင်ပါ" ဟု ပြောဆိုပြစ်တင်ရှုတ်ချကာ ပြည်မြို့သို့ နယ်နှင်ဒဏ်ပေး၍ ပို့ထားလိုက်တော့သည်။

ဤသမိုင်းဝင်ဖြစ်ရပ်မှန်သာဓကကို ကြည့်ခြင်းအားဖြင့် ပျိုမျစ်နုနယ် လူငယ်လူရွယ် မောင်မယ်များအနေဖြင့် မိမိကိုယ်မိမိ သူခိုးကိုစားရိုးကမ်းပေးသည့် အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးဘဝဆိုးသို့ မရောက်အောင် သင်ခန်းစာထုတ်ယူနိုင်ကြပြီး သားဆိုးသမီးဆိုးဘဝဖြင့် မိဂုဏ်ဖဂုဏ်ညှိုးမှိန်ထိခိုက်ရသည့် အဖြစ်ဆိုးမျိုးသို့ မရောက်ရအောင် အသိနှင့် သတိတရားကို လက်ကိုင်ထား၍ ဆင်ခြင်နိုင်ကြဖို့လိုပါသည်။

ကိုယ့်မိ ကိုယ့်ဖ၊ အိုမင်းကြလည်း၊ စိတ္တသုခ၊ ကာယသုခ ပြည့်ဝစေဖို့၊ စောင့်ရှောက်စို့

စာရေးသူတို့၏ မြန်မာ့လူ့အဖွဲ့အစည်းတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြသော သားသမီးအများစုတို့သည် အနန္တကျေးဇူးရှင်မိခင်နှင့် ဖခင်တို့နှင့်စပ်လျဉ်း၍ သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားဟောကြား လမ်းညွှန်တော်မူထားခဲ့သည်။ သိင်္ဂါလောဝါဒသုတ် ဒေသနာတော်အရ သားသမီးကျင့်ဝတ်ငါးပါးဖြစ်သော –

(၁) မိခင်နှင့် ဖခင် ကျေးဇူးရှင် မိဘနှစ်ပါးကို ထောက်ပံ့ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း၊

(၂) မိဘတို့၏ ပြုလုပ်ဆောင်ရွက်ဖွယ် အလုပ်ကိစ္စများကို ကူညီဆောင်ရွက်ပေးခြင်း၊

(၃) မိဂုဏ်၊ ဘဂုဏ်၊ ဇာတိဂုဏ်၊ မျိုးရိုးဂုဏ်တို့ကို မတိမ်ကော မပျက်စီးအောင် စောင့်စည်းထိန်းသိမ်းခြင်း၊ (တိုင်းတစ်ပါး နိုင်ငံခြားသူ၊ နိုင်ငံခြားသားများနှင့် အိမ်ထောင်ပြုခြင်းမှ ရှောင်ကြဉ်ခြင်း)၊

(၄) မိဘတို့၏ အမွေအနှစ်များကို ခံယူစံစားထိုက်အောင်ကောင်းမွန်စွာ ပြုမူကျင့်ကြံဆောင်ရွက်ခြင်း၊

(၅) မိဘနှစ်ပါး ကွယ်လွန်သွားသောအခါတွင်လည်း သူတို့နှစ်ဦးစလုံးအတွက် ရည်မှန်း၍ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ဖြင့် အခါမလပ် အမျှပေးဝေခြင်း

ဟူသော သားသမီးကျင့်ဝတ်ငါးပါးကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကျေးဇူးဆပ်ကြရပါမည်။

ဤသားသမီးကျင့်ဝတ် ငါးပါးကို မှတ်သားလိုက်နာ ဆောင်ရွက်ရန် လွယ်ကူစိမ့်သောငှာ ကျေးဇူးရှင် သင်္ဂဇာဆရာတော်ဘုရားကြီးက "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သား/သမီးတို့တာ" ဟု လင်္ကာဖြင့် စပ်ဆိုလမ်းညွှန်ထားတော်မူခဲ့ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် သားသမီးကျင့်ဝတ် ငါးပါးကို သားကောင်းသမီးမွန်တိုင်း ဦးထိပ်ပန်ဆင်၍ အမြဲလိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိကြပါသည်။ အနန္တော အနန္တငါးပါးတွင် ဘုရား၊ တရား၊ သံဃာတော်တို့အပြင် မိဘများနှင့် ဆရာဆရာမများ ပါဝင်နေကြသဖြင့် နေ့စဉ်ဘုရားရှိခိုးတိုင်းလည်း ကျေးဇူးသိရာရောက်ပါသည်။ မြန်မာ့ဓလေ့အရ ဝါလကင်းလွတ် သီတင်းကျွတ် ရောက်သည့်အခါတိုင်း ကျေးဇူးရှင်မိခင်၊ ဖခင်၊ ဆရာ၊ ဆရာမများ၊ ဘိုးဘွားများ၊ လူကြီးသူမများကို ကန်တော့နေကြဖြစ်၍ မိဘများနေ့ဟူ၍ပင် သီးသန့်သတ်မှတ်စရာ မလိုအောင် ဂါရဝတရား၊ နိဝါတတရားများ ထားရှိကြပါသည်။

အချုပ်ဆိုပါလျှင် အနန္တကျေးဇူးရှင် မြတ်ဗုဒ္ဓသခင်၏ "မိ,ကိုယာက၊ ဖ,ကိုလက်ဝဲ၊ ကိုင်စွဲချီလျက်၊ ပခုံးလက်ဝယ်၊ အသက်ဆုံးအောင်၊ မြတ်နိုးဆောင်၍၊ အခေါင်အဖျား၊ လုပ်ကျွေးငြားလည်း၊ မွေးဖွားပိုက်ကျူး၊ ရှေးတင်ဖူးသည့်၊ ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်" ဟူသော ဒေသနာတော်နှင့်အညီ မြင့်မိုရ်တောင်ဦး မကကျူးသည့်၊ မိဘတို့၏ ဂုဏ်ကျေးဇူးအရပ်ရပ်ကို မကျေမဆပ်နိုင်စေကာမူ အတတ်နိုင်ဆုံး အခါမလပ် ကျေးဇူးဆပ်နိုင်ကြပါစေဟု ဆန္ဒပြုရင်း ဆွေသဟာများအား စေတနာတရားဖြင့် အရေးထားလေးစားစွာ ရေးသားတိုက်တွန်းအပ်ပါသည်။

✻ **အမှန်ကိုမြင်၍ အမှားပြင်ရာတွင်လည်း ငယ်ရွယ်နုနယ်စဉ် အချိန်အခါတွင်သာ အသင့်လျော်ဆုံးဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်သွားခါမှ ပြုပြင်မည်ဆိုပါက ဝါးပင်ပမာ ကြီးလေကောက်လေ ဖြောင့်၍မရနိုင်လေ ဖြစ်ပေမည်။ သစ်ပင်တို့မည်သည် နုပျိုငယ်ရွယ်စဉ် အချိန်အတွင်းမှာပင် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့စိုက်ပျိုးရန် လွယ်ကူမှုရှိပြီး သစ်ပင်ရှင်သန်ရန် အခွင့်အရေးများစွာ ရှိပါသည်။ သစ်ပင်ကြီးလာလျှင် မြေကြီးထဲ၌ အခိုင်အမာ အမြစ်စွဲနေပြီဖြစ်၍ ပြောင်းရွှေ့စိုက်ပျိုးရန် မလွယ်ကူလှသလို သစ်ပင်ရှင်သန်ဖို့လည်း အခြေအနေပေးနိုင်မည် မဟုတ်ပေ**

**အကိုးအထောက်**

**၁။ ပရိတ်ကြီးနိဿယသစ် (သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ) သာသနာရေးဦးစီးဌာန**
**၂။ Global Day of Parents June.1, 2021 (un.org.com)**

# ပညာသာမက ကိုယ်ကျင့်သီလ(စာရိတ္တ)ကောင်းခြင်းသည်အဓိက

## မောင်သောမန

စာရိတ္တဟူသော ကိုယ်ကျင့်သီလတရားသည် လူတစ်ဦးစီအတွက် အသက်သွေးခဲဖြစ်ပါသည်။ လူအများ ကိုယ်ကျင့်သီလရှိခြင်း/မရှိခြင်း၊ အားနည်းခြင်း/အားများခြင်းတို့ အပေါ်မူတည်၍ မိမိ၏၊ လောက၏ ကောင်းကျိုး/ဆိုးကျိုးတို့ကို ဖြစ်ပေါ်နိုင်သည်။ လူတစ်ဦးချင်းစီကို အနောက်နိုင်ငံလောက၌ Personality, Character, Qualify စသည်ဖြင့် ပင်ကိုစရိုက်လက္ခဏာ၊ ထူးခြားသောအရည်အသွေး၊ ထူးခြားသော ဝိသေသလက္ခဏာ၊ အရည်အချင်း၊ ကျွမ်းကျင်မှုတို့အပေါ်မူတည်၍ အဆင့်အတန်းကို သတ်မှတ်ကြပါသည်။

### အလေးအနက်ထား

မြန်မာမှုနယ်ပယ်တွင်မူ လူတစ်ယောက်နှင့် ပတ်သက်သည့် အင်္ဂါရပ်သည် ထို့ထက်ပင် ပိုမိုကျယ်ပြန့်ပါသေးသည်။ ပင်ကိုစရိုက်လက္ခဏာ၊ ပင်ကိုအရည်အသွေး၊ ဓလေ့စရိုက်၊ အဆင်းကြွန်အင်၊ ဥပဓိသမ္ပတ္တိ၊ အတွင်း အဇ္ဈတ္တ၊ အပြင်ဗဟိဒ္ဓ၊ ဗလ ငါးတန်၊ ဘုန်း၊ လက်ရုံး စသည်ဖြင့် နက်နဲကျယ်ဝန်းလှပါသည်။ အနှစ်ချုပ်မှာ ကိုယ်ကျင့်သီလ(စာရိတ္တ)သည် အဓိက ဖြစ်ပါသည်။ မည်သည့်လူတန်းစားမဆို ကိုယ်ကျင့်သီလ ကောင်းနေသရွေ့ လောကအလယ်တွင် စိတ်နှလုံးအေးချမ်းစွာ နေထိုင်နိုင်ကြပါသည်။ လူတို့သည် သာမန်အားဖြင့် ကိုယ်ကျင့်သီလနှင့် ပတ်သက်၍ နားလည်ကြပါသည်။ ထိုထက်ပိုသည့် လူ၏ အတွင်းသဘော၊ အပြင်သဘောတို့မှာ စိတ်ဝင်စားစရာ အလေးအနက်ထားစရာဖြစ်၍ အကဲခတ်ရှုမြင်ရပါသည်။

လူတစ်ဦးချင်းအနေဖြင့် ရုပ်ဆင်းအသွင်အပြင်လက္ခဏာတို့သာမက အနံ့အသက်၊ အငွေ့၊ ကိုယ်ရောင်ကိုယ်ဝါ အမျိုးမျိုးရှိတတ်ပါသည်။ အချို့လူတို့မှာ ရေမွှေးရနံ့ ဆွတ်ဖျန်းထားခြင်းမရှိဘဲ အနံ့အသက်ကင်းစင်သော၊ သင်းပျံ့သော အနံ့အသက်တစ်မျိုးမျိုးရှိသူတို့ကို တွေ့ရတတ်ပါသည်။ ကျန်းမာရေးကောင်းခြင်း၊ ကိုယ်ကျင့်သီလကောင်းခြင်းသဘောရှိပါသည်။ လူသည် အသက်အရွယ်အိုမင်းလာသည်နှင့်အမျှ ခန္ဓာကိုယ်မှ ညစ်နွမ်းသော အနံ့အသက်များ ထွက်လာတတ်ပါသည်။ မွေးကင်းစမှငယ်ရွယ်သော ကလေးသူငယ်များ၏ ခန္ဓာကိုယ်ရနံ့မှာ ချစ်ခင်နှစ်လိုဖွယ်ရာ သင်းပျံ့နေပါသည်။ ကလေးသူငယ်များမှာ အစားအသောက်၊ စိတ်အနေအထားတို့မှစ၍ ပြစ်မျိုးမှဲ့မထင် စင်ကြယ်နေသဖြင့် နှစ်လိုဖွယ်ရာဖြစ်ပါသည်။

### ဘဝကံအကျိုးပေး

အချို့လူတို့၏ ခန္ဓာကိုယ်အနံ့အသက်တို့မှာ ကိုယ်လက်သန့်စင်ပြီးသော်လည်း ချဉ်စူးစူးအနံ့မျိုး အမြဲရှိနေတတ်သည်။ လူသည် တရားတော်အရ အပုပ်ကောင်ကို အရုပ်ဆောင်ထားခြင်းသာဖြစ်သည်။ ခန္ဓာဗေဒအရ မသတီစရာကောင်းသည့် သွေး၊ ချွေး၊ အချွဲ၊ သလိပ်၊ ကလီစာ၊ သားတစ်အစိုင်အခဲများကို အပေါ်ယံအရေပြား ဖုံးအုပ်ထားခြင်းဖြစ်သည်။ ထိုအရေပြား ဖုံးထားသောခန္ဓာကို လှလှပပ အဝတ်တန်ဆာအုပ်ထား၍ ကြည့်ပျော်ရှုပျော်ဖြစ်နေခြင်းသာတည်း။ အပေါ်ယံ တစ်လွှာစီကို ခွာထုတ်လိုက်ပါက အားလုံးသည် စက်ဆုပ်ဖွယ်ရာ၊ ရွံရှာဖွယ်ရာသာဖြစ်ပါသည်။ သို့သော် ဘဝကံအကျိုးပေးအရသော်လည်းကောင်း၊ ကိုယ်ကျင့်သီလအရသော်လည်းကောင်း၊ မိမိပြုသော ဝစီကံအရသော်လည်းကောင်း အပြင်ဗဟိဒ္ဓ ခန္ဓာအိမ်ကြီးတွင် ကောင်းသောအဆင်းအနံ့၊ မကောင်းသော အဆင်းအနံ့ သက်ရောက်မှုတို့ဖြစ်ပေါ်လာ၏။

■ များသောအားဖြင့် အပြင်ဗဟိဒ္ဓကို သိနိုင်သော်လည်း အတွင်းအဇ္ဈတ္တစိတ်သဘောကို သိနိုင်ရန် ခဲယဉ်းသည်ဟု ဆိုကြပါသည်။ သို့သော် အဆင်းအင်္ဂါ၊ ဥပဓိရုပ်ကို အကဲခတ်ကြည့်လျှင် သိနိုင်ပါသည်။ "အတူနေက၊ သူ့သီလ၊ မုချသိနိုင်၏။ အတူပြောက၊ သူ့သီလ၊ မုချသိနိုင်၏။ ဘေးရန်ရှိသည့်၊ သူ့သတ္တိ၊ မှန်စွာသိနိုင်၏။ ဆွေးနွေးသည့်အခါ၊ သူ့ပညာ၊ မှန်စွာသိနိုင်၏"ဟု မြတ်ဗုဒ္ဓက ဌာနသုတ်တွင် ဟောကြားထားသည်။ လူ၏ အဆင်းအင်္ဂါကိုယ်နံ့ကို အကဲခတ်၍ ထိုသူနှင့် ကြာကြာနေကြည့်လျှင် သိနိုင်သည်။ လူတစ်ဦး၏ ဥပဓိရုပ်ဆိုသည်မှာ ရုပ်ဆင်း၊ အနံ့၊ အသံ၊ အပြောအဆို၊ အမူအရာ၊ စိတ်နေသဘောထား၊ ခံယူချက်၊ ကိုယ်ကျင့်သိက္ခာ၊ အမူအကျင့်၊ ဟန်ပန် စသည့်အသွင်သဏ္ဍာန်သဘော၊ အနှစ်သာရသဘော အားလုံးပါဝင်ပါသည်

ယေဘုယျအားဖြင့် အချို့လူတို့ ကိုယ်ခန္ဓာအနံ့အသက်မကောင်းခြင်းသည် အကျင့်စရိုက်ညံ့သည့်လက္ခဏာ။ အချို့လူတို့ အာခံတွင်း အနံ့မကောင်းခြင်း၊ အချို့ဆိုလျှင် ပုပ်စော်နံခြင်း (ဝမ်းချုပ်ခြင်းနှင့်မဆိုင် အမြဲဖြစ်နေသူ) သည် လိမ်ညာပြောဆိုခြင်း၊ သူတစ်ပါးပျက်စီးရာပျက်စီးကြောင်း ကုန်းတိုက်ပြောဆိုခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ လူပုဂ္ဂိုလ်တို့အား စော်ကားခြင်း၊ သင်းခွဲခြင်း၊ အပြစ်ပြောဆိုခြင်း၊ ဆဲဆိုခြင်း စသည့်မကောင်းသော ဝစီကံအကျိုးပေးများဖြစ်သည်။ ရေမချိုးဘဲ ကြာရှည်စွာနေသည့် လူတစ်ယောက်၏ အဝတ်အစားများသည် ချွေး၊ ကြေးညစ်ပေ၊ ဗက်တီးရီးယားပိုးမွှားများ ပေါက်ပွား၍ ဟောင်စော်နံသည့် အနံ့များထွက်တတ်သည်။ ပုံမှန်မဟုတ်သော သူရှူးတို့ထံမှ ထွက်သော အနံ့မျိုးတည်း။

### မကောင်းသည့်လက္ခဏာ

ဘိုးဘွားများ၏ ရိပ်သာသို့ရောက်လျှင် အနံ့တစ်မျိုးရတတ်သည်။ အိုမင်းသူတို့၏ အနံ့တစ်မျိုးဟုဆိုနိုင်သည်။ ယင်းမှာ သက်ကြီးရွယ်အိုတို့၏ သဘာဝအနံ့ဖြစ်သည်။ လူအိုအနံ့ထက် ကိုယ်ကျင့်သီလပျက်ယွင်းသူ၏ အနံ့သည် ပိုမိုပြင်းထန်ပါသည်။ ကိုယ်ကျင့်သီလပျက်သဖြင့် မကောင်းသောအနံ့များသာမက အပြစ်မကင်းသော ခံစားမှုအရ သိမ်ငယ်စိတ်လည်း ဖြစ်ရသည်။ လူသူကြားတွင် ညှိုးငယ်စွာနေရသည်။ မဟုတ်မမှန်ပြောဆိုသူသည် လူတောမတိုးဝံ့သကဲ့သို့ ဖြစ်သည်။ ဝစီကံ မဟုတ်မမှန်ပြောဆိုခြင်းကို လူရှေ့သူရှေ့တွင် မပြောဆိုဝံ့ချေ။ လူသူကွယ်ရာဖြစ်စေ၊ တစ်ဆင့်ခံဖြစ်စေ ပြောဆိုဝံ့ကြသည်။ မည်သည့်နည်းဖြင့် ပြောဆိုသည်ဖြစ်စေ "ဝစီဗေဒ ထိတိုင်းရှ" သဖြင့် မကောင်းသည့် လက္ခဏာများမှာ ထိုလူ့ခန္ဓာကိုယ်တွင် ပြတတ်သည်။

သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသည့် ဆရာတော်ကြီးများ ခန္ဓာဝန်ချပြီးတော်မူသော်လည်း အချိန်ကြာမြင့်စွာ အနံ့အသက်ကင်းစင်နေသည်ကို တွေ့ရတတ်ပါသည်။ ယင်းသည် အကျင့်၊ သီလ၊ သမာဓိ အားကောင်းသောကြောင့် ဖြစ်ပါသည်။ လူတွင် ဖြစ်ပေါ်တတ်သော အနံ့အသက်အပြင် ကိုယ်ရောင်ကိုယ်ဝါလည်း ရှိတတ်ပါသည်။ ယင်းကို "ဘုန်း"ဟုလည်း ခေါ်ဆိုပါသည်။ ယောကျ်ားမှာ ဘုန်း၊ လက်ရုံးဟုဆိုပါသည်။ ယောကျ်ားများတွင် ကိုယ်ကျင့်သီလ အနည်းအများရှိမှု အပေါ်မူတည်၍ ဘုန်းကံအရှိန်အဝါ ရှိတတ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် "ဘုန်း" ရှိသည်။ "ဘုန်း" နိမ့်သည်ဟု ဆိုကြပါသည်။ ဘုန်းကံရှိသော ယောကျ်ားများကို ဘုန်းကံနိမ့်အောင် မိန်းမထဘီတန်းအောက်သို့ဝင်အောင် မကောင်းကြံစည်ခဲ့ကြသည်ကို မကြာသေးမီက တွေ့ခဲ့ရပါသည်။

### ပုဂ္ဂိုလ်တစ်ဦးဘုန်းကံ

"ဘုန်း" ဟူသော စကားသည် ပါဠိဝေါဟာရ "ပုည" မှ ဆင်းသက်ရွေ့လျောလာသည်ဟု ပညာရှိတို့က ဆိုခဲ့ကြသည်။ "ပုံည ကုသလ"ဆိုသည်မှာ အတိတ်က ပြုခဲ့သည့် ကောင်းမှုကုသိုလ် ပြုလုပ်မှုများကို မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ အရှိန်အဟုန်ဖြင့် လိုက်ပါနေခြင်းဖြစ်သည်။ အတိတ်ဘဝ အရှိန်အဟုန်ကောင်းမှုကြောင့် ယောကျ်ားဘဝရကြသလို ဘုန်းကံအနည်းအများ ရှိကြပေသည်။ အတိတ်ဘဝ ကောင်းမှုကုသိုလ်နှင့် ယခုဘဝ သီလသမာဓိရှိလျှင်ရှိသလောက် ကိုယ်စောင့်နတ်များ၊ သမ္မာဒေဝ နတ်ကောင်း၊ နတ်မြတ်များက စောင့်ရှောက်သည့် သဘောရှိတတ်သည်။ လူအများမှာ သာမန်မျှသာဖြစ်သော်လည်း အချို့လူပုဂ္ဂိုလ်တို့မှာ ထူးထူးခြားခြား ကိုယ်ရောင်ကိုယ်ဝါရှိသလို ဘုန်းကံလည်း ရှိတတ်ပါသည်။ လူ၏ ဗဟိဒ္ဓသဏ္ဍာန် ကိုယ်ခန္ဓာအသွင်အပြင်အားဖြင့် ကြီးခြင်း၊ ငယ်ခြင်း၊ နိမ့်ခြင်း၊ မြင့်ခြင်း၊ မြင်ခြင်း၊ မမြင်ခြင်းအားရှိကြသည်။ ရှိသော်လည်း ပုဂ္ဂိုလ်တစ်ဦးဦးတွင် ဘုန်းကံ ရှိနေသည့်အားကို ဖြစ်စေနိုင်၏။

ထို့ကြောင့် လူတော့လူပါပဲ၊ လူချင်း မတူဟု ဆိုကြပါသည်။ လူရယ်လို့ဖြစ်လာသောအခါ အတိတ်ဘဝ ကုသိုလ်ကံနှင့် ယခုဘဝ အကျင့်သီလ အနည်းအများတို့ပေါ်တွင်မူတည်၍ ဘုန်းကံရှိသူ၊ ဘုန်းကံနည်းသူ၊ မရှိသူဟူ၍ မတူကွဲပြား ဖြစ်ကြရပါသည်။ လူတိုင်းသည် ဘုန်းကံရှိသူ၊ တန်ဖိုးရှိသူ၊ ကြီးပွားချမ်းသာသူ ဖြစ်ချင်ကြသူများချည်းသာတည်း။ ဖြစ်ချင်လျှင် အကျင့်+သီလများအောင် အားထုတ်ရမည်ဖြစ်သည်။ အကျင့်ဟူသည်မှာ ကောင်းသော ကိုယ်ကျင့်တရားများဖြစ်သည်။ သီလဟူသည်မှာ လောကုတ္တရာအရ ငါးပါးသီလကဲ့သို့ စောင့်ထိန်းခြင်းနှင့် လောကီအရ စိတ်ကောင်းထားခြင်းဖြစ်သည်။ အချို့မှာ အကျင့်စရိုက်ကောင်းသော်လည်း သီလသမာဓိမရှိပေ။ အကျင့်စရိုက်ရော သီလသမာဓိရော ကောင်းပါက ဆိုဖွယ်ရာမရှိချေ။

### အနှစ်သာရအားလုံး

များသောအားဖြင့် အပြင်ဗဟိဒ္ဓကို သိနိုင်သော်လည်း အတွင်းအဇ္ဈတ္တ စိတ်သဘောကို သိနိုင်ရန် ခဲယဉ်းသည်ဟု ဆိုကြပါသည်။ သို့သော် အဆင်းအင်္ဂါ၊ ဥပဓိရုပ်ကို အကဲခတ်ကြည့်လျှင် သိနိုင်ပါသည်။ "အတူနေက၊ သူ့သီလ၊ မုချသိနိုင်၏။ အတူပြောက၊ သူ့သီလ၊ မုချသိနိုင်၏။ ဘေးရန်ရှိသည့်၊ သူ့သတ္တိ၊ မှန်စွာသိနိုင်၏။ ဆွေးနွေးသည့်အခါ၊ သူ့ပညာ၊ မှန်စွာသိနိုင်၏"ဟု မြတ်ဗုဒ္ဓက ဌာနသုတ်တွင် ဟောကြားထားသည်။ လူ၏ အဆင်းအင်္ဂါကိုယ်နံ့ကို အကဲခတ်၍ ထိုသူနှင့် ကြာကြာနေကြည့်လျှင် သိနိုင်သည်။ လူတစ်ဦး၏ ဥပဓိရုပ်ဆိုသည်မှာ ရုပ်ဆင်း၊ အနံ့၊ အသံ၊ အပြောအဆို၊ အမူအရာ၊ စိတ်နေသဘောထား၊ ခံယူချက်၊ ကိုယ်ကျင့်သိက္ခာ၊ အမူအကျင့်၊ ဟန်ပန် စသည့် အသွင်သဏ္ဍာန်သဘော၊ အနှစ်သာရသဘော အားလုံးပါဝင်ပါသည်။

ဥပဓိသမ္ပတ္တိဆိုသည်မှာ လူတစ်ဦးအဖို့ ခြေ၊ လက်၊ မျက်စိ၊ ခန္ဓာကိုယ် သာမက ဦးနှောက်၊ နှလုံး ကောင်းစွာ ပြည့်စုံခြင်းသာမက အရည်အသွေး၊ အရည်အချင်း၊ မျိုးရိုးဇာတိ၊ တတ်မြောက်ကျွမ်းကျင်မှု၊ ဂုဏ်သိက္ခာပြည့်စုံမှုစသည့် အင်္ဂါရပ်မျိုးစုံတို့ ပေါင်းစည်းထားသော သဘောဖြစ်ပါသည်။ လူအမျိုးမျိုးရှိရာတွင် အချို့မှာ အမြင်ချို့တဲ့ကြသည်။

*စာမျက်နှာ ၂၃ သို့*

❐ ဆရာ ဆရာမဟူသည် သားသမီးများအား မိဘတို့ထက်ပင် ပြုစုပျိုးထောင်တတ်ပေသည်။ သင်ကြားပြသခြင်းပညာနှင့် အသက်မွေးမှုတို့ကို အချိန်ပြည့်ပေးထားသည်မှာ ဆရာ ဆရာမများဖြစ်ပါသည်။ ပညာသင်ခြင်းသည် ပညာတတ်စေရန်၊ ကိုယ်ကျင့်တရားကောင်းစေရန် ဘာသာရပ်များကို ခြံုလွှမ်းပေးခြင်း ဖြစ်သည်။ ကိုယ်ကျင့်တရား စာရိတ္တကောင်းမွန်မှသာ အများ၏ယုံကြည်မှုကို ခံယူနိုင်ပေသည်

# ရခိုင်ပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံ

**စစ်တွေ ဇွန် ၄**



ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လုပ်ဆောင်ရန် Power China Company၊ China Huaneng Company နှင့် ကျောက်ဖြူခရိုင်ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီတို့မှ တာဝန်ရှိသူများသည် ဇွန် ၃ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ဆောင်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်မည်ဆိုပါက လုပ်ဆောင်မည့်ဒေသများတွင် စိစစ်သေချာစွာလေ့လာပြီး ဒေသအတွက် အကျိုးရှိအောင် လုပ်ဆောင်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည့်ကိစ္စ ကျောက်ဖြူမြို့နယ်အတွင်း ပင်လယ်ရေငန်စပါးနှင့် ရေချိုစပါး အထူးအထွက်တိုး စမ်းသပ်စိုက်ပျိုးမည့်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

## ငဖဲမြို့နယ် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်)တွင် ကော်ဖီနှင့် အခြားအရိပ်ရပျိုးပင်ပေါင်း ၇၅၀၀၀ ကျော် ပျိုးထောင်ထားရှိ

**ငဖဲ ဇွန် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ – ရာသီ သီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်)သည် တောင်ပေါ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၂၀၂၁ ခုနှစ် မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးနိုင်ရန်အတွက် ကော်ဖီခြံပျိုးဥယျာဉ်တွင် ကော်ဖီနှင့်အခြား အရိပ်ရ ပျိုးပင်ပေါင်း ၇၅၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါ ပျိုးဥယျာဉ်တွင် ကော်ဖီပင် ၅၉၂၅၀၊ မျောက်ငိုပင် ၆၀၀၀၊ မက္ကဒေးမီးယားပင် ၄၀၀၀ နှင့် ထောပတ်ပင် ၆၀၀၀ ကို ပျိုးထောင်ထားရှိပြီး တောင်ပေါ်ဒေသ ကော်ဖီစိုက်တောင်သူများ မိုးအမီစိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်းနှင့် ယခင်နှစ်ကထက် ပိုမို၍ ပျိုးထောင်ထားရှိကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းထံမှ သိရသည်။

ငဖဲမြို့နယ် တောင်ပေါ်ဒေသ (နတ်ရေကန်)တွင် ၂၀၀၂ ခုနှစ်မှ စတင်၍ အာရေဗီးကား ကော်ဖီမျိုးကို စတင်စိုက်ပျိုးရာ ယခုအထိ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧက ၄၀ နှင့် ပုဂ္ဂလိကတောင်သူ စိုက်ဧက ၁၀၀၁ ဧက စိုက်ပျိုးကြကြောင်း သိရသည်။

**မယု(ငဖဲ)**

*စာမျက်နှာ ၂၂ မှ*

အချို့မှာ အကြားအာရုံ ချို့တဲ့ကြသည်။ အလားတူပင် တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်စွမ်း မရှိခြင်းသည်လည်း ဦးနှောက်ရှိသည့်တိုင် ဉာဏ်ရည်ဉာဏ်သွေးမရှိ၍ အသုံးမချနိုင်ခြင်းဖြစ်သည်။ လူ၏ အရည်အသွေး ချို့တဲ့ခြင်းသည် မျိုးရိုး၊ ပညာ၊ အသက်အရွယ်၊ အတွေ့အကြုံတို့နှင့် မသက်ဆိုင်လှပေ။ ၎င်း၏ အမူအကျင့် ဥပမိသမ္ဘတ္တိ မပြည့်စုံခြင်းဟု ဆိုနိုင်ပေသည်။

### ပညာအင်္ဂါရပ်များ

ထို့ကြောင့် အကျင့်သီလကောင်းမွန်ပြီး ထူးချွန်ထက်မြက်သော အမျိုးကောင်းသားတစ်ယောက်ဖြစ်စေရန်အတွက် ကိုယ်ကျင့်သီလကောင်းရန်လိုအပ်သကဲ့သို့ ဥပမိသမ္ဘတ္တိမှ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းရန် လိုအပ်ပါသည်။ ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေရန်အတွက် ပျိုးထောင်ပေးရန် အကောင်းဆုံးနည်းလမ်းမှာ လူဖြစ်လာလျှင် အချိန်အခါအလိုက်၊ အသက်အရွယ်အလိုက် ပုံမှန်အားထုတ်အပ်သည့် ပညာသင်ကြားခြင်းပင်ဖြစ်သည်။ ပညာဆိုသည်မှာ လူတို့၏ လိုအပ်ချက်အတိုင်းယူရသော် (က)လက်ရုံးရည်၊ (ခ)ပညာရည်၊ (ဂ) နှလုံးရည် ဤသုံးပါး ပြည့်စုံခြင်းကို ဆိုလိုသည်ဟု အမျိုးသားပညာဝန် ဦးဖိုးကျားက ဆိုထားပါသည်။ လက်ရုံးရည်ဆိုသည်မှာ ကောင်းမွန်သောအငွေ့အသက်၊ အဆင်းအင်္ဂါများ ပိုင်ဆိုင်သည့် ကိုယ်လက်ကျန်းမာ တောင့်တင်းခိုင်မာသန်စွမ်းခြင်းဖြစ်သည်။

ဤတွင် အနာရောဂါကင်းရှင်း သန့်စင်ပြည့်ဖြိုး၊ ကျန်းမာခြင်းလည်း ပါဝင်သည်။ ပြေးလွှားခုန်ကစားကိုယ်ခံအားကောင်းခြင်းဖြစ်သည့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်း လျင်မြန်ခြင်းလည်း ပါဝင်သည်။ ပညာရည်ဆိုသည်မှာ သိပ္ပံ၊ ဝိဇ္ဇာ၊ ပျို့၊ ကဗျာ၊ လင်္ကာစသည့် လောကီ၊ လောကုတ္တရာ စာပေအတတ်ပညာတို့ကို တတ်မြောက်ခြင်းနှင့် နှုတ်မှု၊ လက်မှုစသည့် အသက်မွေးဝမ်းကျောင်းပညာတို့ကို လုံလောက်အောင် တတ်မြောက်ခြင်း ဖြစ်သည်။

နှလုံးရည်ဆိုသည်မှာ အကျင့်စာရိတ္တ၊ စိတ်ထားကောင်းမွန် မြင့်မြတ်ခြင်းကို ဆိုလိုသည်။ မကောင်းမှုမှန်သမျှကို မလိုလား၊ ရွံရှာခြင်း၊ ကောင်းမှုမှန်သမျှကို လိုလားနှစ်သက်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ဝတ္တရားကျေပွန်ခြင်း၊ မိမိနှင့်တကွ သူတစ်ပါးအကျိုးကျေးဇူးယုတ်သည်ကို မပြုမူဘဲ အကျိုးကျေးဇူးကိုသာ ပြုလိုခြင်း ဖြစ်သည်။ နှလုံးသားယဉ်ကျေး၍ သနားကရုဏာ မေတ္တာစိတ်များနှင့် ပြည့်စုံခြင်း၊ ရဲရင့်၊ စွန့်စား၊ ဖွဲကောင်းသည့်စိတ်များနှင့် ပြည့်စုံခြင်းကို ဆိုလိုသည်။

**❐ ပညာချွန်သော်လည်း ကိုယ့်တာဝန် ကိုယ်မကျေပွန်၊ ပညာကျေးဇူးကို မသိ၊ အလေးမထား။ ပညာချွန်သော်လည်း ကိုယ်ကျင့်တရားနှင့် သီလသမာဓိကို နားမလည်။ နားလည်လျှင်လည်း တန်ဖိုးမထား၊ ပစ်ပယ်။ မိမိဆန္ဒ၊ မိမိလိုအင်၊ မိမိမှန်သည်ထင်ရာအတွက် မည်သည့်အရာကိုမဆို လက်မခံ။ လက်မခံရုံသာမက ဖောက်ဖျက်။ ဖောက်ဖျက်ရုံသာမက ဖျက်ဆီးစသည်ဖြင့် ပညာရှိ လူမိုက်ကြီးများအဖြစ်ကို လေ့လာကြည့်လျှင် တွေ့နိုင်သည်။ အတ္တ၊ မာန၊ ဒေါသ၊ အာဃာတ၊ လောဘ လွှမ်းကဲလာလျှင် မည်မျှပင် တော်ပင်တော်သော်လည်း ကိုယ်ကျင့်သီလအရာတွင် အတော်ရှော်သည့်လူဟု ဆိုလေ့ရှိကြပါသည်။ လူတော်နိုင်ငံရေးသမားယုတ်မာလျှင် မည်မျှအန္တရာယ်ကြီးမားကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်သော ဂဠုန်ဦးစော၏ ဇာတ်ကြောင်းကို ကြည့်နိုင်ပေသည်**

### အများယုံကြည်မှုခံယူ

ထိုလိုအပ်သော အရည်အချင်းတို့ကို ပေးတတ်သော၊ ပေးနိုင်သော ပညာမျိုးကို မြန်မာနိုင်ငံတွင် များစွာလိုအပ်ပေရာ ထိုပညာအရည်အချင်းများကို ကျောင်းတွင် ပညာသင်ကြားခြင်းမှ အစပြုအပ်ပေသည်။ စာသင်ကျောင်းများသည် အခြေခံအကျဆုံး ပညာအမြုတေဖြစ်ပြီး မိဘတို့မှာ အဖက ဝမ်းစာရှာ၊ ယခုအခါ အမိကလည်း ဝမ်းစာသာမက အိမ်မှုကိစ္စများပါ လုပ်ရပေရာ ရင်ခွင်ပိုက်အရွယ်မှစ၍ လက်ဦးဆရာ ဆရာသမားများထံသို့ ပို့အပ်ရလေသည်။

ဆရာ ဆရာမဟူသည် သားသမီးများအား မိဘတို့ထက်ပင် ပြုစုပျိုးထောင် တတ်ပေသည်။ သင်ကြားပြသခြင်းပညာနှင့် အသက်မွေးမှုတို့ကို အချိန်ပြည့်ပေးထားသည်မှာ ဆရာ ဆရာမများ ဖြစ်ပါသည်။ ပညာသင်ခြင်းသည် ပညာတတ်စေရန်၊ ကိုယ်ကျင့်တရားကောင်းစေရန် ဘာသာရပ်များကို ခြုံလွှမ်းပေးခြင်းဖြစ်သည်။ ကိုယ်ကျင့်တရား စာရိတ္တကောင်းမွန်မှသာ အများ၏ယုံကြည်မှုကို ခံယူနိုင်ပေသည်။

လူတစ်ယောက်သည် ပညာတော်ရုံ၊ ပညာတစ်ဖက်ကမ်းခပ်ရုံမျှဖြင့် လောကကောင်းကျိုးကို မပြုနိုင်သည်ကို ဘုရားရှင်လက်ထက်က ရှင်ဒေဝဒတ်၊ တိတ္ထိဆရာကြီး ခြောက်ယောက်တို့သည် ပညာကို တစ်ဖက်ကမ်းခပ် တတ်ကြသော်လည်း အယူဝါဒလွဲမှားပြီး ဘုရားရှင်နှင့် ယှဉ်ပြိုင်၍ ဘုရားကြီး၊ ဘုရားငယ်ပြုလုပ်ကာ တပည့်များအား ဗာလလူမိုက် လမ်းမှားသို့ ပို့သည်ကို ကြည့်နိုင်သည်။ ထို့ကြောင့် လူတော်ရုံဖြင့် မလုံလောက်၊ လူကောင်းဖြစ်ဖို့ပါ အရေးကြီးသည်။ လူတော်သည် အတတ်ကြူးပြီး ဘီလူးဖြစ်တတ်သည်။ တော်သော်လည်း ချော်နေသူလည်းရှိသည်။ လူတော်သော်လည်း အတ္တမာနကြီးလျှင် လမ်းကြောင်းရွဲ့စောင်းသွားနိုင်ရာ ဥပမိရုပ်တွင်ပါ ပေါ်လာသော ပါးစပ်ရွဲ့စောင်းနေသည့် လူတော်တစ်ဦးကို တွေ့ဖူးပေလိမ့်မည်။ ပညာထူးချွန်သူတိုင်း အရာမရောက်နိုင်သည်မှာ လမ်းချော်နေ၍ ဖြစ်သည်။

### လူတော်ယုတ်မာလျှင်

ပညာချွန်သော်လည်း ကိုယ့်တာဝန် ကိုယ်မကျေပွန်၊ ပညာကျေးဇူးကိုမသိ၊ အလေးမထား။ ပညာချွန်သော်လည်း ကိုယ်ကျင့်တရားနှင့် သီလသမာဓိကို နားမလည်။ နားလည်လျှင်လည်း တန်ဖိုးမထား၊ ပစ်ပယ်။ မိမိဆန္ဒ၊ မိမိလိုအင်၊ မိမိမှန်သည်ထင်ရာအတွက် မည်သည့်အရာကိုမဆို လက်မခံ။ လက်မခံရုံသာမက ဖောက်ဖျက်။ ဖောက်ဖျက်ရုံ သာမက ဖျက်ဆီးစသည်ဖြင့် ပညာရှိလူမိုက်ကြီးများအဖြစ်ကို လေ့လာကြည့်လျှင် တွေ့နိုင်သည်။ အတ္တ၊ မာန၊ ဒေါသ၊ အာဃာတ၊ လောဘ လွှမ်းကဲလာလျှင် မည်မျှပင် တော်ပင်တော်သော်လည်း ကိုယ်ကျင့်သီလအရာတွင် အတော်ရှော်သည့်လူဟု ဆိုလေ့ရှိကြပါသည်။ လူတော်နိုင်ငံရေးသမားယုတ်မာလျှင် မည်မျှအန္တရာယ်ကြီးမားကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်သော ဂဠုန်ဦးစော၏ ဇာတ်ကြောင်းကို ကြည့်နိုင်ပေသည်။

ထို့ကြောင့် လူလည်းတော်၊ လူလည်းကောင်းဖို့ လိုပါသည်။ ယဉ်ကျေးသိမ်မွေ့သည့် နှလုံးသားပိုင်ရှင် လူတော်၊ လူကောင်းလေးများကို အခြေခံမှအစ ပြုစုပျိုးထောင်ပေးရာ ပတ်ဝန်းကျင်သည် ကျောင်းပရိဝုဏ် ဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာများ ပျိုးထောင်ပေးနေသူများသည် ဆရာ ဆရာမများ ဖြစ်သည်။ အနာဂတ်တွင် လူတော်၊ လူကောင်းဖြစ်အောင် ကြိုးစားအားထုတ်ကြမည့်သူများသည် ကျောင်းသား ကျောင်းသူလေးများ ဖြစ်သည်။ လူတော်ရုံဖြင့် မလုံလောက်ကိုယ်ကျင့်သီလကောင်းအောင်ပါ ပျိုးထောင်ပေးနေသည့် စာသင်ကျောင်းသည် မျိုးဆက်သစ်များအတွက် ဘူမိနက်သန် အောင်မြေမှန် ဖြစ်သည်။

သို့ဖြစ်၍ မျိုးဆက်သစ် လူငယ်လူရွယ်တိုင်း ကျောင်းတက်ရန် မပျက်ကွက်သင့်၊ ကျောင်းနေရန်မနှောင့်နှေးသင့်၊ အချိန်အခါ၊ အရွယ်အလိုက် အခါမလင့်၊ အခါသင့်အောင် ကြိုးစားအားထုတ်နေသည့် စာသင်ကျောင်းကို မဖျက်ဆီးသင့်။ ပညာတတ်ရုံမက ကိုယ်ကျင့်သီလကောင်းခြင်းသည် မိမိကောင်းကျိုး၊ လောကကောင်းကျိုးများကို ဆောင်ကြဉ်းနိုင်သည်ဖြစ်၍ မှန်မြတ်သောပညာကို မိမိတို့သားသမီးများ သင်ယူခြင်းဖြင့် ပြည်သူအားလုံး နှလုံးစိတ်ဝမ်း ချမ်းသာကြပါစေကြောင်း။ ။

# ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအပေါ် ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NLD ပါတီထောက်ခံသူ နိုင်ငံရေးအစွန်းရောက်သူတစ်ဦးက လူမဆန်သည့် ပြောဆိုခြိမ်းခြောက်မှုများ ပြုလုပ်

နေပြည်တော် ဇွန် ၄

**ကလေးသူငယ်တို့၏ ပညာတတ်မြောက်မှုအခွင့်အလမ်းသည် နိုင်ငံတော်၏ အနာဂတ်၊ မိဘများ၏ မျှော်လင့်ချက်ဖြစ်သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခက်အခဲများကြားမှ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစား၍ ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**



မျိုးရန်နောင်သိန်း

ထိုသို့ စီစဉ်ဆောင်ရွက်လျက်ရှိရာ NLD ပါတီကို ထောက်ခံသူ နိုင်ငံရေး အစွန်းရောက်သူများက ကျောင်းသား ကျောင်းသူများကို ပညာရည်တတ်မြောက်စေလိုမှုထက် ၎င်းတို့၏ ကိုယ်ကျိုးရာ နိုင်ငံရေးအတွက် အောက်လမ်းနည်းဖြင့် ခြိမ်းခြောက် အကျပ်ကိုင်မှုများကို ယုတ်မာစွာ ဆောင်ရွက်လာခဲ့ရာ မျိုးရန်နောင်သိန်းဆိုသူက အပြစ်ကင်းစင်ပြီး နုနယ်သေးသည့်ကျောင်းသား ကျောင်းသူ ကလေးသူငယ်များ၊ ကျောင်းသားမိဘများကို အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် လူမဆန်သည့် ပြောဆိုမှုများကို ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် တွေ့ရှိနိုင်သည်။

ထို့အပြင် ကျောင်းသား ကျောင်းသူများအား ယခုကဲ့သို့ ခြိမ်းခြောက်ပြောဆိုခဲ့မှုနှင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှုအပေါ် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ကလေးသူငယ်များ၏ ပညာရည်တိုးတက်မြင့်မားရေးကို လိုလားသည့် ပြည်သူများကလည်း မုန်းတီးရွံရှာ စက်ဆုပ်လျက်ရှိကြောင်း သိရှိရသည်။ NLD ပါတီကိုထောက်ခံသူ နိုင်ငံရေး အစွန်းရောက်သူများအနေဖြင့် ထိုကဲ့သို့ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပါအဝင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနိုင်မှုကို ထိခိုက်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခြင်း၊ နည်းမျိုးစုံဖြင့် အန္တရာယ်ပြုခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုကဲ့သို့ အကြမ်းဖက်ဆောင်ရွက်မှုများကို မလိုလားသည့် ကျောင်းသားမိဘများ၊ တာဝန်သိပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စာသင်ကျောင်းများ အေးချမ်းစွာ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေမည့် ပညာသင်ကြားမှုကို နှောင့်ယှက် ခြိမ်းခြောက်နေသူများ၊ ထိုကဲ့သို့ ခြိမ်းခြောက်နေသူများကို ငွေကြေးထောက်ပံ့မှုပေးခြင်း အပါအဝင် ထောက်ခံအားပေးလျက်ရှိသူများအား မိဘပြည်သူများအနေဖြင့် ဝိုင်းဝန်းရှုတ်ချကန့်ကွက်ခြင်း၊အကြမ်းဖက်ခြိမ်းခြောက်နေသူများ၏ သတင်းအား ရရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့ခြင်း၊ ပူးပေါင်းဖမ်းဆီးခြင်းများ ဆောင်ရွက်၍ မိမိတို့၏ ရင်သွေးငယ်များအား လုံခြုံမှုပြည့်ဝစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**



လင်း သရ
ပြောတာတော့ ဟုတ်ပါပြီဗျာ
ခင်များတို့က ကိုယ့် စကားအပေါ်
ဘယ်လောက် ခိုင်မာလည်း?
ဘယ်လောက်ထိ တာဝန်ယူနိုင်မှာလည်း?
ဆိုတာပဲ အရင်စဉ်းစားပြီးမှ......ပြောကြဆို[
ကပါ။
ပွင့်လင်းပြောရရင် ခင်များတို့က
ကိုယ်တိုင် မပါဝင်ရဲပဲနဲ့
ဖြစ်စလွယ် စကားတွေပြော
စာတွေထုတ်
ပို့စ်တွေတင်နေကြတာတွေကို
ပြန်ဆန်းစစ်ကြပါ။
ကျနော်တို့လဲအရေးတော်ပုံကြီး
အမြန်မအောင်ရင်ပါတယ်။
ဒါပေမဲ့ ခင်များတို့ပုံစံတွေက
ပေါ့ပေါ့တန်တန်တွေ မြင်နေရတယ်။
နိုင်ငံရေးဆိုတာ ရိုးသားမှန်ကန်တဲ့သူပဲ အနိ
င်ရလိမ်မယ်။
ရိုးသားမှန်ကန်တဲ့သူနောက်ပဲ
ပြည်သူက လိုက်လိမ့်မယ်။
ကျနော်တို့ ခင်များတို့ စံပြုရလောက်တဲ့
ဗိုလ်ချုပ်အောင်ဆန်း၊ မဟာတ္တမဂန္ဒီတို့ကို
အတုယူစမ်းပါဗျာ
3d



Han Min Nyi
လေလှိုင်းပေါ်က

စောက်ရူး

သူကျတော့အကာအကွယ်အပြည့်နဲ့

GZ တွေကိုကျတော့မြှောက်ပေးနေ

တယ် မင်းဝင့်လည်းမယ်
3d

Win Maung
ကြာလေယုတ်လေ ကြာယုတ်ကြီး
3d

အောင် မင်း ဗိုင်
ရုပ်နဲ့စိတ်နဲ့ကတစ်ထပ်တည်းပဲ
3d

MgKo Ko
ကျောင်းတွေကိုဗုံးခွဲဖျက်ဆီး
နေတာဘယ်သူဆိုတာဝန်ခံသွားတဲ့သခေ
ဘာပေါ့ခနော်



Kyaw Lin May
လူစင်စစ်ကနေ ခွေးစိတ်ပေါက်သွားတာ
လား
နိုင်ငံရေးနဲ့ ကလေးတွေပညာရေးကို ချန်းခေ
နတာက
ခေတ်အဆက်ဆက် ဘယ်သူပုန်မှ အဲလော
က် မယုတ်မာဘူးကွ
မင်းတောင် အဲဒီပညာရေးနဲ့သင်ပြီး RIT ပြီး
လာတာ မဟုတ်ဖူးလား
ရှုးချင် ထမင်းလွတ်ဟင်းလွတ်ရှူး
တပ်ကို မကျေနပ်လို့ မင်းသိပ်" ဇ " ရှိနေရင်
နပတကိုကြွ
ကက(ကြည်း) ကို အသေခံ ဗုံးသွားခွဲရည်
ခွေးပုန်း ဝက်ပုန်း ပုန်းနေပြီး လိုင်းပေါ်ကနေ
အာချောင်မနေနဲ့
ပြောတော့ စစ်တပ်မုန်းတာတဲ့
အကြမ်းဖက်နေတာကျ ကိုယ့်ပြည်သူအချင်း
ချင်း
ထမင်းစားပြီး ဦးနှောက်မဖြစ်တဲ့ကောင်
3d



ဦးမိုးမင်းဟန်
သူပုန်အစိုးရဖြစ်စေ သူခိုးအစိုးရဖြစ်စေ မ
ည်သည့်အစိုးရဖြစ်စေ မိမိတို့ ပြည်သူတွေ
ကျန်းမာရေး ပညာရေးက ရပိုင်ခွင့်ပါ မရလ
ည်းတောင်းရမှာပါ Diversity နားမလည်
Privacy ချိုးနေပါလား ဒီမိုကရေစီက ဒါလား
အလုံးစုံ ပျက်သုဉ်းရေးပဲ လုပ်နေကြပါလား
ဘယ်သူက အာဏာရူးနေတာလည်း ဘု
ရားဟောဒါတောင် ဒေဝဒတ် ဘက်က လူ
သားတွေပဲ လက်ထဲဗုံးကွဲတာတွေ လက်လု
ပ်မိုင်းတွေက စစ်တပ်က လုပ်တာလား ပြ
ည်သူအများ ကို အဆိပ်ကျွေးနေကြတယ် မ
ရှက်မကြောက် အပါယ်သွားကြကွာ မြေ
လးတယ်
3d

# ဖောက်ခွဲမှုကျူးလွန်သူများအား ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၄

**ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ပေါ်ရပ်ကွက်များ၏ ပေါက်ကွဲမှုဖြစ်စဉ်များမှ ကျူးလွန်သူများအား ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇွန် ၃ ရက်နံနက် ၉ နာရီခန့်က မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် ၁၁ လမ်းနေ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးနော်မိုင်လှကြည်၏ နေအိမ်ခြံစည်းရိုးထောင့်ရှိ အုတ်ရေမြောင်းပေါင်ပေါ်၌ မသင်္ကာဖွယ်အထုပ်တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ရပြီး ယခင်အကြမ်းဖက်ပစ္စည်းများနှင့် ဖမ်းဆီးရမိခဲ့သည့် တရားခံချစ်ကိုကို(ခ)ချစ်ကိုအား ဖမ်းဆီးစဉ် သိမ်းဆည်းရမိခဲ့သည့် မိုင်းပုံစံနှင့်တူညီနေသည့်အတွက် အသေးစိတ် ထပ်မံစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ချစ်ကိုကို(ခ)ချစ်ကို၏ ထွက်ဆိုချက်အရ ၎င်းအား လက်လုပ်မိုင်းများ ပြုလုပ်ပေးသူမှာ မြောင်းမြမြို့ အမှတ်(၅)ရပ်ကွက်နေ ဖိုးဒီ(ခ)သစ်လွင်သန့် (၃၀ နှစ်) ဂရုဏာရှင်ပရဟိတအသင်းဝင် သစ္စာဦးဆောက်လုပ်ရေး ကုမ္ပဏီဝန်ထမ်း (ဘ)ဦးကျင်အစ်နှင့် အခြားအမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း၊ ဖိုးဒီ(ခ)သစ်လွင်သန့်အား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်စဉ် မြောင်းမြမြို့ ညောင်ခြေထောက်ကျေးရွာနေ ဦးအင်ဟုတ်(၆၇ နှစ်) (ဘ)ဦးတင်မောင်(ခ) ပေါက်ချမ်း၏နေအိမ်၌ ရောက်ရှိပုန်းခိုနေကြောင်း သိရှိရသဖြင့် သွားရောက်ဖမ်းဆီးရာ ဇွန် ၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ဖိုးဒီ(ခ)သစ်လွင်သန့်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏အိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ဦးအင်ဟုတ်အား အကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ထပ်မံဖမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဇွန် ၃ ရက် နံနက် ၁၁ နာရီ ၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၉) ရပ်ကွက် မေတ္တာလမ်းနေ နေမျိုးအောင်(ခ)ဆံရှည်အား လက်လုပ်ဗုံး ၃၄ လုံး၊ ကီးပက်ဖုန်းရှစ်လုံး၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ညနေ ၅ နာရီခန့်တွင် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် အမှတ်(၂/၇၀)နေ မဇာ(ခ)တင်ဇာနွေး(၄၁နှစ်) (ဘ)ဦးဇော်ဆန်းနေအိမ်၌ လက်လုပ်သေနတ်တစ်လက်၊ M– 22 ကျည်အိမ်နှစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ည ၇ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စုအတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာဖွယ် အမျိုးသားနှစ်ဦး မောင်းနှင်ထွက်ပြေးသွားသည့် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကျန်ခဲ့သည့် အထုပ်အတွင်းမှ ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်ခြောက်တောင့်ပါ ကျည်အိမ်တစ်ခု၊ ကျည် ၁၇ တောင့်၊ စနစ်တံပါ လက်ပစ်ဗုံးတစ်လုံးတို့အားလည်းကောင်း၊ ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၁) ရပ်ကွက်နေ ချစ်မင်းထွေး(၃၀ နှစ်) (ဘ)ဦးမြင့်သိန်းပါ အမျိုးသားနှစ်ဦးနေထိုင်သည့် နေအိမ်အတွင်းမှ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ညောင်ပင်ကျေးရွာနေ ဇော်မျိုးထွန်း(ခ) အိတီ(၄၇နှစ်) (ဘ)ဦးထွန်းသိန်းအား အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဖောက်ခွဲမှုဖြစ်စဉ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်း ပြုလုပ်ပေးခဲ့သူများ၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်၊ ပစ္စည်းကိရိယာများ၊ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




မြောင်းမြမြို့ပေါ် ရပ်ကွက်များ၏ ပေါက်ကွဲမှုဖြစ်စဉ်များမှ ကျူးလွန်သူများအား ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိစဉ်။

# မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ငွေကျပ် သိန်း ၈၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ




နေပြည်တော် ဇွန် ၄

**မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ငွေကျပ် သိန်း ၈၀၀၀ ကျော်တန်ဖိုးရှိဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် မွန်းလွဲ ၃ နာရီခန့်က မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် လယ်ကြီးစစ်ဆေးရေးစခန်းတွင် မိုင်းလုံဘက်မှ မိုးကုတ်ဘက်သို့ အောင်အောင်(ခ) ကိုအောင်(၃၂ နှစ်) မောင်းနှင်လာသည့် SKAT မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေစစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၈၆၄၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၄ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာမှ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မော်တော်ယာဉ်တစ်စီးကို မီးရှို့ကာ ယာဉ်ပေါ်လိုက်ပါလာသူများအား ပစ်သတ်ခဲ့မှု ဖြစ်စဉ်နှင့် ပတ်သက်၍ မီဒီယာအချို့က မဟုတ်မမှန်လုပ်ကြံသတင်းများ ဖော်ပြနေမှုနှင့်ပတ်သက်၍ သတင်းအမှန်ထုတ်ပြန်ခြင်း

နေပြည်တော် ဇွန် ၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ မေ ၃၁ ရက် ညနေပိုင်းက အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ မော်တော်ယာဉ်တစ်စီးကိုမီးရှို့ကာ ယာဉ်ပေါ်လိုက်ပါလာသူများအား ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ဇွန် ၁ ရက်က သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ "ဂန့်ဂေါမှာ လျှာဖြတ်ပြီး မီးရှို့အသတ်ခံလိုက်ရတဲ့ ငါးဦးရဲ့ ဖြစ်စဉ်" ဟူသော ခေါင်းစဉ်ဖြင့် မီဒီယာအချို့နှင့် အကြမ်းဖက်ပြုလုပ်မှုများအပေါ် လှုံ့ဆော်အားပေးသူများက ပြည်သူလူထုအတွင်း အကြောက်တရားများ ပိုမိုဖြစ်ပေါ်လာစေရန် ရည်ရွယ်ကာ မြေပြင်ဖြစ်စဉ် အမှန်ထက် ပိုမိုလွန်ကျူးစွာ ရေးသားဖော်ပြခဲ့သည်ကို Facebook လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်အုပ်စုအနေဖြင့် ယာဉ်ပေါ်တွင်ပါရှိလာသူခြောက်ဦးအား သေနတ်ဖြင့် ပစ်သတ်ကာ ယာဉ်အတွင်းထည့်သွင်း၍ မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း ဖြစ်စဉ်မှ ဒဏ်ရာရရှိကာ အသက်ဘေးမှ လွတ်မြောက်ခဲ့သူ မသဲမာထွေး၏ ကိုယ်တိုင်ကြုံတွေ့ခဲ့မှုများကို ပြန်လည်ပြောပြရာမှ သိရှိခဲ့ရပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အများပြည်သူလူထုအနေဖြင့် မီဒီယာအချို့နှင့် အကြမ်းဖက်ပြုလုပ်မှုများအပေါ် လှုံ့ဆော်အားပေးသူများ၏ Facebook လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် လုပ်ကြံရေးသားနေမှုများကို အသိ၊ သတိဖြင့် ယှဉ်ကာ ချင့်ချိန်ဝေဖန်သုံးသပ်နိုင်ပါရန် အသိပေးသတင်း ထုတ်ပြန် အပ်ပါသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အကြမ်းဖက်သူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသားသုံးဦးသေဆုံး၊ ဆရာ ဆရာမ ငါးဦး ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၄

နိုင်ငံအတွင်းရှိ အနာဂတ်ရင်သွေးငယ်များအား အသိပညာ၊ အတတ်ပညာများ တိုးတက်စေရန်အတွက် အခြေခံပညာ ကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော်လည်း မသမာသူအကြမ်းဖက်သမားများက ၎င်းတို့၏ တစ်ပါတီ ကိုယ်ကျိုးစီးပွားအတွက် အကြမ်းဖက် တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

### ဒဏ်ရာများရရှိ

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ယနေ့မွန်းလွဲပိုင်းက ကျေးရွာမှ ဒေသခံပြည်သူခြောက်ဦး၊ ဆရာ ဆရာမငါးဦးတို့သည် ကျောင်းဝင်းအတွင်း အဆောက်အအုံဆောက်လုပ်ရန်အတွက် လှည့်လည်ကြည့်ရှုနေစဉ် ကျောင်းခြံစည်းရိုးအနီးရှိ ဝါးပုံပေါ်၌ ကြွပ်ကြွပ်အိတ်အနက်ရောင်တစ်လုံး တွေ့ရှိသဖြင့် ကျေးရွာနေ ဦးမျိုးဦးက ဆွဲယူကြည့်ရှုခဲ့ရာ မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ဦးမျိုးဦးနှင့် အနီးရှိ ဦးသန်းဝင်းတို့ နှစ်ဦးမှာ နေရာ၌ပင် သေဆုံးခဲ့ပြီး ဦးဇော်မိုးအောင်မှာ ပြင်းထန်ဒဏ်ရာရရှိခဲ့သဖြင့် နေအိမ်သို့ ပို့ဆောင် ဆေးကုသမှုခံယူနေစဉ် ထပ်မံသေဆုံးခဲ့ကာ ဆရာ ဆရာမငါးဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

### အကြမ်းဖက်ပြုမှု ဆောင်ရွက်

အဆိုပါ စမ်းကြီးကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်နေမှု အပေါ် အဖျက်အမှောင့်ဆောင်ရွက်လိုသူများက အကြမ်းဖက်အဖွဲ့အစည်းများ၏ အလေ့အထများအတိုင်း အကြမ်းဖက်ပြုမှု ဆောင်ရွက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူလူထုများ သေဆုံးခဲ့ရခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများအား ရှုံ့ရှာစက်ဆုပ်လျက်ရှိကြောင်း သိရှိရသည်။

သတင်းစဉ်

## မြိတ်နှင့် အမရပူရမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် ညနေ ၅ နာရီတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအနီးတွင် မဇင်မာစိုး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၇ ပြားကိုလည်းကောင်း၊ အလားတူ ဇွန် ၂ ရက် နံနက် ၁၀ က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် စက်ကွေ့ရပ်ကွက် ရန်ကုန်- မန္တလေး သွားကားလမ်းဟောင်းတွင် မနန်းထွေးထွေးခိုင် မောင်းနှင်ပြီး မအိရွှေစင်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ကိုးသိန်းအကွက်၊ ဦးပိုင်အမှတ် (၁၄၊ ၂၃-ခ၊ ၂၄)၊ ဧရိယာ ၀ဒသမ ၇၉၆ ဧကရှိ အစိုးရမြေအား ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အမည်ဖြင့် ဌာနဆိုင်ရာ မြေလွှဲမိန့် ခွင့်ပြုချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးမိတ်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ရွှေဂူနန်း(လှိုင်းဘွဲ့မြို့နယ်)တွင် ၂ ဒသမ ၂၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၈၀ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ သီပေါမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ဂန့်ဂေါမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)နှင့် မြစ်ဆုံ(မိုးမိတ်မြို့နယ်)တို့တွင် ၀ ဒသမ ၅၆ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

### ကန့်ကွက်နိုင်ပါကြောင်း


ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့် သဲကုန်းမြို့နယ်ရှိ အောက်ဖော်ပြပါ နေရာများတွင် မြေငှားဂရန်အမည်ပြောင်းနှင့် သက်တမ်း တိုးရရှိရေး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှား ဂရန်များခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်စန်းစန်းထွေး | ဒေါ်ခင်နု | ၁၆ င/မီနီ ဂေါက်ကွင်း | ၈ | ၀ဒသမ၁၂၁ | ခေတ္တရာ | ပြောင်း |
| ၂ | ဦးကျော်ခင်ထွန်း | ဦးအောင်သန်း | -/၂၉B ဆင်မြီးရွဲ မီးရထားမြို့မြေ အရှေ့ | ၂၄ | ၀ဒသမ၁၅၃ | အောင်ရတနာ | တိုး |

ကော်လီဂျွေဘ်အရာရှိ၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-စစ၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


ရေပန်းအကြီး


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၀၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုခမွှာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် စ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမွှာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## ICTTI／IMCEITS Advanced ICT Engineering
## သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် | လက်ခံမည့် သင်တန်းသား ဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Java Programming Course(DJP) | ၂၄ပတ် | ၂၆-၇-၂၀၂၂ | ၄၀ ဦး |
| (၂) | Professional Certificate in Android Programming Course | ၈ပတ် | ၂-၁၁-၂၀၂၂ | ၃၀ ဦး |
| (၃) | Advanced Web Development with Laravel Framework Course | ၉ပတ် | ၂၆-၇-၂၀၂၂ | ၃၂ ဦး |
| (၄) | Cisco Networking Academy Course(CCNA:Routing & Switching) | ၉ပတ် | ၂၆-၇-၂၀၂၂ | ၁၂ ဦး |

၂။ အမှတ်စဉ်(၁) သင်တန်းအတွက် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိ၏ပရိုဂရမ် စွမ်းရည်ကို အခြေခံ၍ Java programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၃။ အမှတ်စဉ်(၂)သင်တန်းအတွက် IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming Course (သို့မဟုတ်) Professional Diploma in Wireless and Mobile Computing Course သင်တန်းအောင်မြင်ပြီးသူ(သို့မဟုတ်) ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering Course သင်တန်းအောင်မြင်ပြီးသူများလျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၃) သင်တန်းအတွက် HTML နှင့် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၄) သင်တန်းအတွက် ICTTI သင်တန်းဌာနမှ Professional Diploma in Network Engineering Course သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၉:၀၀)နာရီမှ ညနေ (၄:၀၀)နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၇။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B.Tech(IT)/ B.Tech(EC)/ B.E(EC)/ B.E(IT)/ B.SC (Computer Science)/ M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/ M.E(IT)/ M.E(EC)/M.Sc(Computer Science)ဘွဲ့တစ်ခုခု ရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ITအထူးပြုဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် နိုင်ငံသားများဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုစာပါရှိရမည်။

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၈။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်တွင် ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

**နေ့ရက်** - ၂၅-၆-၂၀၂၂(သောကြာနေ့)

**အချိန်** - နံနက်(၁၀:၀၀)နာရီ

၉။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ကျောင်းသားရေးရာဌာနသို့ ၂၂-၆-၂၀၂၂ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၀။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်း၊ ဖုန်း ၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၅၂၅၄၂၊ ၀၁-၆၆၂၃၂၉တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/5195 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်-သပြေရေရွာ၊ တောင်ရွာလေးနေ ဦးသိန်းအောင်(ခ)ကျောက်လူစင်-ဒေါ်လောက်ဟွယ်တို့၏သား ဦးမိုးလွင် ၉/ခမစ(နိုင်)၀၇၃၉၃၁သည် မိဘနှင့် မောင်နှမသားချင်းတို့၏အပေါ်တွင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ)။

**(အဖ)ဦးသိန်းအောင်** — **(အမိ) ဒေါ်လောက်ဟွယ်**
**၁၃/ဟပတ(နိုင်)၀၁၂၂၆** — **၁၃/ကလအ(နိုင်)၀၀၄၀၈၈**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၈ စ/၄၁၀)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ ၀ ဒသမ ၁၈၃၅ဧကအကျယ်အဝန်းရှိ ဒေါ်ခင်စန်းမြင့်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ် တစ်ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိအမွေဆက်ခွင့်အရ ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးခင်သက်၏ သားသမီးများဖြစ်ကြသည့် ဒေါ်ယဉ်ချိုသက် ၉/မနမ(နိုင်)၀၆၆၉၉၀၊ ဦးအေးမင်းသက် ၉/ပကခ(နိုင်)၀၀၄၆၈၅၊ ဒေါ်မိုးမိုးသက် ၉/မနမ(နိုင်)၀၆၆၉၈၈၊ ဒေါ်ယဉ်ဝင်းသက် ၉/မနမ(နိုင်)၀၉၈၄၀၃၊ ဒေါ်ဝင်းနန္ဒာသက် ၉/မနမ(နိုင်)၁၁၁၀၃၄တို့မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ စ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၄၀)**
**အမှတ်(တ-၅/၄)၊ မြို့သစ်(၁)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၅၉၅၂၉**

## ဦးဝင်းထွဋ်အောင်နှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကျားတက်ရွာတွင် နေထိုင်သည့် ဦးဝင်းထွဋ်အောင်(ခ)ဦးဂျော်ကာ ၅/ဆလက(နိုင်)၀၃၃၄၀၂သည် ဇနီးဖြစ်သူ ဒေါ်အေးအေးဝင်း လက်မခံနိုင်သည့် အပြုအမူအိမ်ထောင်ရေးပြစ်မှုဖောက်ပြန်၍ နေအိမ်မှ ၂၉-၅-၂၀၂၂ရက်တွင် ၎င်းစိတ်ဆန္ဒအရ ထွက်သွားခဲ့ပြီးနောက် အဆိုပါ ၂၉-၅-၂၀၂၂ရက်မှစပြီး ဦးဝင်းထွဋ်အောင်(ခ)ဦးဂျော်ကာအား ဒေါ်အေးအေးဝင်းက လင်မယားအဖြစ်မှတရားဝင်ပြတ်စဲခဲ့ပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် ဇနီးဖြစ်သူ ဒေါ်အေးအေးဝင်းအနေဖြင့် ခင်ပွန်းဖြစ်သူ ဦးဝင်းထွဋ်အောင်(ခ)ဦးဂျော်ကာ၏ လူမှုရေးအရှုပ်အရှင်း၊ ငွေကြေးပြဿနာစသည်တို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးဝင်းထွဋ်အောင်(ခ)ဦးဂျော်ကာနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းဆက်သွယ်မေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်အေးအေးဝင်း ၅/ဆလက(နိုင်)၀၅၂၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်သူအောင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၆၅/၂၀၁၇)**
**ဖုန်း-၀၉-၄၀၂၆၅၇၇၆၄**

### ပျောက်ဆုံးကြောင်း

Aung JRC Co., Ltd., မှ သွင်းကုန်အမှတ် MWD Q ILV 1920 04632 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၀၃၇၆၄၄၄၀

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1178, Myanmar KYAW L/T (MKLT-01) P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်နိုင် ၅/ရဘန(နိုင်) ၁၄၈၁၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**တပ်ကုန်းမြို့နယ်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၂၀**

မအေးနှင်းကလျာခိုင် **နှင့်** ကိုကျော်မျိုးနိုင်
**တရားလို** **တရားပြိုင်**

တပ်ကုန်းမြို့နယ်၊ အလယ်ကျွန်းအုပ်စု၊ အလယ်ကျွန်းကျေးရွာနေ ကိုကျော်မျိုးနိုင် (ဘ)ဦးဝင်းရွှေ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဇွန် ၂၅ ရက် (၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေမျိုးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တပ်ကုန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် - ၇၀၈**

ဒေါ်နန်းခိုင်မာကြည်မြင့် **နှင့်** ဒေါ်နှင်းဝေလွင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၄၇x၄၈ လမ်းကြား၊ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ တိုက်အမှတ်(မမ-၁၅)၊ အခန်းအမှတ်(၂၀၂)နေ ဒေါ်နှင်းဝေလွင် (ဘ) ဦးကျော်လွင် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်အပ်နှံငွေကျပ်သိန်း(၁၅၀၀)တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဇွန် ၂၉ ရက် (၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းအောင်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ မြေကွက်အမှတ် (ပ-၁၀၈၀)၊ ဦးကျော်ရှိန် ၈/မလန(နိုင်) ၀၀၅၂၀၀ (ဘ)ဦးကျော်ရှင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးနိုင်ရဲဗိုလ် ၉/ကဆန(နိုင်)၁၃၀၅၉၉ (ဘ) ဦးအောင်ဗိုလ်မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၉/၂၀၂၁)တင်ပြ၍ ဒေါ်နီနီသန်း ၁၁/မဥန(နိုင်)၀၀၅၂၅၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိမ်ရောင်းမည်

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဿဖယားလမ်း၊ မြေပိုင်မြေအမည်ပေါက်၊ ခြံအကျယ် (၂၆x၆၈)ပေ အကျယ်ပေ(၂၀x၄၀) နှစ်ထပ်တိုက်အပေါ်လျှာထိုးခင်း၊ ရေ၊ မီးအစုံ ရောင်းဈေး ၂၆၅၀ သိန်း။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၉၉၀၇၅၊ ၀၉-၄၂၀၀၇၃၀၃၉**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းဌာနရှိ ၂၃၀ကေဗွီ မော်လမြိုင်-ရေး Diversion ဓာတ်အားလိုင်းအတွက် လိုအပ်သောတာဝါတိုင်များအား ထုတ်ယူရမည့်နေရာအသီးသီး မှ လုပ်ငန်းခွင်နေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက်(၁၈-၆-၂၀၂၂)ရက် (၁၄:၀၀)နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Covid-19ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## သောက်ရေသန့်အမည်နှင့် တံဆိပ်အမှတ်အသား မူပိုင်ခွင့်လျှောက်ခြင်းအပေါ်ကန့်ကွက်နိုင်ကြောင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ နယ်မြေ(၂)၊ ရွှေသံလွင်လမ်း၊ ပေါက်ပေါက်ဖူဆယ်ဘောလုံးကွင်းဘေးနေ ကျွန်တော် ဦးအောင်ကောင်းမြတ် ၁၃/လရန(နိုင်)၂၀၇၆၉၆သည် အောက်ဖော်ပြပါသောက်ရေသန့်အမည်နှင့် တံဆိပ်အမှတ်အသား မူပိုင်အဖြစ် အသုံးပြုရန်အတွက် လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်၂၀အတွင်း လားရှိုးမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကောင်းမြတ်**
**၁၃/လရန(နိုင်)၂၀၇၆၉၆**
**ရပ်ကွက်(၅)၊ လားရှိုးမြို့၊**
**ဖုန်း-၀၉-၂၂၀၀၉၉၆**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တာပကျေးရွာ ဦးသန်းရွှေ(ခ) ဦးသန်းဆွေ ၁၂/ကတန(နိုင်)၀၂၃၂၇၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းရွှေ(ခ)ဦးသန်းဆွေ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ခမောင်းတောကျေးရွာနေ မောင်ဇော်နိုင်လင်း၏ဖခင် ဦးသောကြာအောင်နှင့် ဦးခင်စောမောင် ၁၁/ပဏတ(နိုင်)၀၀၇၁၈၇ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ အထက(မြို့မ)၊ Grade-1 မှ မောင်သီဟကိုကို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ကိုကို ၉/အမရ(နိုင်)၀၈၈၉၇၃ ဖြစ်ပါကြောင်း။

**ဦးကျော်ကိုကို**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၆)၊ အကွက်အမှတ်(၃၄/စံကောင်းရပ်)၊ ဦးပိုင်(၆၄)၊ ဧရိယာ(၀ဒသမ ၁၆၂၈ဧက)၊ အမှုတွဲအမှတ် ၁၀၅၂-၅/၁၉၉၀-၁၉၉၁(အေ) ဖြင့် ဒေါ်တင်တင်မော် ၁၃/လရန(နိုင်)၀၆၉၉၂၅မှ နှစ်(၃၀)သက်တမ်း အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ၃၀-၁၁-၂၀၁၅ရက်တွင် အိမ်မြေကွက် မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်အမှတ် ၁၀၇I/၂၀၁၆ဖြင့် ဦးတင်ဆင့် ၁၃/လရန(နိုင်)၀၆၉၃၃၃၊ ဒေါ်ရောက်စန်း ၁၃/သနန(နိုင်)၀၀၁၇၇၅တို့အား မေတ္တာဖြင့်ပေးကမ်းခဲ့ပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ်လျှောက် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၂၀)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4913, Hino Ranger FC, Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်ဦး ၁၃/သနန(နိုင်)၀၂၆၅၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၂၁) သို့ တက်ရောက်အမှာစကားပြောကြား

## တောင်သူတစ်ဦးချင်းစီ၏ အကျိုးစီးပွားတိုးတက်ရေးအတွက် စပါးတစ်ဧက အထွက်တိုးရေးသည် အဓိကကျ မိမိတို့ နိုင်ငံအနေဖြင့် တစ်ဧကအထွက်တိုးရေးကို အလေးထားဆောင်ရွက်ကြရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့စုံညီအစည်းအဝေး (၁/၂၀၂၁)၌ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဇွန် ၄

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့စုံညီအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❍

# ပြည်သူသို့ အသိပေးပန်ကြား

ပြည်သူသို့ အသိပေးပန်ကြားခြင်း
၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

၁။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ လျှပ်စစ်မီးသုံးစွဲသူပြည်သူများနှင့် စက်မှုဇုန်များတွင် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားများ ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းအချို့ကို ပြောင်းလဲချိတ်ဆက်ခြင်းအား မြောင်းတကာ ဓာတ်အားခွဲရုံတွင် ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

၂။ ထိုသို့ ပြုပြင်ခြင်းများဆောင်ရွက်နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် (၅-၆-၂၀၂၁) ရက်နေ့ (၀၀:၀၀) နာရီမှ (၀၆:၀၀) နာရီအထိ မြောင်းတကာခွဲရုံတွင် ဓာတ်အားပိတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် (၁၂-၆-၂၀၂၁) ရက်နေ့တွင် ၂၃၀ ကေဗွီ မြောင်းတကာ-ကမာနတ် ဓာတ်အားလိုင်းကို (၀၆:၀၀) နာရီမှ (၁၇:၀၀)နာရီအထိ လည်းကောင်း၊ ၂၃၀ ကေဗွီ ရွှေတောင်-လှော်ကား ဓာတ်အားလိုင်းနှင့် ရွှေတောင်-မြောင်းတကာ ဓာတ်အားလိုင်းကို (၁၂-၆-၂၀၂၁) ရက်နေ့ (၀၆:၀၀)နာရီမှ (၁၃-၆-၂၀၂၁) ရက်နေ့ (၁၈:၀၀)နာရီအထိ အသီးသီးဓာတ်အားပိတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဓာတ်အားပိတ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာ၊ ရွှေလင်ပန်း၊ မှော်ဘီ၊ ဆိပ်ကြီးခနောင်တိုနှင့် ကွမ်းခြံကုန်းမြို့နယ်များတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်၊ ရေကြည်၊ ကျိုက်လတ်၊ ဖျာပုံနှင့် မအူပင်မြို့နယ်များတွင် လည်းကောင်း ခေတ္တဓာတ်အားပြတ်တောက်မည်ဖြစ်ပါ၍ ၎င်းဧရိယာများအတွင်း အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံ အသိပေးပန်ကြားအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ချယ်ဆီးနှင့် ၂၀၂၄ ခုနှစ်အထိ ရှိမည်ဖြစ်သော စာချုပ်သစ်ချုပ်ဆိုလိုက်သည့် နည်းပြ တူချယ်



ချယ်ဆီးနည်းပြ တူချယ်သည် စတန်းဖို့ဒ်ဘရစ်၌ ၂၀၂၄ ခုနှစ် နွေရာသီအထိ ရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် (၄၇ နှစ်) အရွယ်ရှိ တူချယ်သည် ချယ်ဆီးနည်းပြအဖြစ် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် နည်းပြလမ်းပတ်၏နေရာကို ကနဦး ၁၈ လစာချုပ်ဖြင့် ရောက်ရှိလာသူဖြစ်သည်။

၎င်းချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းကို ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၄) နေရာဖြင့် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သည်။ တူချယ်သည် ချယ်ဆီးအသင်းကို ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဖလားကို အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်မြောက်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။ ထို့ပြင် တူချယ်သည် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ချယ်ဆီးအသင်းကို ဗိုလ်လုပွဲသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ ✻

### ယနေ့ မာတိကာ


ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအပေါ် ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NLD ပါတီထောက်ခံသူ နိုင်ငံရေးအစွန်းရောက်သူ တစ်ဦးက လူမဆန်သည့် ပြောဆိုခြိမ်းခြောက်မှုများ ပြုလုပ် စာ ၂၄

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ငွေကျပ် သိန်း ၈၀၀၀ ကျော် တန်ဖိုးရှိဘိန်းဖြူများ ဖမ်းဆီးရမိ စာ ၂၅